www.burmeseclassic.com

# ကြိုးကြာတောင်ပံခတ်သံ



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# စာရေးသူ၏ ကိုယ်ရေးအကျဉ်း

အမည်ရင်းမှာ ဒေါက်တာရဲမြင့်ကျော် ဖြစ်သည်။

အဖ ဦးတင်ညွန့်၊ အမိ ဒေါ်မြရီတို့မှ ၁၉၆၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ရောဝတီတိုင်း၊ မြန်အောင်မြို့နယ်၊ မြို့မ တဲကြီးကုန်းကျေးရွာတွင် မွေးဖွားသည်။

ရန်ကုန်မြို့တွင် ကြီးပြင်းခဲ့ပြီး အ. ထ. က (၁)၊ လမ်းမတော်တွင် ပညာသင်ကြားခဲ့သည်။ ၁၉၇၉ ခုနှစ်တွင် အမှတ် (၂) ဒေသကောလိပ် ရန်ကုန်တိုင်းမှ 'ပုံနှိပ်ထုတ်ဝေရေး အတတ်ပညာ ဒီပလိုမာ' ရရှိခဲ့သည်။ ၁၉၈၀ မှ ၁၉၈၅ အတွင်း ဆေးတက္ကသိုလ် (၁) ရန်ကုန် နှစ်လည်မဂ္ဂဇင်း ကော်မတီ၏ တာဝန်ခံ စာတည်းအဖြစ် ဆောင်ရွက်ရင်း 'လက်ရည်ကျော်' အမည်ဖြင့် ဝတ္ထု၊ ကဗျာများ စတင်ရေးသားသည်။

၁၉၈၅ တွင် M.B,B.S. ဘွဲ့ရရှိပြီးနောက် ၁၉၈၆-၈၇ အတွင်း ဆေးသုတေသန ဦးစီးဌာနတွင် ကွင်းဆင်းသုတေသန အရာရှိ တာဝန် ထမ်းဆောင်သည်။ ၁၉၈၇ ခုနှစ်မှ ၁၉၉၀ အတွင်း 'ဗိုလ်' အဆင့်ဖြင့် တပ်မတော်တွင် ဆေးမှူးတာဝန် ထမ်းဆောင်ရင်း ရှမ်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ် ရှေ့တန်း စစ်မျက်နှာများတွင် အနေကြာခဲ့သည်။ ၁၉၉၀ တွင် အရပ်ဘက် တာဝန် ပြန်လည် ထမ်းဆောင်သည်။

၁၉၉၀ မှ ၁၉၉၁ ခုနှစ်အတွင်း သထုံမြို့နယ် ပြည်သူ့ဆေးရုံတွင် လက်ထောက် ဆရာဝန် တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၉၁ မှစ၍ ဘွဲ့လွန် ဆေးပညာ သင်တန်းများ ဆက်တိုက် တက်ရောက်ခဲ့သည်။ ၁၉၉၃ ခုနှစ်တွင် ဆေးတက္ကသိုလ် (၁) ရန်ကုန်မှ M.Med. Sc. (Paediatrics) ဘွဲ့ ရရှိခဲ့သည်။ ၁၉၉၇ မှ ၁၉၉၉ အတွင်း UK နိုင်ငံသို့ ပညာတော်သင် သွားရောက်ပြီး MRCP (UK) ဘွဲ့၊ MRCPCH ဘွဲ့နှင့် DCH (Glasgow) ဘွဲ့များ ရယူခဲ့သည်။ ၂၀၀၅ ခုနှစ်တွင် ဆေးတက္ကသိုလ် (၁) ရန်ကုန်မှ Dr.Med Sc (Paediatrics) ပါရဂူ ဘွဲ့ကို လည်းကောင်း၊ ၂၀၀၆ ခုနှစ်တွင် Royal College of Physicians of Edinburgh မှ FRCP (Edin) ဘွဲ့ကို လည်းကောင်း ချီးမြှင့်ခဲ့သည်။

၂၀၀၀ ပြည့်နှစ်မှစ၍ နာမည်ရင်းဖြင့် ရေးသားသော ကလေးကျန်းမာရေးပညာ ဆောင်းပါးများဖြင့် စာပေနယ်သို့ ပြန်လည် ဝင်ရောက်ခဲ့ပြီး 'လက်ရည်ကျော်' အမည်ဖြင့်လည်း ရသစာပေများ ပြန်လည် ရေးသားခဲ့သည်။ ၂၀၀၃ ခုနှစ်တွင် ကျော်သက်ခိုင် စာပေမှ ထုတ်ဝေသော 'ကျန်းမာပြည့်ဖြိုးယ်၊ ရင်သွေးငယ်' စာအုပ်မှာ ပထမဦးဆုံး ထုတ်ဝေသော အင်တာဗျူး ဆောင်းပါးပေါင်းချုပ် ဖြစ်ပြီး ၂၀၀၆ ခုနှစ်တွင် ရတနာသိုက် စာပေမှ ထုတ်ဝေသည့် 'ပထမအိပ်မက် ဝတ္ထုတိုများ' စာအုပ်မှာ ပထမဦးဆုံး ထုတ်ဝေသော ဝတ္ထုတိုပေါင်းချုပ်စာအုပ် ဖြစ်သည်။ ၂၀၀၇ ခုနှစ်တွင် နန်းဒေဝီ စာပေမှ ထုတ်ဝေသော 'ကလေး ကျန်းမာရေးဆိုင်ရာ အယူအဆ အမှားများ' စာအုပ်မှာ ပထမဦးဆုံး ပင်ကိုရေး ဆောင်းပါး ပေါင်းချုပ် ဖြစ်ပြီး ဤ 'ကြိုးကြာတောင်ပံခတ်သံ' သည် ပထမဦးဆုံးသော ဝတ္ထုရှည် ဖြစ်သည်။

ဆရာသည် ယခုအခါ တိုင်းပြည်သူ့ ဆေးရုံကြီး၊ မကွေးတွင် တာဝန်ခံ ကလေးအထူးကု ဆရာဝန်ကြီး ရာထူးဖြင့် သင်ကြားရေး၊ ကုသရေး တာဝန်များ ထမ်းဆောင်နေဆဲဖြစ်ပြီး ဒေါက်တာရဲ (ကလေးအထူးကု ဆရာဝန်)၊ လက်ရည်ကျော် စသည့် ကလောင်အမည်ခွဲ နှစ်ခုဖြင့် သုတ၊ ရသ စာပေများ စဉ်ဆက်မပြတ် ရေးသားလျက် ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

# အမှာစာ

လွန်ခဲ့သည့် နှစ်ပေါင်း နှစ်ဆယ်ခန့်က စာရေးသူ အလုပ်သင်ဆရာဝန် ဘဝတွင် သည်ဝတ္ထုကို ရေးခဲ့ပါသည်၊

အလုပ်သင် ဆရာဝန် ကာလ ပြီးဆုံး၍ အမိ ဆေးတက္ကသိုလ်ရင်ခွင်မှ ထွက်ခွာကာ ရပ်ဝေးဒေသ အသီးသီးသို့ သွားရောက်၍ တာဝန် ထမ်းဆောင်ကြသော နောင်တော်၊ အစ်မတော် လူငယ်ဆရာဝန်များကို ကြည့်ကာ မိုင်ထောင်ချီသော ခရီးကို အားမာန်အပြည့်ဖြင့် စတင် ဖျံသန်းနေကြသည့် ကြိုးကြာငှက်များ သဖွယ် ခံစားကြည့်မိခဲ့ပါသည်။

ပုံမနှိပ်ဖြစ်သော သည်ဝတ္ထုကို ရင်တွင် ပိုက်ထွေးလျက် နှစ်ပေါင်း နှစ်ဆယ်ကြာ ကိုယ်တိုင် ပျံသန်းခဲ့ပြီးနောက် လူငယ်ဆရာဝန်ကလေးများကို လေ့ကျင့် သင်ကြားပေးရသည့် အထူးကုဆရာဝန်ကြီးတစ်ဦး ဘဝသို့ ရောက်ရှိလာသည့် အခါတွင်ကား သူတို့ကလေးတွေကို ကြည့်၍ ပြောပြချင်သော စကားလုံးများစွာတို့ မထွေးနိုင် မအန်နိုင် ရှိလာခဲ့ပါသည်။ သူတို့ကလေးတွေ အကြောင်း၊ ကျွန်တော်တို့ တစ်တွေ အကြောင်းနှင့် နောင်တော် အစ်မတော်တွေ အကြောင်း တို့ကိုလည်း အများ ပြည်သူကို ပြောပြ ချင်သည်တို့ ရင်တွင် တနင့်တပိုး ရှိခဲ့ပါသည်။

ထို ပြောပြချင်စရာ အားလုံးကို ရင်တွင် အသင့်ရှိပြီး 'ကြိုးကြာတောင်ပံခတ်သံ' တွင် ပြင်ဆင် တည်းဖြတ် ထည့်သွင်း၍ ပြန်လည်ရေးသားခဲ့ပါသည်။ ထို့ကြောင့် 'ကြိုးကြာတောင်ပံခတ်သံ' သည် ကျွန်တော့် အတွက်တော့ လူငယ်ဆရာဝန် ဘဝ၏ နှလုံးသားအမြုတေ ဖြစ်သလို အနှစ် နှစ်ဆယ်ကြာ ဆရာဝန်ဘဝ၏ နှလုံးသားအမြုတေလည်း ဖြစ်ပါကြောင်း။

လက်ာရည်ကျော်



# ကျေးဇူးတင်လွှာ

[ ၁ ]

နှစ်ပေါင်း နှစ်ဆယ်ကြာ ရင်တွင် သိမ်းဆည်း သိုဝှက်ခဲ့ရသော လက်ရာတစ်ခုကို စာဖတ်သူတို့လက် အရောက်ပို့နိုင်ခဲ့ခြင်း အတွက် ခံစားလိုက်ရသော ပီတိနှင့် စိတ်အလိုကျမှုသည် အတိုင်းမသိနိုင်ပါ။

ထို့ကြောင့်

**ကြိုးကြာ တောင်ပံခတ်သံ အပိုင်း (၁) မဆုံးသော ခရီး** ပေါ်မှ မဆုံသော ခရီးသွားများ ကို ဖတ်ရလျှင် ဖတ်ရချင်း ဆက်တိုက် ဆက်ရေးပေးရန်နှင့် 'နရသုခိ သုခ ချမ်းသာ' မဂ္ဂဇင်းတွင် ဆက်တိုက် ဖော်ပြပေးသွားမည့်အကြောင်း တိုက်တွန်းခဲ့သော ဆရာ 'ဒေါက်တာ ခင်ဇော်လွင်' အား လည်းကောင်း. . . . .

အကြောင်း အမျိုးမျိုးကြောင့် 'နရသုခိသုခချမ်းသာ' မဂ္ဂဇင်းထုတ်ဝေမှု ရပ်တန့်သွားချိန်တွင် အပိုင်း (၁) နှင့် (၂) တို့ကို မိမိတို့လက်ဝယ် ရထားသဖြင့် ဆက်တိုက် ဆက်ရေး ပေးပါရန်နှင့် ဆက်တိုက် ဆက်လက် ဖော်ပြပေးပါမည်ဟု ဆက်သွယ် တိုက်တွန်းလာသော ဆရာ 'မောင်မောင်စနေ' နှင့် 'သောင်းပြောင်းထွေလာ စာပေမဂ္ဂဇင်း' အယ်ဒီတာ အဖွဲ့ကို လည်းကောင်း. . . . .

www.burmeseclassic.com

www.burmeseclassic.com

အပိုင်း (၆) အထိ ဖော်ပြပြီးကာမှ သောင်းပြောင်းထွေလာ စာပေ မဂ္ဂဇင်းနှင့် 'ရယ်စရာ' မဂ္ဂဇင်းတို့ ပြန်လည် ပူးပေါင်းသွားခဲ့သဖြင့် ဆက်လက် မဖော်ပြဖြစ်သော အပိုင်း (၇) မှ (၉) ဇာတ်သိမ်းပိုင်း အထိကို လက်ဆင့်ကမ်း ပုံနှိပ် ဖော်ပြပေးခဲ့သော ဆရာ 'မောင်သွေးသစ်' နှင့် 'Family' မဂ္ဂဇင်း ပိုင်းတော်သားများကို လည်းကောင်း. . . . .

ဇာတ်သိမ်းပိုင်း 'Family' တွင် မဖော်ပြရသေးခင် ကတည်းက ဇာတ်သိမ်းပိုင်း ပြီးပါက လုံးချင်းဝတ္ထုအဖြစ် တစ်ပေါင်းတည်း ထုတ်ဝေလိုပါသည်ဟု ကမ်းလှမ်းလာခဲ့သော ဆရာ 'ကိုရဲ' နှင့် 'နန်းဒေဝီစာပေ' ပိုင်းတော်သားများကို လည်းကောင်း . . . . . လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရပါသည်။

[ ၂ ]

သည် ဝတ္ထု မဂ္ဂဇင်းများတွင် အခန်းဆက် ပါလာစဉ်က အတော်အတန် သစ်သော၊ နုသေးသော ကလောင်ကိုပင် လှိုက်လှဲစွာ ကြိုဆိုအားပေးခဲ့သော စာဖတ် ပရိသတ်ကြီးအားလည်း ကျေးဇူး တင်ရပါသည်။

[ ၃ ]

ရင်းနှီးသော ပရိသတ်အချို့က သည်ဝတ္ထုတွင် 'သူရဲကောင်း ဝါဒ' လွှမ်းမိုး နေသည်ဟု ဝေဖန်ခဲ့ကြသည်။ 'ရှင်းဒလား၏ တရင်း' ကဲ့သို့သော 'သူရဲကောင်းဝါဒ' လွှမ်းမိုးသည့် ဇာတ်လမ်းများကို စွဲလမ်းခဲ့မိသော ကျွန်တော်က ဒါကို နှစ်ခြိုက်စွာ လက်ခံပါသည်။ တချို့ကတော့ သည် ဇာတ်လမ်းထဲက ဆရာဝန်မျိုး အပြင်မှာ ရှိနိုင်ပါ့မလားဟု မေးခွန်းထုတ်လာခဲ့သည်။



တကယ့်အဖြစ်အပျက်တို့သည် စိတ်ကူးယဉ် ဇာတ်လမ်းများက လိုက်မမီနိုင်အောင် ထူးခြားစမြဲပါ။

သည် ဇာတ်လမ်းထဲက အဓိကကျသော အဖြစ်အပျက်များသည် ကျွန်တော်ကိုယ်တိုင် တိုက်ရိုက် ကြုံတွေ့ရခြင်းဖြင့် သော်လည်းကောင်း တစ်ဆင့် ကြားရခြင်းဖြင့် သော်လည်းကောင်း လေးစားခဲ့ရသည့် ဆရာဝန် တချို့၏ တကယ့် အဖြစ်အပျက် ဇာတ်လမ်းများသာ ဖြစ်ပါသည်။

ထိုပုဂ္ဂိုလ်အများစု သက်ရှိထင်ရှား ရှိနေကြသေးသော်လည်း သူလည်း သူ့တာဝန်နှင့်သူ၊ ကိုယ်လည်း ကိုယ့် တာဝန်နှင့် ကိုယ်မို့ မဆုံဖြစ်ကြသေးပါ။ သူတို့နာမည် ဖော်ပြ၍ ကျေးဇူးတင်ကြောင်း ရေးဖို့ကိုလည်း ခွင့်မတောင်းရသေးပါ။

ထို့ကြောင့် . . . . .

တစ်ချိန်က တောင်တန်းဒေသ တစ်ခုတွင် စွန့်လွှတ်စွန့်စား အနစ်နာခံ ဆောင်ရွက်မှုများကြောင့်ရော၊ ခွဲစိတ်ကျွမ်းကျင်မှုများကြောင့်ပါ နာမည် ရှေ့တွင် ထို တောင်တန်းဒေသ၏ နာမည်ပါ တွဲဖက်၍ ကျော်ကြားခဲ့ဖူးသည့် အငြိမ်းစား မြို့နယ် ဆရာဝန်ကြီး တစ်ဦးကို လည်းကောင်း. . .

တိုင်းရင်း ဆေးပညာ ထွန်းကားလှသည့် ဒေသမှ တိုက်နယ် ဆေးရုံကလေးတစ်ခုကို 'အပိုင်' မြို့နယ် ဆေးရုံထက်ပင် ပို၍ ပြည်သူတများ အားကိုးရလောက်အောင် လူပင်ပန်း၊ စိတ် ပင်ပန်းခံ၍ ကြိုးစားဆောင်ရွက်ရာမှ 'စိမ်ထူးချွန်' ဆုပါ ချီးမြှင့်ခံရဖူးသည့် တိုက်နယ် ဆရာဝန်ကလေး တစ်ဦးကို လည်းကောင်း၊ . . . .

တစ်ချိန်က မှန်ပြည်နယ်တွင် ရှေ့တန်း ဆေးမှူးတာဝန် ထမ်းဆောင်ရင်းက ကျဆုံးခဲ့ရသည့် တပ်မတော် အရာရှိ ဆရာဝန် တစ်ဦးကို လည်းကောင်း. . . . .

လူနာအတွက် ကိုယ်တိုင် သွေးလှူဒါန်းပြီးကာမှ ကိုယ်လှူ



www.burmeseclassic.com

www.burmeseclassic.com

သော သွေးကို သွင်းပေးရင်း လူနာကို ပြုစုစောင့်ရှောက်ရန်လည်း ကိုယ်တစ်ဦးသာရှိ၍ သွေးလှူပြီး အနားယူခွင့် မရလိုက်သော ဆရာဝန်ကလေးပေါင်း မြားစွာတို့ကို လည်းကောင်း. .

ကိုယ့်ကျန်းမာရေးအတွက် ခွဲစိတ်ခံရန် ကိစ္စရှိလျက်နှင့် လုပ်ငန်းတာဝန်များကို စိတ်မချ၍ ရက်ရွှေ့ရင်း၊ ရွှေ့ရင်း ရက်မှလ၊ လမှနှစ် သို့တိုင် ကူးခဲ့ဖူးသော ဆရာဝန်ကြီး တစ်ဦးကို လည်းကောင်း . . .

ရှမ်းပြည်နယ်တွင် မကြာသေးမီက မိမိကိုယ်တိုင် နှလုံးရောဂါအခံ ရှိလျက်က လူနာတစ်ဦး၏ အသက်ကို ကယ်တင်ရန် သွေးလှူဒါန်းရင်း မိမိအသက်ကိုပါ စွန့်လွှတ်ခဲ့ရသည့်တိုင် သေခါနီးအချိန်တွင် 'လူနာ ကောင်းသွားလား' ဟုသာ မေးနေ၍ လူတိုင်း ရင်နင့်ခဲ့ရသည့် ဆရာဝန်ကြီး တစ်ဦးကို လည်းကောင်း. . . . .

တစ်ခါက ဧရာဝတီတိုင်းရှိ မြို့ငယ်ကလေး တစ်မြို့တွင် မဟုတ်မခံ စိတ်ဓာတ်နှင့် အမူအကျင့်တို့ကြောင့် လူသိများခဲ့ပြီး ကျောင်းသားဘဝက ပညာအလွန် ထူးချွန်သူ ဖြစ်ပါလျက် အထူးတဲ့လွန် သင်တန်းများကို ဝင်ခွင့်ရရန် မကြိုးစားဘဲ အခြေခံ ဆရာဝန်ဘဝနှင့်သာ နှစ်ပေါင်းများစွာ တာဝန် ထမ်းဆောင်သွားခဲ့သော ဆရာဝန်တစ်ဦးကို လည်းကောင်း. . .

ကျွန်တော်နှင့် မဆုံဖြစ်လိုက်သည့် သူတို့ အကြောင်း ကျွန်တော် မကြားဖူးလိုက်သည့်၊ ကြားဖူးသည့်တိုင် ကျွန်တော့် ဇာတ်လမ်းတွင် တစ်စိတ် တစ်ဒေသ ထည့်သွင်း ဖော်ပြခြင်း မခံရသည့် စေတနာ ဆရာဝန် အားလုံးကို လည်းကောင်း. . . . .

ကျေးဇူးအထူး တင်ရှိပါသည်။ သူတို့သာ အပြင်မှာ တကယ်ရှိမနေဖြစ်ခဲ့ကြလျှင် သည်ဇာတ်လမ်းကို ကျွန်တော် မရေးရဲပါ။

[ ၄ ]

'ကြိုးကြာ တောင်ပံခတ်သံ' သည် 'ဆရာဝန်ကလေးများ အကြောင်း' ဇာတ်လမ်းဖြစ်ပြီး 'ဆေးပညာဇာတ်လမ်း' မဟုတ်ပါ။



မည်သည့် ကျန်းမာရေး ပညာပေးချက်များမှ မပါဝင်ပါ။ 'လူငယ်' ဆေးကျောင်းသူ၊ ကျောင်းသား၊ ဆရာဝန်၊ ဆရာဝန်မကလေးများ၏ ရင်ခုန်သံကလေးများတော့ အဓိက ပါဝင်ပါသည်။


သည် 'လူငယ်ရင်ခုန်သံ' ကလေးများကို လူငယ်ဘဝ စွန့်လွှတ်ခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာသည့်တိုင် ပြန်လည် အသက်ဝင်ခံစား၍ ရနေသဲဖြစ်သည့် အချက်က သည်ဇာတ်လမ်းကို ရေးရာတွင် အထောက်အပံ့များစွာ ဖြစ်ခဲ့ပါသည်။ ထို့ကြောင့်လည်း လူငယ်ဘဝက ဆေးကျောင်းသူ ကျောင်းသားဘဝ၊ လူငယ် ဆရာဝန်ဘဝတို့ကို အတူတူ ရင်ခုန်ဖူးခဲ့ကြသည့် ချစ်သူငယ်ချင်း အပေါင်းတို့ကိုလည်း အထူး ကျေးဇူးတင်ရှိရပါကြောင်း . . . ။

လက်သစ်ရည်ကျော်



www.burmeseclassic.com

www.burmeseclassic.com





မဆုံးသောခရီးပေါ်မှ မဆုံသောခရီးသွားများ

www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

သွေးလွှန့်တုပ်ကွေး လူနာများတွင် အထူး အသုံးပြုရသော ဒက်စထရင် ၄၀ ဆေးရည်ကြည်တို့ ပလတ်စတစ်ပြွန်တွင်းသို့ တစ်စက်ပြီး တစ်စက် ကျနေသည်ကို ကြည့်ရင်းနှင့် တစ်ညလုံး မအိပ်ခဲ့ရသည့် ဦးနှောက်က မှေးခနဲ တစ်ချက်တစ်ချက် ဖြစ်ချင်လာသည်။ ဆေးရုံဘေး လက်ဖက်ရည်ဆိုင်မှ ခင်မောင်တိုး၏ သည်လထွက်သော တေးစီးရီးမှ 'ကြိုးကြာသံ' သီချင်းသံကလည်း နားထဲသို့ ပြတ်တောင်း ပြတ်တောင်း စီမ့်ဝင်လာနေသည်။ 'ကြိုးကြာငှက်တို့လည်း မိုင်ထောင်ချီ ပျံလေပြီ' တဲ့လေ၊ အားရှိလိုက်ပါဘိတော့ တသား။ ဆရာဝန် ဖြစ်ပြီးကတည်းက ငါးနှစ်ကျော်ကာလအတွင်း၊ မိုင်ထောင်ချီ ခရီးသွားခဲ့ပြီးသော မိမိပင်လျှင် ကြိုးကြာငှက်တို့၏ အားမာန်ကို ပြန်အားကျချင်ချင် ဖြစ်လာမိသည်။

ကလေးလူနာ၏ သွေးပေါင်ချိန်ကို တစ်ချက် ပြန်တိုင်းကြည့်လိုက်သည်၊ ၈၀၊ ၅၀ သိပ်မဆိုးလှ။ စိတ်ချရပြီဟု မပြောနိုင်ပေမယ့် အဆိုးဆုံးအဆင့်ကိုတော့ သည်ကလေး ကျော်ခဲ့သည်မှာ သေချာပြီ။ သက်ပြင်းတစ်ချက်ကို ကျေနပ်စွာ ချမိသည်၊ ဆရာဝန်ဆို၍ မိမိ တစ်ယောက်တည်းသာရှိသော ဆေးရုံမို့ တစ်ညလုံး ကိုယ်တိုင် ထိုင်စောင့်နေခဲ့ရသည့် လုံ့လတို့ အလဟဿ မဖြစ်နိုင်တော့။



'ကြိုးကြာငှက်တို့ရဲ့ မိုင်ထောင်ချီမယ့် ခရီးဝယ်'

တေးသွားဆီကို စိတ်က ပျံ့လွင့်မည် ကြံကာရှိသေး

ကျန်းမာရေး ကြီးကြပ်အဆင့် (၁) ကိုလှက အယားဖားယား ပြေးဝင်လာသည်။

'ဆရာ ရုံပိုင်က ပြောလိုက်တယ်၊ ရထား ဟိုဘက် ဘူတာက ထွက်ပြီတဲ့၊ မြန်မြန်လာ ဆရာ၊ ဆရာ့အိတ်ကို ကျွန်တော် ဆိုက်ကားပေါ် တင်ထားပြီးပြီ'

တွေဝေရှုပ်ထွေးသော ဆုံးဖြတ်ချက်များနှင့် မျက်နှာကလေး ကြည်လင်လန်းဆန်းစ ပြုလာသော ကလေးငယ်ကို လှည့်ကြည့်မိသည်။ ရိပ်မိဟန်ရှိသော ကြီးကြပ်(၁)က လောသည်။

'ပူမနေပါနဲ့ ဆရာရယ်၊ ကျွန်တော်နဲ့ ဆရာမ ဆက်ကြည့်ထားပါ့မယ်၊ ဆရာမှာတဲ့အတိုင်း ပုလင်းကို ဖြည်းဖြည်း ဆက်လျှော့ပေးမယ်၊ ပြန်ဖောက်ရင်လည်း မြို့နယ်ဆေးရုံ ချက်ချင်း ဆက်ပို့ပေးမယ်၊ ဆရာ ပူချင်းပူရင် ရန်ကုန်မှာ ဆေးရုံတင်ထားတဲ့ ဆရာ့အဖေအတွက်သာ ပူစမ်းပါ။ လာ၊ လာ'

ပြောတော့လည်း ပြောစရာ။ အခြေအနေ အသင်းအပင်း မည်မျှပြည့်စုံပါစေ သမားတော်ကြီးများ မည်မျှ ဝိုင်းဝိုင်းလည်နေပါစေ၊ သည်လိုအချိန်မျိုးတွင် မိဘဟူသည် 'သား' ဆရာဝန်ကို မျှော် ကြမည်ပင်။

'အေးဗျာ၊ စိတ်ချပါရစေ၊ ကဲ ကိုလှ သွားစို့'

[ ၂ ]

အိတ်တစ်လုံးသာပါ၍ တော်တော့သည်၊ မိမိဘူတာကို ရောက်သည်နှင့် ရထားထွက်သံချောင်းက ခေါက်နေလေပြီ။ ရုံပိုင်က လက်မှတ်ကို ကမ်းပေးရင်း 'ပြေး၊ ပြေး ဆရာ၊ ကျွန်တော်က တားထားဦးမလို့ဗျာ၊ ဆရာ မလိုက်တော့ဘူးမှတ်လို့' ဟု ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



ညှိုးငယ်သော ဖြူလွလွ မျက်နှာကလေးက မျက်ဝန်းထဲတွင် စွဲကျန်နေရစ်ခဲ့သည်။

အဖြေရှာမရသော ပဟေဠိများစွာက ရင်တွင်း နောက်ကျို၍ ကျန်နေခဲ့သည်။ ခက်သည်က အဖြေရှာရန် အချိန်လည်း လုံလောက်စွာ မရှိ။

နေမကောင်းသော အဖေဆီ အရောက် ပြေးရမည်။ အဖေ နေကောင်းသည်နှင့် ဆရာဝန်မရှိဘဲ ကျန်ခဲ့သည့် ဆေးရုံကလေးဆီ၊ လူနာများဆီ အပြေးပြန်ရမည်။

အဓိပ္ပာယ်ရှိစွာ နေ့စဉ် ကျင်လည်ခဲ့သောခရီးကို မြန်မြန် ပြန် လျှောက်ရမည်လား၊ အဓိပ္ပာယ် ရှာမရသော မေးခွန်းပေါင်းများစွာနှင့် ဖြတ်သန်းခဲ့ရသော်လည်း နွေးထွေးစွာ ဆုံခဲ့ရသည့်နေ့ ခရီးစဉ်ကလေး အကြောင်းကိုပဲ တစိမ့်စိမ့် ပြန်တွေးနေရဦးမည်လား၊ မဆုံးဖြတ်တတ်။

မျက်စိရှေ့တွင်တော့ မီးရထားသံလမ်းများသည် မဆုံးနိုင်အောင် ရှည်လျားလှစွာဖြင့် အမှောင်ထုထဲသို့ တိုးဝင် ပျောက်ကွယ်သွားသည်။ သို့တိုင်အောင်ပင် ဆုံတွေ့ ပေါင်းစပ်သွားသော သံလမ်း တစ်ခုမှ မတွေ့ရ။

ဘူတာရုံတွင်း လက်ဖက်ရည်ဆိုင်မှ ပျံ့လွင့်လာသော ကက်ဆက် သီချင်းသံတွင်တော့ ခင်မောင်တိုးက 'ကြိုးကြာငှက်တို့၏ မိုင်ထောင်ချီသော ခရီးအကြောင်း' ဖွဲ့နွဲ့ ညည်းတွားနေဆဲ။

www.burmeseclassic.com

www.burmeseclassic.com



လက်မှတ်ကို ဆတ်ခနဲ ဆွဲယူ၍ ရထားထွက်သည့်နောက်သို့ ပြေးလိုက်ရသည်။ ရှေ့တည့်တည့်တွင် အထက်တန်းတွဲကိုသာ မြင်သည်။ သည်ဘူတာက လက်မှတ်က နိုးနိုးတန်းထိုင်ခုံပဲ။ မျက်နှာသိနေပြီးဖြစ်သော တွဲစောင့်က 'တက်၊ ဆရာ တက်၊ မထူးဘူး၊ ဒီမှာနေရာရှိတယ်' ဟု အော်ပြော၍ သူ့ထံ လက်လှမ်းပေးရင်း ခုန်တက်လိုက်သည်။

လေထဲတွင်

ဟာခနဲ လွတ်သွားပြီးမှ သတိ ပြန်ထားမိချိန်တွင် ရထားတွဲပေါက်ဝတွင် ခြေတစ်ဖက် နင်းလျက်သား၊ လက်တစ်ဖက်ကို သူများက ဖမ်းဆွဲထားပေးလျက်သား ပါသွားတော့သည်။

မိမိလတ်ကို ယခုတိုင် ဆုပ်ကိုင်ပေးထားသော လက်သည် တွဲစောင့်၏ လက်မဟုတ်ဘဲ အမျိုးသမီးတစ်ဦး၏ လက်ဖြစ်ကြောင်းကို အတွေ့ဖြင့် သိလိုက်မိသဖြင့် တဖုံတဩ မော့ကြည့်မိသည်။

သွယ်လျသော လက်ချောင်းများ၊ ဖြူဝင်း မွတ်ညက်သော လက်ဖျံ၊ ဘလောက်အင်္ကျီ အဖြူရောင် လက်တိုကလေး၊ လေထဲတွင် ကစဉ့်ကလျား လွင့်မျောနေသော ရှည်လျားသည့် ဆံနွယ်များ။

ပြီးတော့

သေသည်အထိ မေ့ပျောက်ပစ်နိုင်ရန် အကြောင်းမရှိခဲ့သော ထာဝရ အပြုံးရှင်မျက်နှာ။

'လှိုင်'

ပါးစပ်ဖျားမှ အာမေဍိတ် အတားအဆီးမရှိ ထွက်ပေါ်သွားတော့သည်။

[၂]

လှိုင့်ဘေးတွင် နေရာလွတ် ရှိနေသည်နှင့် ထိုနေရာတွင်ပင် ထိုင်ဖြစ်သည်။ ထိုင်မိမိချင်းလိုလိုပင် ရင်တွင်းမှ မောလျတင်းကျပ်သော



ဝေဒနာကို စတင် ခံစားရသည်။ စလွယ်သိုင်းထားသော အိတ်ကို ဖွင့်၍ ဝင်တိုလင် ရှူဆေးဘူးကို ဆွဲထုတ်ပြီး ပါးစပ်တွင်းသို့ မှုတ်ထည့်လိုက်သည်။

မိနစ်အနည်းငယ်အကြာတွင် မောလျဆို့ကျပ်သော ဝေဒနာ ပြန်လည်၍ သက်သာလာသည်။ ရှူဆေးဘူးကို အိတ်အတွင်း ပြန်ထည့်ပြီး လှည့်အကြည့်တွင် ကရုဏာမျက်ဝန်းတစ်စုံကို ရင်ဆိုင်ရ၏။

'အက်စမာနဲ့ ပြေးလာရတာကိုး' ဟု ခပ်တိုးတိုး ဆိုလေသည်။

'သံချောင်းခေါက်မှ ဘူတာရောက်တယ်လေ၊ ရထားကလည်း ဒီမှာ ကြာကြာ မရပ်ဘဲကိုး'

'ရထားက အချိန်မှန်ပါတယ်၊ ဘာလို့ ကပ်မှ ဆင်းလာရတာလဲ၊ လှိုင်က ဒီမှာရှိနေမှန်း ကြားထားလို့ ပြတင်းပေါက်ကနေ တွေ့လိုတွေ့ငြား ငေးနေတာ၊ ထွက်တော့မှ ဒုယားဖားယား ပြေးလာတာ တွေ့ရော တွဲစောင့် ဆွဲတင်ပေးလိမ့်မယ်ဆိုတာတော့ သိတယ်၊ ချော်လဲမှာ စိုးရိမ်လို့ လာရပ်စောင့်ပေးရင်းက လှိုင့်ဆီ လက်ထိုးပေးတာနဲ့ ဆွဲတင်လိုက်တာ'

'အဝေးကြီးကတည်းက မှတ်မိတယ်ပေါ့၊ ဟုတ်လား'

'အင်း၊ အရမ်း ပိန်သွားတာရယ်၊ ညိုသွားတာရယ်၊ ညက နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးလည်း မရိတ်ဖြစ်ဘူးထင်တယ်၊ ဒါပေမဲ့ တွေ့လိုတွေ့ငြား ထွက်မျှော်နေတဲ့အချိန် တွေ့တော့ မှတ်မိတာပေါ့'

ပြောရင်းက ပန်းရောင်သန်းလာသည့် ပါးပြင်ကို မျက်နှာအလွှဲတွင် ရိပ်ခနဲ မြင်၏။ သူသာ မဟုတ်၊ မိမိလည်း မျက်နှာရော နှလုံးသားပါ နွေးခနဲ ခံစားရပေသည်။

'ဟုတ်တယ်၊ လိုက်တောင် မ လိုက် တော့ ဘူး လို့ နေ တာ၊ ကလေးလူနာတစ်ယောက် သိပ်စိတ်မချတာနဲ့၊ တိုက်နယ်ဆိုတော့ ဆရာဝန်ကလည်း ကိုယ်တစ်ယောက်တည်းလေ၊ ညကလည်း အဲဒါနဲ့ ဆေးရုံမှာ မိုးလင်းထားတာ၊ ခုလည်း အဖွဲ့တွေက အတင်းတွန်းလွှတ်လို့'

www.burmeseclassic.com

www.burmeseclassic.com



သက်ပြင်းချသံကို ကြားရသည်။ ရှည်လျားသော မျက်တောင်တို့ နှစ်ချက်မျှ ပုတ်ခတ်သည်ကို မြင်ရသည်။

'အဲဒီလိုပဲ အလုပ်ကို အရမ်းမဲလုပ်တာပဲဆိုတဲ့ သတင်းတွေကိုတော့ လှိုင် အမြဲကြားပါတယ်၊ ကိုယ့်ကျန်းမာရေးလည်း ဂရုစိုက်မှပေါ့၊ အခုက ခွင့်နဲ့လား'

'ဟုတ်တယ်၊ ခွင့်က ကျထားတာ နှစ်ရက်တောင် ရှိနေပါပြီ၊ ဒီက လူနာတွေ ထားခဲ့ရမှာ စိတ်က မပြတ်၊ လူစားကလည်း မပို့ပေးနိုင်မှိုလေ'

'ခွင့်က မယူစဖူး ဘာဖြစ်လို့လဲ'

ဂတ်ထားသော ဂျင်းကျာကင်အိတ်ထဲမှ သံကြိုးစာကို ထုတ်ပြလိုက်သည်။ လှိုင်က မျက်မှောင်ကြုတ်သည်။

'ဒါနဲ့တောင် ချက်ချင်းမသွားဘူး'

'သွားချင်ပါတယ်၊ နောက်တော့လည်း သွေးဘေးမှာက သမားတော်တွေ ရှိနေတာ၊ ဒီက လူနာတွေကမှ ဆရာဝန်ဆိုလို့ ကိုယ်တစ်ယောက်တည်းဆိုပြီး'

'ဆေးရုံကြီးမှာပဲလား'

'ဟုတ်တယ်၊ ဘာဖြစ်လို့လဲ'

'ဒါဆို တွေ့ဦးမှာပေါ့၊ လှိုင် အဲဒီကို ပြောင်းလာတာ'

'ဟုတ်လား၊ ပြည်ဆေးရုံကနေလား'

လှိုင်က 'ဘာမှမသိဘူး' ဆိုသော ပြစ်တင်စကားကို မျိုချလိုက်ရလေဟန် မချိုမချဉ် ပြုံးလေသည်။ 'သရက်က လာတာ၊ ကိုလတ်ဒီကိုမရောက်ခင် တစ်နှစ်နဲ့ နှစ်လကတည်းက လှိုင် သရက်မှာ၊ အခုက အမ်အက်စီ ဝင်ခွင့် အောင်လို့ ဘွဲ့လွန် တက်ဖို့ ရန်ကုန် ရွှေ့ရတာ'

ဪ၊ သူတောင် မကြာခင် သမားတော် ဖြစ်တော့မှာပါလား။

'ဟုတ်လား၊ ဝမ်းသာလိုက်တာ၊ ကွန်ဂရက်ကျူလေးရှင်း။ မက်ဒီဆင်ပဲ မဟုတ်လား'



ပြုံးစူစူဖြင့် ခေါင်းညိတ်ပြသည်။

'ဘာမြေမယ်ဆိုတာတော့ မှတ်မိဖော်ရသားပဲ၊ ကိုလတ်ကတော့ ဘာမှ မဖြေဘူး မဟုတ်လား'

ရယ်ကျဲကျဲသာ လုပ်ပြလိုက်ရသည်။

'စစ်မှန်းတောင် သတိမထားမိလိုက်ပါဘူးကွာ'

ရထားပြူတင်းပေါက်ဘက်ကို ငေးကြည့်လိုက်တော့ စပါးတို့ပြွတ်ခဲသီးပွင့်နေသော လယ်ကွင်းများက တရိပ်ရိပ် ပြေးနေလေသည်။

## [ ၄ ]

'အန်တီက စစ်ကိုင်းမှာပဲလား'

'ဟုတ်'

'မောင်လေးကရော'

'မောင်လေးက အခု ရုံးချုပ်မှာ အိမ်ထောင်ကျနေပြီ၊ အဲဒီမတိုင်ခင်က သူ ကိုလတ် ဖတ်စ်ပို့စတင် ကျခဲ့တဲ့နေရာမှာ တံတားဆောက်လုပ်ရေး တာဝန်ကျသေးတယ်၊ ကိုလတ် အကြောင်းတွေတောင် ပြောပြနေသေးတယ်'

'ဟုတ်လို့လား၊ တို့ ပြောင်းပြီးမှ ရောက်တာ နေမှာပါ၊ တို့နဲ့ တွေ့မှ မတွေ့တာ'

'ပြောင်းပြီးမှ ရောက်တာပါ၊ ဒါပေမဲ့ ဒေသခံတွေက ကိုလတ်အကြောင်း ပြောလို့မှ မဆုံးကြသေးတာ၊ အရမ်းကို လေးစားကြတာတဲ့၊ မောင်လေးက ပြောတယ်'

ရှက်ပြုံးသာ ပြုံးမိသည်။

'လူတွေက နည်းနည်းတော့ ချဲ့ပြီး ပြောတတ်ကြပါတယ်'

'လှိုင်ကတော့ ချဲ့တယ် မထင်ပါဘူး၊ ကြားရတာတွေက ဖြစ်နိုင်တာတွေပဲဟာ၊ ကိုလတ်က အဲဒီလို တကယ် လုပ်မယ့် လူမျိုးဆိုတာ သိနေတာပဲ'

www.burmeseclassic.com

www.burmeseclassic.com





ကြိုးကြာစိညာဉ်

www.burmeseclassic.com

www.burmeseclassic.com



'လှိုင်က ဘာတွေ ကြားလို့လဲ'

'အများကြီးပဲ၊ အပြောအများဆုံး ကိစ္စကတော့ 'ရှော့ခ်' ရနေတဲ့ 'အက်တိုးပစ်' ကို ခွဲတဲ့ကိစ္စ၊ ယောကျ်ား ကျောင်းဆရာလေးက ခွဲပေးဖို့ လက်မှတ်ထိုးပြီး မောင်တွေ၊ အဖေတွေက အတင်း ပြန်ခေါ်တာလေ၊ ဆေးရုံလေးရှေ့မှာ လူအုပ်ကြီး ဝိုင်းနေရောဆို'

ပြုံးရုံသာ ပြုံးပြလိုက်သည်။ တကယ့်အခြေအနေမှာ လှိုင်ပြောသည်ထက် အများကြီး ပို၍ ဆိုးပါသည်။ ပြောပြလည်း စိတ်ပူရုံသာရှိမည်။ မထူးတော့။

'သူတို့က ဆေးရုံမှာ ခွဲရင် သေရောလို့ နားမလည်တဲ့လူတွေ မြှောက်ပြောတာ ယုံတာကိုး၊ တို့က စဉ်းစားတော့လည်း လူနာရှင် အစစ်က ယောကျ်ားပဲလေ၊ အခြေအနေ မကောင်းတာ၊ ကိုယ့်ဘက်က အခွင့်အရေး နည်းတာလည်း ရှင်းပြ ပြီးပြီ၊ သူက ဆရာ့ကို အားလုံးအပ်ပါတယ်၊ ဘာဖြစ်ဖြစ် လူနာ့ ကံပဲလို့ သဘောထားပါ့မယ် ပြောတာလေ'

မျက်နှာကလေးက ညှိုးနေဆဲ။

'ကြားတာနဲ့ တအားကို စိတ်ပူသွားတာ၊ မောင်တွေက လူမိုက်တွေဆို၊ နားလည်း လည်တာ မဟုတ်ဘူး၊ တစ်ခုခုဖြစ်ရင် ရန်လုပ်ကြမယ့် လူစားမျိုးတွေဆို'

ရယ်ကျဲကျဲ လုပ်ပြပါသည်။

'စေတနာ အကျိုးပေးတာပေါ့ကွာ၊ ကောင်းသွားတယ်လေ၊ ကောင်းသွားတော့လည်း တောင်းပန်ကြ၊ သူတို့ပဲ သတင်း လိုက်ဖြန့်တာနဲ့ ဆေးရုံလာလိုက်တဲ့ လူနာတွေ မနက်စာတောင် အမြဲ လွတ်တယ်'

သက်ပြင်းချပြန်သည်။

'ဒါလည်း ကြားပါတယ်၊ ဘာလီရှည် တစ်ပုလင်းနဲ့ ညနေအထိ အမြဲ လူနာကြည့်တာတွေ၊ ဆေးရုံကို အရမ်း ဝိုင်းလျှဒါန်းကြတာတွေ၊



အလှူရှင်တွေအားနဲ့ တိုးချဲ့ဆောင် ဆောက်ရတာတွေ၊ အိပ်ပျက်လွန်းလို့ ခဏခဏ ရင်ကျပ်ကျပ်နေတယ်ဆိုတာတွေ၊ ကိုယ့်ကိုယ်ကိုယ် အသက်နဲ့ လူလုပ်နေတယ်ဆိုတာရော မှတ်ကော မှတ်မိရဲ့လား'

ရယ်မိပြန်သည်။

'တစ်ခါတလေလည်း အူကြောင်ကြောင် နိုင်မလားတော့ မသိဘူး၊ တွေးမိပြန်ရော'

'ဘယ်လိုလဲ'

'ဟိုကျောင်းဆရာကတော်လေးကို ပေါ့နော်၊ သူ့ကို ခွဲတုန်းက ကိုယ်လည်း စွန့်စားသင့်သလောက်တော့ စွန့်စားရတာပဲ၊ ဒါပေမဲ့ သွားစဉ်းစားမိတာလေ၊ တို့က တစ်ယောက်တည်း ဂျစ်ပစီလို အနှောင်အဖွဲ့ မရှိ နေနေတဲ့ လူစားမျိုး၊ သူ့ ဘဝကလေးက တော်တော် အဓိပ္ပာယ်ရှိတာ၊ သိပ်ချစ်တဲ့ ယောကျ်ားနဲ့ သိပ်ချစ်တဲ့ မောင်တွေနဲ့ မိဘနဲ့၊ ဒီလို အသက်မျိုး တစ်ချောင်း ရှင်သွားဖို့က ရာခိုင်နှုန်း ဘယ်လောက်ကလေးပဲ ရှိရှိ တို့လို လူက ကျားကုတ်ကျားခဲ စွန့်စားရတာ မတန်ဘူးလား'

လှိုင့်မျက်နှာက သိသိသာသာ ဖျက်သွားသည်။ မျက်တောင်တို့ တဖျတ်ဖျတ် ခတ်သည်ကိုလည်း မြင်ရသည်။ မျက်ရည်စတို့ကို ဦးမော့၍ ထိန်းလိုက်ပြီး တဖက်သို့ လှည့်လိုက်သည်ကို သတိထားမိသည်။

'ဒီလိုတော့လည်း မပြောပါနဲ့ကွာ' ဟု တုန်ယင်စွာ ဆိုလေသည်။

ရုတ်တရက် စကားလုံးများ ပျောက်ဆုံးသွားခဲ့၏။

[ ၅ ]

အမှောင် ကြီးစိုးခါစတွင်ပင် ရထားက မြို့ထဲသို့ စတင် ဝင်ရောက်လာသည်။ မီးရောင်တန်းများက လှပ ဖြူဖွေးသော မျက်နှာပေါ်သို့ တရိပ်ရိပ် ဖြတ်ပြေးနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com

'သတင်းတွေကလည်း စိတ်ပူစရာချည်းပဲ၊ လုပ်သားဆေးရုံမှာ တင်ထားတယ်ကြားတုန်းက ကြားကြားချင်း ခွင့်ယူပြီး ရန်ကုန် လိုက်လာသေးတယ်'

'ဟုတ်လား'

ခုမှ သိရသဖြင့် အံ့ဩမိသည်။ ကိုလတ်ရယ် မချစ်ဘူးဆိုတာကို ဘာလို့လဲလို့ မေးတော့ ငါက ဘယ်လိုလုပ် ဖြေရမှာလဲ၊ ချစ်တဲ့စိတ် မြစ်မလာတာပဲပေါ့။ သူငယ်ချင်း သံယောဇဉ်က သံယောဇဉ်သက်သက်။ 'ရင်မခုန်တာ၊ မခုန်မိတာကို အားနာပါတယ် ဆိုတာက လွဲလို့ ငါလည်း မရှင်းပြတတ်တော့ဘူး' ဆိုသော စကားကို တည်ငြိမ်အေးဆေးစွာ ပြောနိုင်ခဲ့လေသူ၊ မုသားပါသောစကားကို တစ်ခါမှ မဆိုဘူးသူရယ်လို့ လေးစားမြတ်နိုးစွာ သူ့စကားလုံးတိုင်းကို တန်ဖိုးထား ခံယူခဲ့သော မိမိ။ သည်လိုဆက်ဆံရေးနှင့် စခဲ့သည့်ဇာတ်လမ်းတွင် ဆေးရုံတက်ခဲ့သည့်အချိန်မှာက အလုမ်းဝေးခဲ့သည်မှာ ကြာပြီမို့ ကြားသိလိမ့်မည် မထင်ခဲ့။ သိလျှင်လည်း ခွင့်ယူပြီး လိုက်လာလောက်အောင် အရေးတယူ ရှိလိမ့်မည်ဟု မထင်ခဲ့။ လှိုင့်ထံမှ သည်မျှ မျှော်လင့်မထားမိ။

သည်မျှ ဂရုတစိုက် ရှိခဲ့ကြောင်း သိရတော့လည်း ရင်ထဲတွင် နွေးခနဲ ဖြစ်သွားမိသည်။ ရင်ခုန်ဖို့ရာကိုတော့ ရင်ခုန်ရမည့် အသက်အပိုင်းအခြားကို ကျော်ခဲ့ပြီးပြီလားဟု မဝံ့မရဲ တွေးမိနေသည်။

'နယ်ကနေ ကြားတုန်းက ဦးနှောက်ထဲ ၎က်ဖျားပိုး ရောက်တယ်လို့ ကြားတာ၊ သတင်းရတော့လည်း ဆေးရုံတက်ပြီး တစ်လလောက်မှ တစ်ဆင့်ကြားနဲ့ သိရတော့ အသက်ကိုပါ စိတ်ပူမိခဲ့တာလေ'

လှိုင်က ဆက်ရှင်းပြနေသည်။

'ရူးသွားမယ်လို့ရော မထင်မိဘူးလား'

ရယ်ကျဲကျဲနှင့် လှမ်းနောက်လိုက်တော့မှ မြင်နေကျ အပြုံးကလေးကို ပြန်မြင်ရသည်။



'မထင်ပါဘူး၊ အစကတည်းက သိပ်မှ မမှန်တာ'

နှစ်ဦးသား ပြုံးတူရယ်မိကြသည်။

'ဆေးရုံရောက်တော့ ဆင်းသွားပြီတဲ့၊ ကောင်းသွားလို့ ကချင်ပြည်နယ်တောင် ပြန်သွားပြီတဲ့'

'ပြီးတော့ ဆေးရုံရောက်တော့မှ သိရတာ၊ တက်ခါစက စောင့်မယ့်လူတောင် မရှိဘူးဆို'

'အဲဒီတုန်းက ဖေဖေရော၊ မေမေရော၊ ညီလေးပါ နိုင်ငံခြားမှာ အကြောင်းလည်း မကြားဖြစ်ဘူး'

'လှိုင် မော်လမြိုင်မှာမှန်း အဲဒီတုန်းက သိတာပဲ၊ ဘာလို့ လှမ်းမမှာလိုက်လဲ'

'ပထမတော့လည်း သတိလစ်နေတာပေါ့လေ၊ သတိရတော့လည်း ကောင်းနေပြီပဲ ဆိုပြီး နောက်ဒီလိုပဲ တစ်ယောက်တည်း နေမကောင်းဖြစ်တာလည်း ရိုးနေပြီဆိုတော့လေ'

သက်ပြင်းချသံ တိုးတိုးကို မသဲမကွဲ ကြားရသည်။

'ဒီလောက်ကလေးတော့ ပတ်သက်ခွင့် ပြုသင့်ပါတယ်ကွာ'

တုန်ယင်သော လေသံကလေး နောက်တွင် စကားလုံးတို့ ဒုတိယအကြိမ် ပျောက်ဆုံးသွားပြန်သည်။

| ၆ |

အင်းစိန်ဘူတာတွင် မိမိဆင်းတော့ မှောင်နေပြီ။ ကြည့်မြင်တိုင်ဘူတာအထိ ဆက်စီးရမည့် လှိုင်က ရထားပေါ်တွင် ကျန်ခဲ့သည်။

'မပြန်ခင်တော့ ပြောဦးနော်'

မိမိအကြောင်း သိသူပီပီ အထပ်ထပ် မှာရှာသည်။ ပြုံး၍သာ ခေါင်းညိတ်ပြလိုက်သည်။

'ဆေးရုံကြီးမှာ ဆုံမယ်လေ'

ရထားက အမှောင်ထုထဲ တိုးဝင် ပျောက်ကွယ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



'မသိပါဘူးဟာ၊ ငါက အသားညိုညို၊ ခပ်ချောချော၊ ရယ်လိုက်ရင် သွားတက်အချွန်ကလေးနှင့် ကောင်မလေးတစ်ယောက်ကများ မြှောက်ပေးလိုက်သလားလို့'

ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားသည်။ သိန်းမိုးများ ဖော်ကောင်လုပ်လေသလား။ ဒါလည်း မဖြစ်နိုင်။ သိန်းမိုး အလွန် နှုတ်လုံသည်ကို မိမိအသိ။

'ဘာလဲ၊ မှန်လွန်းလို့ အံ့ဩ နေတာလား၊ အေး အဲဒီ ပုံစံနဲ့ ကောင်မလေးတစ်ယောက် အောက်မှာ တွေ့ခဲ့လို့ဟေ့၊ ကိုလတ်ကို သိသလားတဲ့၊ တွေ့ရင် ကင်တင်းထဲက စောင့်နေမယ် ပြောပေးပါတဲ့၊ ကဲ ကွ၊ ပြန်လာရင်သာ ငါ့အတွက် သတင်းပေးခ အချဉ်ထုပ် တစ်ထုပ် ပါပါစေ၊ ဟုတ်ပြီလား'

ရှက်ရှက်နှင့် နေရာကနေ ထရင်းကပင် 'သူငယ်ချင်းပါဟာ' ဟု ပြောင်ပြောင်ခဲ့မိသေး၏။

[ ၄ ]

ထိုနေ့က စိုးစိုးမာနှင့် ရန်ဖြစ်သည်။ ရန်ဖြစ်တာ ဆက်နေသည်မို့ ဘာတွေ ပြောမိမှန်းတော့ မမှတ်မိတော့။ စိုးစိုးမာ အတင်းဝတ်နိုင်းသော လည်စည်းသည် ပေဒင်ဆရာတစ်ယောက်၏ ယတြာနှင့် ဆက်စပ်နေသည်ကို စိုးစိုးမာက ဝန်ခံခဲ့ခြင်း၌ အစပျိုးခဲ့သည်ကတော့ သေချာသည်။ လည်စည်းကို စိုးစိုးမာရှေ့တွင်ပင် ချွတ်ပစ်ခဲ့သေး သည်။ နောက်တော့လည်း ပြန်တည့်ကြပြီး စိုးစိုးမာနှင့်အတူ ရန်ကုန်တက္ကသိုလ်ဘက်သို့ လမ်းလျှောက်သွားဖြစ်ခဲ့ကြသည်။ စိုးစိုးမာ၏ သူငယ်ချင်းများနှင့်ပင် 'ယမ်းဘီလူး' အအေးဆိုင်တွင် ထိုင်ဖြစ်ခဲ့သေးသည်။

ညဘက်ကျတော့ သိန်းမိုးအိမ်ဘက်သို့ သွားလည်ဖြစ်သည်။ သိန်းမိုးက ဆီးနောက်သည်။



'မင်းတို့ မိလှိုင်က ပြောနေတယ် ဟေ့ကောင်'

'ဘာတဲ့လဲ'

'နင့် မစ္စတာကိုလတ်တော့ ငါ့ကို အချဉ်ထုပ်လည်း လာမပေးတော့ဘူး။ သူ့အချဉ်ထုပ်နဲ့သူ ပါသွားပြီတဲ့'

အစသန်ပြီး အစဉ် ရွှင်လန်းတက်ကြွနေတတ်သော မိလှိုင်၏ သဏ္ဌာန်ကို မြင်ယောင်၍ပင် ပြုံးမိခဲ့သေးသည်။

[ ၅ ]

နောက်တစ်နေ့တွင်တော့ စာသင်ချိန် မစမီ စာသင်ခန်းထဲတွင် စာထိုင်ဖတ်နေသော မိလှိုင် ရှေ့သို့ အချဉ်ထုပ် တစ်ထုပ် ဆိုက်ဆိုက်မြိုက်မြိုက် သွားပို့ပေးလိုက်သည်။ မိလှိုင်က မမှတ်မိ။

'ဘာလဲဟ၊ ဘာလာဖားနေတာလဲ၊ စာလား ကူးမပေးနိုင်ဘူး'

ဘောလုံးသမား သိန်းမိုး ကျောင်းပျက်တိုင်း စာကူးပေးလေ့ ရှိသူမို့ မိမိတို့ပါ ရောရော၍ စာကူးခိုင်းမည်ဟု ထင်နေဟန်ရှိသည်။

'မကူးခိုင်းပါဘူး၊ ကွ၊ ဒါက မနေ့က အကြွေးလေ'

မိလှိုင်က ရုတ်တရက် ကြောင်၍ စဉ်းစားနေပြီးမှ မှတ်မိသွားသည်။ ရယ်၍

'ဟုတ်သားပဲ၊ ဒါဆို အတိုးနဲ့ နှစ်ထုပ် ဖြစ်သင့်တယ်'

'အဲသလောက်မှ မတန်ဘဲကွ၊ ရိုးရိုးသူငယ်ချင်းပဲဟာ'

'လုပ်မနေစမ်းပါနဲ့၊ သူငယ်ချင်းဆို နင် ကျောင်းပြေးပြီး ပါသွားပါ့မလား'

'ကိစ္စရှိလို့ ခဏလိုက်ခဲ့ပါဆိုလို့ပါဟာ'

'ဟုတ်လား၊ ဒီလိုကြေးဆို ငါလည်း ကိစ္စရှိရင် ခေါ်ကြည့်ဦးမှပဲ'

'ရတာပေါ့၊ ဒါပေမဲ့ နှစ်ယောက်တည်းဆိုရင်တော့ မလိုက်ဘူးနော်၊ မတော် နင်က မရိုးသားရင်'

'အောင်မာ၊ ကြည့်စမ်း ငါ့ကိုများ'

www.burmeseclassic.com

www.burmeseclassic.com

| ၁ |

*'ကျွန်တော် ဒေါက်တာ လတ်ငြိမ်းနှင့် ကျွန်မ ဒေါက်တာ သွယ်စုလှိုင်တို့သည် အိမ်ထောင်မရှိ လူပျို၊ အပျိုများ ဖြစ်ကြခြင်းကို အသီးသီး ဝန်ခံပြောဆိုကြပြီးနောက် တစ်ဦးကို တစ်ဦး မြတ်နိုးစုံမက်သည့် အားလျော်စွာ'*

မိမိ ချစ်သောသူနှင့် တစ်သက်လုံး သည်သို့ ရွတ်ဆိုနိုင်လိမ့်မည်ဟု မမျှော်လင့်ထားခဲ့ရာက တစ်ခုသော တနင်္ဂနွေနေ့တွင် မြန်အောင်မြို့နယ် တရားရုံး၌ သည်သို့ သံပြိုင် ရွတ်ဆိုခဲ့ကြရဖူးကြောင်းကိုလည်း ပြန်ပြောင်းသတိရမိနေ၏။

ကြည်နူးစရာ အခြေအနေမျိုး မဟုတ်သည်ကို သိစိတ်က သိနေလျက်နှင့် အလိုက်မသိတတ်သော ရင်က တိတ်တခိုး ထခုန်ဖြစ်သည်ကိုလည်း အမှတ်ရမိသေးသည်။

'ကိုလတ်ငြိမ်း၊ ခင်ဗျား တော်တော် ဆိုးတဲ့လူဗျာ၊ ကျွန်တော် ဒီလောက် ခင်ဗျားနဲ့ တွဲနေတာတောင် ခင်ဗျား လျှို့ထားတယ်၊ ဒီကောင်မလေး ပြောင်းလာကတည်းက အဲဒါ ကျွန်တော့် ရည်စားဗျလို့ ပြောထည့်လိုက် ပြီးရော'



မေမေကပင် 'အဲဒီ ဒေါက်တာ သွယ်စုလှိုင်ဆိုတဲ့ သားနဲ့ သိပ်ခင်တဲ့ သူငယ်ချင်းဆိုတဲ့ ဆရာဝန်မ ချောချောကလေးဟာကွယ် သူ့ဂျူတီချိန် ဟုတ်ဟုတ်၊ မဟုတ်ဟုတ် လာကြည့်ပေးနေတာ အားတောင် နာနေမိပြီ' ဟု ဆိုနေသေးသည်။

သွယ်စုလှိုင်၊ သိန်းမိုးနှင့် မိမိတို့သည် ဆေးတက္ကသိုလ်(၁) တက်စဉ်တလျှောက်လုံး အချစ်ဆုံးသူငယ်ချင်းများ ဖြစ်ခဲ့သည်။ မောင်နှမရင်းချာတို့ထက်ပင် ရင်းနှီးစွာ ဆက်ဆံခဲ့ကြသည်။ သို့သော် နိုင်ငံခြားတိုင်းပြည်တစ်ခုတွင် စေလွှတ်ခံရပြီး တာဝန်ထမ်းဆောင်နေခဲ့ရသော ဖေဖေနှင့် မေမေက သွယ်စုလှိုင်နှင့် သိန်းမိုးကို မသိမိခဲ့ကြ။ ထိုနိုင်ငံတွင်လည်း မိမိ ဆေးကျောင်းတစ်သက် နေထိုင်ခဲ့ရသည် မဟုတ်ပါလား။

'သားက ရန်ကုန်မှာပဲလားကွယ်၊ ဘယ်ဆေးရုံမှာလဲ'

ပုဂ္ဂိုလ်ကြီးက မိမိကို ပြုံး၍ ပဋိသန္ထာရ ဆိုသည်။

'မော်ဘီမှာပါ ခင်ဗျ။ ဖေဖေ နေမကောင်းလို့ ခွင့်နဲ့လာတာပါ'

'မော်ဘီဆို နီးသားပဲ သားရဲ့၊ မင်းအဖေ အားရှိအောင် ခဏခဏ လာပေါ့၊ စနေ၊ တနင်္ဂနွေတိုင်းပဲဖြစ်ဖြစ်၊ ဟုတ်တယ် မဟုတ်လား'

ဖေဖေက ရယ်ကျဲကျဲနှင့် ဝင်ပြောသည်။

'သူငယ်ချင်း၊ ဒီကောင့်အကြောင်းမှ မသိတာ၊ ဒီကောင် မပြန်ဘူးဗျ၊ သူ့လူနာတွေနဲ့ပဲ အချိန်ကုန်နေတာ၊ သိပ်ဂျူတီကွန်းရှပ် ဖြစ်တဲ့ကောင်'

'တာဝန် သိလွန်းသူ'ဟု ဖေဖေက ဂုဏ်ယူစွာ ထုတ်ဖော်သော်လည်း ပုဂ္ဂိုလ်ကြီး ခေါင်းခါသည်။

'မော်ဘီကကွာ၊ ကားလည်းပေါ၊ အိမ်က ကားလိုက်ခေါ်လည်း ရတာပဲ။ သားဖေဖေက သားလာရင် အားရှိမှာပေါ့၊ ဟုတ်တယ် မဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပါတယ် ဆရာကြီး၊ ဒီလိုပါ ခင်ဗျ၊ ကျွန်တော်က မော်ဘီ ဆိုပေမဲ့ မော်ဘီမြို့နယ်ဆေးရုံမှာ မဟုတ်ပါဘူး၊ ဝါးနက်ချောင်း၊ တိုက်နယ်မှာပါ။ ဆရာဝန်က အဲဒီမှာ ကိုယ်တစ်ယောက်တည်း ဆိုတော့ ဆေးရုံက သိပ်မခွာဖြစ်တာပါ ခင်ဗျာ'

'ဝါးနက်ချောင်း၊ ဟုတ်လား'

ပုဂ္ဂိုလ်ကြီးက မျက်မှောင်ကြုတ်၍ မေးသည်။ တွေဝေစဉ်းစား နေဟန်၊ ပြီးတော့မှ တဖြည်းဖြည်း ပြုံးလာသည်။

'ဒါဆို သားက ဒေါက်တာလတ်ငြိမ်းပေါ့ ဟုတ်လား'

ခြေဖျားလက်ဖျားများ အေးစက်သွားသည်။ သည်မျှ အဆင့်မြင့် အရာရှိကြီး တစ်ဦးက မိမိလို တိုက်နယ် ဆရာဝန်လေး တစ်ဦးကို ကောင်းစွာ သိနေခြင်းကို ထိတ်လန့်အံ့ဩမိသည်။

မေမေကပင် အံ့ဩစွာ 'သားကို သိနေတယ်၊ ဟုတ်လား' ဟု ဝင်မေးသည်။

ပုဂ္ဂိုလ်ကြီးက ပြုံးသည်။

'သိတာပေါ့ ညီမရယ်၊ ညီမတို့သားက နာမည်ကြီးပဲ'

ပုဂ္ဂိုလ်ကြီးက ရုတ်တရက် နာရီကို ကြည့်သည်၊ ပြီးတော့ ဖေဖေ့လက်မောင်းကို ဆုပ်ကိုင်သည်။

'ရုံးပြန်ပြေးရဦးမယ် သူငယ်ချင်းရေ၊ ခွင့်ပြုဦး၊ လိုတာရှိရင် ပြောသာပြော သိလား'

'အိုကေဗျာ၊ ကျေးဇူးပါပဲ'

ပုဂ္ဂိုလ်ကြီးက တိုက်ပုံအင်္ကျီ အိတ်ကပ်ထဲမှ လက်ကိုင်ပဝါကို ထုတ်၍ မျက်မှန်ကို သုတ်သည်။ ပြီးတော့ မိမိဘက်သို့ လှည့်၍ ပြောသည်။

'သား၊ မင်း မနေ့တုန်းက (စီအင်မ်အက်စ်ဒီ)မှာ ခွဲခန်းသုံး မီးဆလိုက် သွားတောင်းထားတာ ဟုတ်တယ် မဟုတ်လား'

ဒုတိယအကြိမ် အံ့အားသင့်ရပြန်သည်၊ သူ အားလုံး သိနေပါလား။



'ဟုတ်ပါတယ် ခင်ဗျ၊ သူတို့က တိုက်နယ် အဆင့်လည်းဖြစ်၊ ရန်ကုန်နဲ့လည်း နီးတော့ မပေးနိုင်ဘူးပြောလို့ ကျွန်တော်က နည်းနည်း တင်ပြပေးဖို့တော့ ပြောမိပါတယ်'

တကယ်တမ်း သည်အဆင့်ထိ ရောက်အောင် နေ့ချင်း တင်ပြ ပေးကြလိမ့်မည်ဟုတော့ မထင်ခဲ့မိ။

'အေး၊ မနေ့ကတည်းက သူတို့ အန်ကယ့်ဆီ ဆက်ကြတယ်။ နည်းနေသေးလို့ အမှန်တော့ မပေးနိုင်သေးပါဘူးတဲ့၊ ဒါပေမဲ့ လာ တောင်းတဲ့ လူကတော့ ဒေါက်တာ လတ်ငြိမ်း ဖြစ်နေတယ်တဲ့၊ အန်ကယ်က ဘာလဲ 'ချင်းတောင်' လတ်ငြိမ်းလားလို့ မေးလိုက်တော့ ဟုတ်တယ်တဲ့၊ 'ချင်းတောင်' လတ်ငြိမ်း ပါပဲတဲ့၊ ဒါနဲ့ အန်ကယ်က လည်း 'ချင်းတောင်' လတ်ငြိမ်းသာ ဆိုရင်တော့ ပေးလိုက်ပါကွာလို့၊ ချင်းတောင်မှာတုန်းက သူ တစ်ယောက်တည်း ရှိတဲ့ နေရာတောင် နေ့လယ်စာကို နေ့တိုင်း အလွတ်ခံပြီး မြို့နယ်ဆေးရုံစံချိန်ကျိုးအောင် ခွဲလာတဲ့လူ၊ မင်းတို့ မီးဆလိုက်ကို အလှတော့ ကြည့်နေမှာ မဟုတ်ပါဘူးလို့၊ ဟား ဟား ဟား ဟား၊ မင်း မနက်ဖြန်ကျရင် သွားသာ သယ်ပေတော့'

လိုချင်သည့် ကစားစရာရသည့် ကလေးငယ်တစ်ဦး၏ ကြည်နူးမှု မျိုးဖြင့် သူ့ကို ကျေးဇူးစကား ဆိုရသည်။

ပုဂ္ဂိုလ်ကြီးနှင့်အဖွဲ့ ထွက်ခွာသွားတော့ ဂုဏ်ယူသော အပြုံးနှင့် ငေးစိုက်ကြည့်နေသော ဖေဖေနှင့် မျက်နှာချင်းဆိုင်မိသည်။ မေမေ ကလည်း ပခုံးကို လာဖက်သည်။

'အမေ့သားက နာမည်ကြီးပါလားကွယ်'

'အေးလေ၊ ဘယ်အချိန်ကများ တို့သား အဲသလောက် နာမည် ကြီးသွားပါလိမ့် မိန်းမရယ်၊ ငါ မှတ်မိသလောက်တော့ တို့သားက ဆေးကျောင်းသားဘဝက အူကြောင်ကြောင် မဟုတ်ဘူးလား'

'ရှင်ကလည်း ကိုယ့်သားကို'

www.burmeseclassic.com

www.burmeseclassic.com

ရယ်ရင်းကပင် စားပွဲပေါ်က အချဉ်ထုပ်နှင့် ကောက်၍ ပေါက်လေသည်။

[ ၆ ]

'မိပြီ၊ ဘယ်ပြေးမလဲ'

လွန်ခဲ့သော နှစ်ပေါင်းများစွာသို့ စီးမျောနေသော အတွေးတို့သည် ရယ်သံစွက်သော နှုတ်ဆက်သံကြောင့် လန့်နိုးလာခဲ့၏။

မျက်နှာချင်းဆိုင် တံခါးဝတွင်တော့ ဂျူတီကုတ် အဖြူကလေးဝတ်ထားပြီး လက်ထဲတွင် သွေးပေါင်ချိန်တိုင်း ကိရိယာကို ပိုက်ထားသော သွယ်စုလှိုင်ကို တွေ့ရသည်။ အဖေ့ကို သွေးလာချိန်ပေးတာကိုးဟု တွေးမိသည်၊ တဆက်တည်းမှာပင် အင်းစိန်ဘူတာတွင် လမ်းခွဲခဲ့ပြီးနောက် မိမိနှင့် တစ်ကြိမ်မျှ ပြန်မဆုံဖြစ်ခြင်းကို ရည်ညွှန်းမှန်းလည်း ရိပ်မိလိုက်သည်၊

ဖြူသွယ်သော လက်ချောင်းကလေးများနှင့် အဖေ့လက်မောင်းကို သွေးပေါင်ချိန်တိုင်းသော ကိရိယာပတ်နေသော အခါ၌ကားမှိုင်းဝေသော မျက်ဝန်းအညိုရောင်ကလေးများကို ငေးမောကြည့်မိပြန်သည်။

သည်ရှည်လျား ဖြောင့်စင်းသော မျက်တောင်တို့၏ အောက်ခြေတွင် သည်မျက်ဝန်းတို့သည် တစ်ချိန်က ရွှင်လန်းတက်ကြွ နေခဲ့ဖူးသည်ကိုလည်း အမှတ်ရမိပြန်သည်။ အဆိုတော် 'ခင်မောင်တိုး' ၏ ကြိုးကြာသံသီချင်းထဲက မိုင်ထောင်ချီ ပျံခဲ့သော ကြိုးကြာတို့သည် ခရီးလမ်းတွင် မည်မျှ ပြောင်းလဲခဲ့ပါသလဲ။

မိမိကိုယ်တိုင်ကတော့ ငယ်ဘဝကို ပြန်တွေးရင်း ရင်ခုန်စိတ်ထက် အတွက်ကြီး၍ အမှားသည်းခဲ့သော ဆယ်ကျော်သက် ကိုလတ်ဘဝကို ရှက်ရွံ့အားငယ်သည့် စိတ်ကသာ ဖိစီး၍ လာစမြဲ။



[ ၇ ]

'မေမေတော့ သိပ်ချစ်တာပဲ သားရယ်'

သွယ်စုလှိုင် ပြန်သွားပြီး ခဏအကြာတွင် မေမေက မိမိမျက်နှာကို မကြည့်ဘဲ ပြုံး၍ ပြောသည်။ ဘာဆိုလိုသည်ကို ရိပ်မိလျက်ကပင် ပြုံး၍ ပြန်မေးရသေးသည်။

'လှိုင့်ကိုလား မေမေ၊ ဘာဖြစ်လို့လဲ'

'မသိပါဘူး သားရယ်၊ မေမေ့မျက်စိထဲတော့ သူ ဘာလုပ်လုပ်၊ ဘာပြောပြော ချစ်စရာကောင်းနေသလိုပဲ၊ ဒီအတိုင်း ငေးကြည့်နေရတာကို ရင်ထဲမှာ ချမ်းမြေ့လိုက်တာ၊ ဒီလောက် ချစ်စရာကောင်းတဲ့ မိန်းကလေးကို ဘာလို့ ငါ့သား မချစ်ခဲ့ပါလိမ့်လို့ အံ့ဩနေတာ'

မချိသွားဖြဲသာ ရယ်ပြလိုက်ရသည်။

'အဲဒီ ချစ်စရာကောင်းတဲ့ မိန်ကလေးက မေမေ့သားကို မချစ်ခဲ့တာလို့ရော မတွေးမိဘူးလား မေမေ'

ပြုံး၍ ခေါင်းခါပြသည်။

'မိန်းမတွေရဲ့စိတ်ကို မိန်းမချင်းက ခဏ စကား ပြောတာနဲ့ ရိပ်မိတယ် သား။ အဲဒီလိုမျိုးတော့ လုံးဝ မဖြစ်နိုင်ဘူးလို့ မေမေက တွက်ပြီးသား'

သည်တစ်ခါတော့ စိတ်ထဲကသာ ကျိတ်ရယ်မိတော့သည်။

မေမေကပဲ ကိုယ့်သားကို အထင်ကြီးနေသည်ပဲလား။ လှိုင်ကပဲ အလွန်နားလည်ရခက်သော မိန်းကလေးတစ်ယောက် ပေပဲလားတော့ မသိ။ မေမေ့မှန်းချက်တို့ မည်မျှ လွဲချော်နေသည်ကို သိလျှင် မေမေ အလွန် အံ့ဩပေလိမ့်မည်။

လွန်ခဲ့သော ဆယ်နှစ်ခန့်က သည်ချစ်စရာကောင်းသော မိန်းကလေးကို မိမိက မြတ်မြတ်နိုးနိုး တန်ဖိုးထား ချစ်ခဲ့မိကြောင်း၊

www.burmeseclassic.com

www.burmeseclassic.com



ပြုံး၍သာ နှုတ်ဆိတ်နေမိသည်။ အမှန်တော့ တစ်နှစ်တစ်ခါ ခန့်သာ မြန်မာပြည် ပြန်၍ မိမိနှင့် ဆုံခွင့်နည်းခဲ့ရလင်ကစား မေမေ့ သုံးသပ်ချက်က မှန်သည်။ ဆေးကျောင်းသားဘဝက မိမိက ခပ် အူကြောင်ကြောင်ရယ်ဟု မိမိလည်း ထင်သည်။ ဉာဏ်ရည်နည်း၍ အူကြောင်ကြောင် ဖြစ်ခဲ့ရခြင်းမဟုတ်၊ ဖြစ်ချင်သော ဆန္ဒ၊ ရချင်သော အတ္တ၊ သာချင်သော မောဟတို့ တစ်ချိန်လုံး ဖိစီးနေခဲ့၍ သူများဘက် မှ စဉ်းစား ပေးတတ်သော အလေ့အထ လုံးဝ ပျောက်နေ၍ အူကြောင် ကြောင် ဖြစ်နေခဲ့ရခြင်းဟု ထင်မိသည်။ ချစ်သော 'လှိုင်' နှင့် ဆုံစည်းခါ စမှာပင် 'သည် အူကြောင်ကြောင်' ဇာတ်လမ်းတို့က တရစပ် ဖြစ်ပေါ် နေကြမြဲ။

မှတ်မှတ်ရရ (လိပ်ခုံး) ဆေးတက္ကသိုလ်(၁)သို့ မိမိ နက်ခ်တိုင် စည်း၍ ကျောင်းသွားတက်မိသည့်နေ့က ဆိုပါစို့။

[ ၂ ]

ဒုတိယ အမ်ဘီဘီအက်စ် အငယ်တန်းကျောင်းသားဘဝ 'လတ်ငြိမ်း' ဆိုသည့် နာမည်ကို ဘယ်သူမှ မခေါ်။ ကိုလတ်ဟုသာ ခေါ်ကြသည်။ မိမိက 'မိလှိုင်' ဟုခေါ်သော သွယ်စုလှိုင်၊ သိန်းမိုးနှင့် မိမိတို့ ရင်းနှီး စပြုနေပြီ။ အမှန်တော့ မိလှိုင်နှင့် သိန်းမိုးမှာ အထက(၁)၊ ဒဂုံတွင် အတူတူ ကျောင်းတက်လာကြသော ငယ်သူငယ်ချင်းများ ဖြစ်ကြ၍ အလွန် ရင်းနှီးနေကြပြီးသား။ မိမိကတော့ နယ်မှ တက္ကသိုလ်ဝင်တန်း အောင်သူဖြစ်၍ နောက်မှ ခင်မင်ကြခြင်းသာ။ ပထမ သိန်းမိုးနှင့် နွေရာသီ အင်္ဂလိပ်စာ သင်တန်းတစ်ခုတွင် ရင်းနှီးခဲ့ကြပြီး ဆေး တက္ကသိုလ် ပထမအမ်ဘီဘီအက်စ် စတက်ချိန်တွင်တော့ သိန်းမိုး သူငယ်ချင်း၊ မိလှိုင်နှင့်ပါ ခင်မင်ခဲ့ကြသည်။ ချက်ချင်းတော့လည်း မရင်းနှီးလှသေး။



မရင်းနှီးရခြင်းအကြောင်းက မိလှိုင်ကြောင့်မဟုတ်။ တကယ် တော့ မိလှိုင်သည် ဆေးတက္ကသိုလ်(လိပ်ခုံး)၏ မိန်းမလှကလေးများ စာရင်းတွင် ပါဝင်သည်အထိ ချောမောလှပပြီး ပညာထူးချွန်သည့် ကျောင်းသူတစ်ဦး ဖြစ်သော်လည်း ဟိတ်ဟန်နှင့် မနေတတ်။ ယောက်ျားလေး၊ မိန်းကလေး မခွဲခြားဘဲ ရင်းနှီးခင်မင်စွာ နေတတ်သူ တစ်ဦးဖြစ်သည်။ အသားက ဖြူဖြူ ခပ်သွယ်သွယ်နှင့် ထာဝရ ရယ်မော နောက်ပြောင် နေတတ်သော မိလှိုင်ကို လက်တွေ့စားပွဲ အတူတူ ကျသော ကျောင်းသား၊ ကျောင်းသူ နှစ်ဆယ်စလုံးက ရင်းနှီး ကြသည်မှာ မိလှိုင်သည် ယောက်ျားကလေးများနှင့် မိန်းကလေးများ အုပ်စု နှစ်စုကြား ပေါင်းကူးတံတားသဖွယ်ပင် ဖြစ်နေခဲ့လေပြီ။

ပြဿနာက မိမိ။ မိမိက ပြဿနာတစ်ခုလုံးနှင့် လုံးချာလည် လိုက်နေ၍ တစ်တန်းတည်းသားများနှင့် ရင်းရင်းနှီးနှီး မရှိတတ်သေး၊ ပြဿနာကလည်း ဘယ်သူမပြု မိမိမှုသာ။ ၁၀ တန်းအောင်ပြီး ကျောင်းပိတ်ထားစဉ် နယ်မှ တက္ကသိုလ်ပထမနှစ် ကျောင်းသူတစ်ဦး နှင့် ရည်းစားဖြစ်ခဲ့သည်။ 'စိုးစိုးမာ' တဲ့။ ၁၆ နှစ်သားကျော်ကျော် အရွယ် ဘဝအကြောင်း၊ အချစ်အကြောင်း၊ နောက်ဆုံးတွင် တကယ် နှို မရှိပင် ပီပီပြင်ပြင် မသိသေးသူက ရည်းစားထားတော့လည်း မိုက် ရာတော့ ကျသည်။

စိုးစိုးမာကို တကယ် စိတ်ဝင်စားသလား၊ မဝင်စားသလားလည်း ဘယ်တုန်းကမှ မသေချာလိုက်။ သေချာသည်ကတော့ ထိုစဉ်က ပေါင်းသင်းခဲ့သော နယ်မှ တစ်တန်းတည်းသား ကျောင်းနေဖက် သူငယ်ချင်းများက ဝိုင်းမြှောက်ပေးခဲ့ကြသည်ပင်။ လူပျိုဖြစ်ခါစ ဘယ် မိန်းကလေးနှင့် မျက်လုံးချင်းဆုံဆုံ ရင်ခုန်မိတတ်သော အရွယ်တွင် သက်တူရွယ်တူ သူငယ်ချင်းများထက် စောပြီး ရုပ်ရည်သင့်တင့်သော မိန်းကလေးတစ်ဦးကို ချစ်သူအဖြစ် တွဲပြနိုင်ခြင်းကို ဂုဏ်ယူ မိခဲ့သော မိမိသည် သူငယ်ချင်းများအပေါ် ဝင့်ကြွားလိုစိတ် တစ်ခုနှင့်ပင်

www.burmeseclassic.com

www.burmeseclassic.com



စိုးစိုးမာကို ကြိုးစားခဲ့မိသည်၊ အပြင်းအထန် ကြိုးစားခဲ့ရသည်တော့လည်း မဟုတ်၊ 'ဆေးတက္ကသိုလ် ဝင်ခွင့် ရထားပြီး ကျောင်းအဖွင့် စောင့်နေရသူ' ဆိုသည့် ဂုဏ်ပုဒ်ကပင် ထိုခေတ်၊ ထိုအခါက ထိုအရပ်ဒေသတွင် အလွန် ရေပန်းစားခဲ့ဖူးလေသည်။

ပြဿနာက မိမိ ဒုတိယ အမ်ဘီဘီအက်စ် ကျောင်းသားဘဝတွင် စိုးစိုးမာက ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်သို့ တတိယနှစ်တက်ရန် ရောက်လာခဲ့သည်၊ သည်မတိုင်ခင်က စာကလေး အပြန်အလှန် ရေးကြ၊ မှတ်မှတ်ရရ မိဘများ နိုင်ငံခြားမသွားခင် မိမိကနယ်သို့ တစ်ခေါက်ပြန်လည်စဉ် နှစ်ခါ၊ သုံးခါ ချိန်းတွေ့ကြ၊ နောက်ပိုင်းတွင် စာ အရေးပါ ကျဲလောက်အောင် သွေးအေးစ ပြုလာကြပြီး မိမိကိုယ် မိမိ အသက် ၁၈ နှစ်သာ ရှိသေးသည့် လူငယ်ကလေးတစ်ယောက်ပီပီ နေသင့်သည်၊ တကယ် မချစ်ဘဲ ရည်စားတစ်ယောက်ရှိမနေသင့်ဟူသည့် အတွေးများ ဝင်လာခါစအချိန်တွင်ပင် စိုးစိုးမာက အနီးဆုံးသို့ ပြန်လည် ရောက်ရှိလာခဲ့သည်။ သည်မှာပင်လျှင်နားလည်အောင် ရှင်းပြရခက်သော ပြဿနာများဖြင့် လုံးချာလည်လိုက်လာခဲ့လေသည်။

[ ၃ ]

ထိုနေ့မတိုင်ခင်တစ်ရက်က စိုးစိုးမာက မိမိကို နက်ခ်တိုင်လည်စည်းတစ်ချောင်း လက်ဆောင်ပေးသည်။ ပြီးတော့ နောက်တစ်နေ့တွင်ကျောင်းကို စည်းသွားရမည်ဟု အရေးဆိုသည်။ ပတ်ဝန်းကျင်တွင်ဆေးကျောင်းသားတစ်ဦးနှင့် ရင်းရင်းနှီးနှီး ဆက်ဆံခဲ့ဖူးခြင်း မရှိသောစိုးစိုးမာသည် ဆေးကျောင်းသားများသည် အဖြူ အမည်း မြန်မာရုပ်ရှင်ဇာတ်ကားများ ထဲကလိုပင် အနောက်တိုင်းဝတ်စုံနှင့် သပ်ရပ်စွာ ကျောင်းတက်ကြသည်ဟု ထင်နေရှာ လေသည်၊ အမှန်တော့ ၁၉၈၀ ပတ်ဝန်းကျင်က ဆေးကျောင်းသားတို့သည် ဆံပင် စုတ်ဖွား၊



ရေမလွှယ်အိတ်ကြီးများကို လွယ်၍ ဘတ်စ်ကား တိုးစီးနေကြသည်ကများသည်ပင်။

ငြင်းရင်း၊ ခုံရင်း၊ တွန်းရင်း၊ ထိုးရင်းကပင် နောက်ဆုံးတော့လည်လာသော မျက်ရည်များကို မိမိ အလျှော့ပေးခဲ့ရသည်။ 'မောရစ်သျှ' သမ္မတနိုင်ငံမှ လာတက်နေသော ဆေးကျောင်းသား သုံးဦးမှမိတို့အတန်းတွင် ရှိသည်။ အနည်းဆုံးတော့ သူတို့လည်း သည်လိုပင်ဝတ်စားနေကြတာပဲလေ' ဟု ဖြေတွေး တွေး၍ သည် လည်စည်းကိုစည်းပြီး ကျောင်းတက်မိသည်။

လက်တွေ့မှာတော့ ထင်သလောက် မလွယ်လှ၊ လိပ်နှုံးအားကစားခန်းမရှေ့ ရောက်ရောက်ချင်း သိန်းမိုးတို့အုပ်စုနှင့် တိုးသည်။ နက်ခ်တိုင်ကို ဝိုင်းဆောင့်ဆွဲကြသည်။ ဘောင်းဘီရှည်အောက်စကို ကုန်း၍ ဆွဲမကြသည်၊ ရှက်ရှက်နှင့် တွန်းထိုး ထွက်ပြေးလာခဲ့တော့လည်း ရယ်သံများ ဆူညံကျန်ခဲ့သည်။

နောက်ဆုံး လူရှင်းသည့်နေရာတွင် အချိန်ဖြုန်းမည်ဟု စိတ်ကူးပြီး အပေါ်ထပ် ဓာတုဗေဒဌာန စာဖတ်ခန်းလေးထဲတွင် တစ်ယောက်တည်း သွားထိုင်နေလိုက်သည်၊ သိပ်မကြာမီမှာပင် မိလှိုင်က စာအုပ်ကလေးတစ်အုပ် ကိုင်၍ ဝင်လာခဲ့လေသည်၊

ပထမတော့ မိလှိုင်လည်း ဝင်ထိုင်ပြီး စာဖတ်ဟန် ပြင်သေးသည်၊ နောက်မှ မိမိ၏ ထူးခြားမှုကို သတိထားမိပြီး မထိုင်ဖြစ်ဘဲလှည့်ကြည့်သည်။ ပြီးတော့ ခွက်ထိုးခွက်လန် ရယ်မောလေတော့သည်။

'ဟဲ့ ကိုလတ်၊ ဘယ်သူ မြှောက်ပေးလိုက်တာလဲ'

'ဘယ်သူမှ မမြှောက်ပါဘူး၊ ကိုယ့်ဟာကိုယ် မြှောက်နေတာပါ'

'ဒီလိုတော့လည်း ဝန်ခံတတ်သားပဲ'

နှစ်ယောက်သား ရယ်မိကြသည်။ ခုမှတော့ မထူးတော့ရှက်ရှက်နှင့် ရောချရုံသာ ရှိတော့သည်။ မိလှိုင်က မျက်နှာပိုးသတ်ပြီး မချိုမချဉ်နှင့် မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



အထက်တန်း သူနာပြုဆရာမက ကဲန့်ကွက်ဟန် ပြင်သည်။ အငယ်တန်း သူနာပြုဆရာမကလေးကတော့ ရယ်၍ ထောက်ခံ သည်။

'ကောင်းတယ် ဆရာ၊ ကျောင်းက ကျန်းမာရေးတာဝန်ခံ ဆရာမက အပျိုကြီး၊ ချောလည်း ချောတယ်၊ ဆရာကလည်း လူပျိုကြီးဆိုတော့ ခင်ရတာပေါ့'

'တယ် ဒီကောင်မလေး'

ကြီးကြပ် (၁)က လှမ်းဟန့်သည်။

'သူပြောမှ သတိရတယ်၊ အဲဒီဆရာမက ဆရာ ပြောင်းလာခါစက ကျွန်တော်နဲ့ စကားစပ်မိပြီး ဆရာ ငယ်ငယ်က သူနဲ့ တစ်မြို့တည်းမို့ သိတယ်လို့တောင် ပြောဖူးတယ်'

'ဟုတ်လား နာမည်က'

'ဒေါ်စိုးစိုးမာတဲ့'

အိပ်ရေးပျက်၍ လေးတွဲ့နေသော မျက်လုံးတို့ ပြန်ပွင့်သွားလေသည်။

[ ၂ ]

ပြင်ပလူနာကြည့် စားပွဲတွင် တစ်ဦးတည်း ထိုင်နေမိရင်းက တစ်ညလုံး အိပ်ပျက်၊ သွေးလှူထားသည့် အရှိန်နှင့်ပဲ မေ့ခနဲ အိပ်ပျော် သွားပြီး အိပ်မက်မက်မိခြင်းလား။ အသိစိတ်ကပင် အိပ်တစ်ဝက် နိုးတစ်ဝက်နှင့် တမင် ပြန်စဉ်းစားမိခြင်းပဲလား၊ စိတ်ထဲတွင် သိပ် မသဲကွဲလှ။ အာရုံတို့က 'စိုးစိုးမာ' နှင့် နောက်ဆုံးတစ်ကြိမ်အဖြစ် တွေ့ခဲ့ရသည့် ဒုတိယ အမ်ဘီဘီအက်စ် ကျောင်းသားဘဝ၏ နေ့ တစ်နေ့သို့ ပြန်ရောက်သွားခဲ့သည်။

အရေးကြီးကိစ္စ ရှိနေ၍ ကျောင်းဖျက်ပြီး လာခဲ့ပါဟု စိုးစိုးမာက ချိန်းသည့်နေ့။

'မိလှိုင် နှင့် သိန်းမိုး တွေ့မိလား'



'ဟဲ့ သိန်းမိုး ဘောလုံးလေ့ကျင့်ဖို့ သွားတယ်၊ ကျောင်းမတက်ဘူး။ နင်ကလည်း ဒီလောက် တွဲနေပြီး မသိဘူးလား'

ပြောလည်း ပြောစရာပင်။ ကိုယ့်ကိစ္စပဲ ကိုယ် စိတ်ဝင်စားသည်မှာ ဓသိ ဖြစ်နေ၍ သိန်းမိုးသည် ကျောင်းလက်ရွေးစင် ဂိုးသမားဖြစ်ကြောင်းနှင့် ဘောလုံးပွဲ နီး၍ စခန်းသွင်း လေ့ကျင့် နေပြီဖြစ်ကြောင်း လုံးဝ သတိမရမိ။

'ဒုက္ခပါပဲကွာ၊ ငါ ဒီကောင့်ကို လက်မှတ်ထိုးခိုင်းမလို့'

'ဘာလဲ အဆက်က ခေါ်နေလို့လား'

'မဟုတ်ပါဘူးဟ၊ တကယ် အရေးကြီးကိစ္စ ပေါ်လာလို့ပါ။ ပြီးတော့ ဒီတစ်ကြိမ် ပျက်ရင် ဒီလ ၅၀% ဖြစ်ပြီဟ၊ ပါမောက္ခ ခေါ်တွေ့ခံထိတော့မယ်'

'တခြားကောင်တွေ ထိုးပေးခိုင်းပေါ့'

'မရဘူးကွ၊ ဒီကောင်တွေက ဆရာမ မိမှာ ကြောက်တယ်တဲ့၊ သိန်းမိုးပဲ လုပ်ရဲတာ'

'ငါလည်း လုပ်ရဲပါတယ်၊ ဒါပေမဲ့ ငါက သိန်းမိုးတို့ ဘောလုံးလေ့ကျင့်တာ သွားကြည့်မလို့၊ ငါလည်း မတက်ဘူး၊ အဲဒါကြောင့်'

'ဒါဆိုလည်း ကြည့်မနေပါနဲ့ဟာ တက်လိုက်ပါ၊ နင်က လိမ္မာပါတယ်'

မိလှိုင်က ရယ်သည်။

'ကိုလတ်၊ နင်ဟာလေ လိုချင်တာ ရှိရင် ကလေးဆိုးကြီး ကျနေတာပဲ၊ ငါက ဘောလုံး လေ့ကျင့်တာကို ကြည့်ရတာ ဝါသနာပါတယ်ဟ'

'တက်လိုက်ပါဟာ၊ နင်ကြည့်ချင်ရင် ငါ ပြန်လာမှ ဒီကောင့်ကို တစ်ခေါက် ပြန်ဖမ်းခိုင်းပါမယ်၊ သွင်းပေးမယ့်လူ မရှိရင် ငါပဲ ကန်ပေးပါမယ့်'

'နင်က အပေါက်တည့်အောင် သွင်းမှ မသွင်းတတ်တာ'

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ချစ်ခဲ့မိကြောင်းကိုလည်း အရဲစွန့်၍ ဖွင့်ပြောခဲ့ဖူးကြောင်း၊ ထိုစဉ်က ထိုမိန်းကလေးက ငြင်းပယ်ခဲ့ဖူးကြောင်းကို သိရှိမှုနှင့်တော့ မေမေ သိပ်အံ့ဩလိမ့်မည်မထင်။

လွန်ခဲ့သည့် ငါးနှစ်ကျော်ကာလ မေမေတို့ ပြည်ပတွင်ပင် ရှိနေခဲ့စဉ်က ဧရာဝတီတိုင်းတွင်းရှိ မြို့ငယ်ကလေးတစ်မြို့၏ မြို့နယ်တရားရုံးတွင် ထို ချစ်စရာကောင်းသော မိန်းကလေးနှင့် မိမိတို့ အသိသက်သေများ ရှေ့မှောက်တွင် ကတိသစ္စာ ရွတ်ဆိုပြီး လက်မှတ်ရေးထိုး လက်ထပ်ခဲ့ဖူးကြောင်းကို မေမေသိလျှင်တော့ ပြင်းထန်စွာ အံ့ဩတုန်လှုပ်မိပေလိမ့်မည်၊

ကျန်းမာရေးဦးစီးဌာန စာရင်းအင်း ဌာနခွဲရှိ 'ဒေါက်တာသွယ်စုလှိုင်'၏ ကိုယ်ရေးရာဇဝင်ကတ်ပြား အိမ်ထောင်ရေးအခြေအနေဆိုသည့် ကွက်လပ်တွင် 'ရှိ၊ ခင်ပွန်းအမည် - ဒေါက်တာလတ်ငြိမ်း' ဟူသည့် စာသား ဖြည့်သွင်းထားကြောင်းကို မေမေ သိရလျှင်တော့ မေမေ ဘယ်လို တုံ့ပြန်မည်ကို တွေးပင် မတွေးရဲပါ။

တကယ်တော့ ကြိုးကြာငှက်တို့၏ မိုင်ထောင်ချီသော ခရီးတွင် လျှို့ဝှက်ချက်များလည်း ရှိနေခဲ့လေသည်၊

www.burmeseclassic.com

www.burmeseclassic.com





ရင်သို့ ထုတ်ချင်းခတ်သော မြား

www.burmeseclassic.com

www.burmeseclassic.com



'ကိစ္စမရှိပါဘူး၊ ငါ တည့်နေရင်လည်း သူက စိမှာမှ မဟုတ်တာ'

ပြိုင်တူ ရယ်မိကြသည်။ နောက်ဆုံးတော့ သဘောကောင်းသူ ပိပိ မိလှိုင်ကပဲ လျှော့ရသည်။

'ကဲပါဟာ နင် ဒီလောက် အသည်းအသန် ဖြစ်နေရင်လည်း ငါ တက်လိုက်ပါ့မယ်၊ ခွေးကောင်၊ ငါ လက်မှတ်ပဲ ထိုးပေးမှာနော်၊ စာတော့ နင့်ဟာနင် ပြန်ကူး'

'ကျေးဇူးကြီးပါတယ် သူငယ်ချင်းရာ၊ ကူးဖို့တော့ နင့်မိုင်ပဲ ငှားနော်'

'ဟောတော့ မပြီးနိုင်တော့ပါလား'

'ဘာလဲ မငှားဘူးလား'

'အောင်မာ အသံကိုက မငှားဘူး၊ မငှားဘူး ဘာဖြစ်လဲ'

မျက်စောင်းထိုးနေသော မိလှိုင်ကို ပြောင်ချော်ချော် အလေးပြု ရယ်ပြရင်း စိုးစိုးမာဆီ အပြေးတစ်ပိုင်း ထွက်ခဲ့သည်။

ချစ်စရာကောင်းသော သူငယ်ချင်းကြောင့် တစ်ပိုင်းတစ်စ ပြုံးနေမိသော မျက်နှာသည် စိုးစိုးမာရှေ့ရောက်ပြီး မိနစ်ပိုင်းပင် ပြည့်အောင် မခံခဲ့ရ။

[ ၃ ]

စိုးစိုးမာပြောသည့် အရေးကြီးသည်ဆိုသော ကိစ္စမှာ မိလှိုင်ကိစ္စ ဖြစ်နေသည်။ ယောက်ျားလေး၊ မိန်းကလေး စည်းမခြားတတ်၍ မိမိနှင့်ရော၊ သိန်းမိုးနှင့်ပါ တရင်းတနှီး နေလေ့ရှိသော မိလှိုင်၏ သတင်းကို စိုးစိုးမာ၏ သူငယ်ချင်းများက စိုးစိုးမာထံ အရောက်ပို့ ကြသည်။ မိလှိုင်က မိမိနှင့် သိန်းမိုး ဘယ်သူရရဟု အခြေအနေ မြောင်းပေးနေသည်ဟု စိုးစိုးမာက စွပ်စွဲသည်။ စိုးစိုးမာနှင့် ဆက်ဖို့ မဆက်ဖို့ ကိစ္စကိုပင် ရင်ခုန်၍ မရသော နှလုံးသားက ဦးနှောက်ကို



ပူနေအောင် စဉ်းစားထားခိုင်းချိန်မို့ စိုးစိုးမာ အထင်လွဲသည်ကိုတော့ ဘယ်လိုမှ စိတ်မပူမိ။

ဖြူစင်သလောက် ပွင့်လင်းချစ်စရာကောင်းသော သူငယ်ချင်း မိလှိုင်၏ သိက္ခာကို ထိပါးသော စကားများကြောင့်တော့ ခွန်းကြီး ခွန်းငယ် စကားများဖြစ်ခဲ့သည်။

နောက်ဆုံးတော့ စိုးစိုးမာလည်း မျက်ရည်ကျသည်။ မိမိလည်း တောင်းပန်စကား နှိမ့်သိမ့်စကား မဆိုဘဲ စိုးစိုးမာရှေ့မှ ချာခနဲ လှည့်ထွက်လာမိခဲ့သည်။

လိပ်ခုံးရှေ့ ပြန်အရောက်တွင်တော့ ကားလမ်းပေါ်တွင် စုရုံး စုရုံး ဖြစ်နေကြသော တတန်းတည်းသား ကျောင်းသူ ကျောင်းသား အုပ်ကြီးကို မြင်ရ၍ အံ့သြ မှင်တက် သွားမိပြန်သည်။ တစ်ယောက် တစ်ပေါက် ပြောဆို ဆူညံနေကြသည်မှာ ပွက်လောရိုက်နေသည်။

'ဟေ့ ဘာလဲ၊ ဘာဖြစ်တာလဲ'

'ကားတိုက်သွားလို့လေ၊ မင်းက ဘယ်ရောက်နေလို့ မသိ တာလဲ'

'ဟေး ကိုလတ်၊ မင်းကို သိန်းမိုးက သူ့အိမ် ဖုန်းဆက်ပေးပါ လို့ မှာသွားတယ်၊ သူ ကားနဲ့ ဆေးရုံ လိုက်သွားပြီ'

'ဘယ်သူလဲ ဘယ်သူ အတိုက်ခံရတာလဲ'

'ဒီ ကားသမား မောင်းပြေးဦးမလို့ကွာ။ သိန်းမိုး လျှင်ပေလို့'

'အောင်မာ သိန်းမိုး ခံနေလို့ နှမ်မှိုဆိုရင် ငါတို့ ဝိုင်းရိုက်တယ်'

'ဟဲ့ မပြောနဲ့၊ သိန်းမိုး လုပ်တာ မှန်တယ်၊ ဟိုကောင်က နင် တို့အုပ်ကို ကြောက်လို့ မောင်းပြေးမလို့ လုပ်တာ၊ မိလှိုင်ပခုံးက သွေးက တော်တော်ထွက်နေတာ၊ ဆေးရုံပို့ဖို့ အနားမှာ ဘယ်သူ့ ကားမှ အဆင်သင့်ရှိတာ မဟုတ်ဘူး၊ သိန်းမိုးက ကျွန်တော် တာဝန် ယူတယ်၊ ရပ် ရပ်ဆို လိုက်ဆွဲလို့ သူရပ်ပေးတာ'

'ပခုံးက သွေးထွက်ပေမဲ့ ပွန်းရုံပဲဟ၊ ခြေထောက်က ဘာဖြစ် သွားတယ် မသိဘူး၊ ဟိုကောင်တွေအုပ်ကြီး ဝိုင်းလာတော့ မိလှိုင်က

www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

တစ်စက်ပြီး တစ်စက်သော သွေးစက်များ။

မိမိ၏ လက်ဖျံ အတွင်းမှ ခုတင် ခြေရင်းရှိ သွေးပုလင်းထဲ ကျဆင်းနေသည်ကို ငုံ့စောင်း၍ ကြည့်မိသည်။

ဖွင့်ထားသော ပြတင်းပေါက်မှတစ်ဆင့် ဆောင်းကြိုလေအေး တစ်ချက် ဝေ့ခနဲ တိုက်ခတ်လာသည်။ တိုက်နယ်ဆေးရုံ၏ မျက်နှာ စာတွင် ဘာ အဆောက်အအုံမှ မရှိဘဲ ရထားလမ်းနှင့် မြက်ခင်းသာ ရှိနေသဖြင့် အတားအဆီးမရှိ တိုက်ခတ်လိုက်သော လေသည် ဆောင်းဦး၏ နှင်းငွေ့တို့ဖြင့် စွတ်စိုအေးစက်နေသည်။

ခုတင်ဘေးတွင် ထိုင်စောင့်နေသော အထက်တန်းသူနာပြု ဆရာမကလေးက ခုတင်ခြေရင်းမှ စောင်ကို ကိုယ်ပေါ်သို့ လွှမ်းခြုံ ပေးသည်။ အပ်ထိုးရ လွယ်ကူစေရန် ဖီးလ်ကျာကင်ကို ချွတ်ထားရ သဖြင့် ဆောင်းမနက်ခင်း၏ အရက်တက် အအေးဒဏ်ကို ခံနေရရာမှ အနည်းငယ် နေသာထိုင်သာ ဖြစ်သွားသည်။

အခန်းပေါက်ဝခန်းဆီးကို မ၍ ကျန်းမာရေးကြီးကြပ်အဆင့် ၁ က ချောင်းကြည့်သည်။

'ဆရာ ဖြစ်ရဲ့လား'



ပြုံး၍ ခေါင်းညိတ်ပြလိုက်သည်။

သွေးလွန်သော ကိုယ်ဝန်ပျက်ကျလူနာ၏ အသက်ကို ကယ် နေရ၍ မိမိ တစ်ညလုံး မအိပ်ဖြစ်လိုက်သည်ကို ကြီးကြပ်(၁)က သိ ၏။ မိုးလင်းတော့ လူနာအခြေအနေ အနည်းငယ် ပြန်ကောင်းလာ သော်လည်း အားရဖွယ်ရာ မရှိသေး။ သွေးထွက် များထား၍ဖြစ်မည် ဟု ယူဆပြီး ကမန်းကတန်း သွေးအုပ်စု ခွဲကြည့်တော့ မိမိသွေးနှင့် သာတူနေသည်။ အမြန်ဆုံး ရနိုင်မည့် မိမိသွေးကိုပင် ထည့်မည် ဟုံးဖြတ်တော့ တစ်ညလုံး အတူတူ ကူညီလုပ်ကိုင်ထားသည့် သူနာပြု ဆရာမကလေးက အတန်တန် တားလေသည်။

အလုပ်သမားကလည်း မခိုင်းဘဲနှင့် ကြီးကြပ်(၁)ကို သွားခေါ် လာသည်။ အငယ်တန်း သူနာပြုဆရာမကလေးကလည်း သတင်း ကြား၍ အလုပ်စောဝင်လာသည်။ အဖွဲ့သားအားလုံး လူနာကိုရော၊ ဆရာဝန်ကိုပါ စိတ်ပူစွာ စောင့်ပေးကြရှာလေသည်။

'ဘယ်နှနာရီလဲ ဆရာမ'

'မနက် ၆ နာရီခွဲ ဆရာ၊ ဘာဖြစ်လို့လဲ'

'ဗိုက်ဆာချင်သလို ဖြစ်လာလို့ဗျ။ ကောင်လေးကို ကျွန်တော် တို့အားလုံးအတွက် လက်ဖက်ရည်နဲ့ မုန့် ဝယ်ခိုင်းလိုက်ပါဗျာ။ ဒီ ပိုက်ဖြုတ်ပြီးရင် စားမယ်'

'ဟုတ်ကဲ့ ဆရာ'

ဆရာမကလေး အပြင် ထွက်သွားသည်။ ခဏကြာတော့ ရက်ပြန် ဆွတ်ထားသည့် ဂွမ်းစကလေးကိုင်၍ ပြန်ဝင်လာသည်။ ဟုတ်ပါရဲ့ ပြည့်တော့မှာပဲ။

ဆရာမကလေးက အပ်ကို ကျင်လည်စွာ ဖြုတ်သည်။

'ဆရာမ မဒေါင်းသေးဘူးလား။ မနေ့ညနေကတည်းက မထိုင် ရသေးတာ တစ်ညလုံးပဲ'

'ပေါ်တော့ ဆရာကလည်း၊ သွေးပါ လှူထားတဲ့လူကများ'

www.burmeseclassic.com

www.burmeseclassic.com



ရယ်ရယ်မောမောနှင့်ပင် 'အဲသလို ပေပေတေတေ နေတတ်တာ ကြာလာတော့ ခံနိုင်ရည်က အလိုလို တက်နေတယ်လေ။ စိတ်မပူပါနဲ့' ဟု ဖြေလိုက်ရသည်။

'သိပါတယ် ဆရာရယ်၊ ဆရာ့အကြောင်းတွေက ဆရာနဲ့ တွေ့ပြီးမှ သိရတာ မဟုတ်ပါဘူး၊ ဆရာ့ရှေ့က တိုက်နယ်ဆရာဝန်က အခုလာမှာ ချင်းတောင် လတ်ငြိမ်း သိလား၊ နာမည်ကြီး စေတနာ ဆရာဝန်ဆိုပြီး ဆရာ့ဇာတ်လမ်းတွေ အစုံပြောပြသွားလို့ ကြားဖူးပြီးသားပါ၊ ကိုယ်တိုင် တွေ့ရတော့လည်း ကြားတဲ့အတိုင်းပါပဲ'

အိပ်ရာမှ ထထိုင်ရင်း ရှက်ရှက်နှင့် ရယ်သည်၊

'လက်ဖက်ရည် တိုက်ပါမယ်ဆိုမှ မြှောက်နေပြန်ပြီဗျာ၊ ကဲ အဲဒါထည့်လိုက်တော့ဗျာ၊ အခု ချိတ်ထားတဲ့ လက်ကျန်ကို ခဏဖယ်ထားလိုက်၊ သွေးသွင်းပြီးမှ ပြန်ချိတ်၊ ဟုတ်ပြီလား'

'ဟင် ဆရာ၊ ခဏလုပ်ဦးလေ။ သွေးချိန်ရအောင်'

ရယ်၍ 'ချိန်မနေပါနဲ့ဗျာ၊ ကျွန်တော် ဘာမှ မဖြစ်ပါဘူး၊ ချိန်လို့ကျလည်း ဒီသွေးတွေ ပြန်ထည့်နေမှာမှ မဟုတ်တာ၊ လက်ဖက် ရည်သောက်လိုက်ရင် လန်းသွားမှာပါ။ လူနာသာ အဲဒီသွေးထည့် လိုက်၊ ပြီးရင် ရှေ့ပြန်လာခဲ့၊ ကျွန်တော်တို့ လက်ဖက်ရည်ဝိုင်းလေး စ,လိုက်ရအောင်'

'သောက်နှင့်ပါ ဆရာ'

ရှေ့ဘတ် ပြင်ပလူနာဌာနသို့ ထွက်လာခဲ့သည်။ လက်ဖက်ရည်သောက်နေသော ကြီးကြပ်(၁)က ခုံကလေး ထရွှေ့ပေးသည်၊

'နေ. . . နေ ကိုလှ'

သူ့ဘေးတွင် ဝင်ထိုင်၍ လက်ဖက်ရည် ပန်းကန်ကို လှမ်းယူလိုက်သည်။ ပထမ တစ်ကျိုက်တွင်ပင် ဝမ်းထဲတွင် နွေးခနဲ ဖြစ်သွားသည်။

'ဆရာ့သွေးလှူရှင်ကတ် ဆရာပဲ ဖြည့်ရမှာပေါ့နော်'



'သွေးလှူတာ ရှစ်ခါရှိပြီ၊ ကတ်ပြားလည်း တစ်ခါမှ မသိမ်းမိပါဘူးဗျာ'

ရယ်မော၍ ဖြေတော့ ကြီးကြပ် (၁) က မိမိကို ထူးဆန်းသောသတ္တဝါလို ငေးကြည့်နေလေသည်။

သူနာပြုဆရာမကလေး နှစ်ဦး ဝင်လာသည်၊ လက်ထဲတွင် အတွင်းလူနာ စာရွက်များစု၍ ကိုင်လာကြသည်။ အဖျားတိုင်းပြီးပြန်လာကြပုံပင်။

'ဟို ကလေးလူနာရော အဖျားကျလား ဆရာမ'

'ကျပါတယ် ဆရာ၊ လန်းလည်း လန်းပါတယ်'

ကြီးကြပ် (၁)က အခုမှ သတိရဟန်ဖြင့် ခြော် ဆရာဟုခေါ်သည်။

'ဒီနေ့ ကျွန်တော်တို့ ကျောင်းကျန်းမာရေး သွားရမယ်၊ အဲဒါ ဟိုရန်ကုန်ကနေ မော်ဘီကို ကွင်းဆင်းတဲ့ အလုပ်သင်ဆရာဝန် သုံးယောက်လည်း လာမယ်လို့ ဆရာ ပြောထားတာ၊ အဲဒါ ကျောင်းကို ထည့်ပေးလိုက်ရမလား'

'ကောင်းသားပဲဗျ၊ သူတို့ကို ဟောပြောခိုင်းလိုက်တာပေါ့၊ ခင်ဗျား လိုက်သွားမလား'

'အမျိုးသမီး ကျန်းမာရေး ဆရာမနဲ့ပဲ လွှတ်လိုက်လို့ မရဘူးလား ဆရာ'

'ဘာဖြစ်လို့လဲ'

'ကျွန်တော် ဒီမှာ ဆရာ့အစား ပြင်ပလူနာ ကြည့်ပေးမလို့၊ ဆရာ ပြန်နားလိုက်လေ'

'ဟာ ရပါတယ်၊ ကျွန်တော်က အိုကေပါပဲ၊ ကဲ ဒီလိုလုပ်ဗျာ၊ ခင်ဗျား ဒီမှာ ထိုင်ပေးလိုက်၊ ကျွန်တော်လည်း ကျောင်းကို မရောက်ဖူးသေးတော့ သူတို့နဲ့ ကျွန်တော်ပဲ လိုက်သွားလိုက်မယ်၊ အဲဒီက ပြန်မှ နားမယ်လေ'

www.burmeseclassic.com

www.burmeseclassic.com



ထ,တားသေးတယ်၊ ပြီးတော့မှ ခွေကျသွားလို့ သိန်းမိုးက ကားပေါ် မွေ့တင်သွားရတာ'

ဘုရား၊ ဘုရား။

ရင်ထဲတွင် ဗလောင်ဆူလာသည်။ မိလှိုင်၊ မိလှိုင် ဆိုပါလား။

မိလှိုင်ကို ပြဿနာရှာချင်သည့် ရည်းစားက ချိန်း၍သွားသော မိမိ၊ မိလှိုင်မတက်ရန် ရည်ရွယ်ပြီးသားအတန်းကို သည်ကိစ္စကြောင့် ပင် အတင်းတက်ခိုင်းပြီး မိမိအတွက် လက်မှတ် ထိုးခိုင်းခဲ့သည်။ မိလှိုင်လည်း ဒါကြောင့်သာ သည်အတန်းကို တက်ဖြစ်ခြင်း၊ ဒါ ကြောင့်သာ သည်ကျောင်းဆင်းချိန်တွင် သည်လမ်းမှ ဖြတ်မိခြင်း၊ ဒါကြောင့်သာ ကားတိုက်ခံရခြင်းပါပေ။

ဘုရားရေ မိလှိုင်ရယ် နင့်အပေါ် မှာ ငါ မတရားလွန်းရာ ကျနေ ပါရောလား။

[ ၄ ]

ထိုညနေပိုင်းက သိသိသာသာပင် ယောင်ချာချာ တုန်လှုပ်ချောက် ချားနေခဲ့မိသည်။ မိမိနေထိုင်ရာ ဦးဝိစာရအိမ်ရာစခန်းကြီး အတွင်းရှိ မြက်ခင်းပြင်ကို တစ်ခါမှ မမြင်ဖူးသည့် မျက်နှာမျိုးဖြင့်လည်း တစ်နာရီခန့် သွားငေးနေမိသေးသည်။ ဆေးရုံကိုတော့ လိုက်မသွား ခဲ့။ စိတ်ထဲတွင် မိလှိုင် အခြေအနေကို မြင်ရမည်ကို မဝံ့ရဲခဲ့၊ အခြေ အနေ ကောင်းခဲ့လျှင်ပင် မိလှိုင်မျက်နှာကို မကြည့်ရဲခဲ့ပါ။

ညပိုင်းကျမှ သိန်းမိုးကို ဖုန်းဆက်မေးဖြစ်သည်။

သိန်းမိုးက တကယ်တော့ ဘောလုံး လေ့ကျင့်အပြီး ကျောင်း ဆင်းချိန်တွင် ကျောင်းဘက်သို့ တစ်ပတ် လှည့်ဝင်လာခဲ့ခြင်း ဖြစ် သည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် မိလှိုင် ကားဝင် အတိုးခံရချိန်တွင် အနီးသို့ အရင်ဆုံး ရောက်သွားသူမှာ သိန်းမိုး ဖြစ်နေခဲ့သည်။



တကယ်တော့ မိလှိုင်ဒဏ်ရာ မစိုးရိမ်ရ၊ ဆေးရုံလည်း မတက် ဖြစ်၊ ကားက ဘရိတ်အုပ်လိုက်စဉ် တွန်းမိသကဲ့သို့သာ ရှိပြီး မိလှိုင် ပခုံးတွင် ပေါက်ပြဲဒဏ်ရာ တစ်ခုနှင့် ခြေခေါက်ပြီး လဲကျသဖြင့် ထော့ကျိုး ဖြစ်သွားခြင်းသာ ဖြစ်ပြီး အရိုးမကျိုးဟု သိန်းမိုးက ရှင်းပြ သည်။

ကျောင်းတော့ တစ်ပတ်လောက် တက်နိုင်မည် မဟုတ်ဟု ဆိုသဖြင့် အိမ်လိုက်တွေ့ရန်ပင် ဆုံးဖြတ်လိုက်သည်။

လိပ်စာကို မေးလိုက်တော့ မိမိနှင့် အလွန်နီးသည့် နဝရတ် ရိပ်သာတွင် ဖြစ်နေလေသည်။

[ ၅ ]

'ဟဲ့ ကိုလတ်၊ ကျိုးတောင် မနိုးသေးဘူး၊ ဘယ်လိုဖြစ်တာလဲ'

ပြောလည်း ပြောစရာပင်။ အချိန်က နံနက် ၇ နာရီသာ ရှိ သေး၏။

တံခါးကို မိလှိုင်ကိုယ်တိုင် လာဖွင့်သည်။ မျက်နှာသစ်ပြီးစ သနပ်ခါး မတင်ရသေးသော မျက်နှာနုနုကလေးဘောတွင် မစည်း နှောင်ဘဲ သပ်ရပ်စွာ ဖြီးချထားသော ဆံနွယ်ရှည်တို့ ဝေ့ပျံနေသော မျက်နှာကလေးသည် သည်မျှ ကြည်လင် ကျက်သရေ ရှိကြောင်းကို ယခင်က တစ်ခါမျှ သတိမပြုမိခဲ့။

ညှော်ခန်း ကုလားထိုင်ဆီ ထော့ကျိုး၊ ထော့ကျိုးနှင့် လမ်း လျှောက်သွားပြီး လက်ရန်းတစ်ဖက်ကို အားပြုပြီး ထိုင်ချလိုက်သည့် ဟန်ပန်ကို မြင်ရချိန်တွင်တော့ ရင်ထဲတွင် နင့်ခနဲနေအောင် ခံစား ရလေသည်။

မည်မျှပင် စိတ်မကောင်း ဖြစ်မိပါစေ၊ တောင်းပန်စကား ပြောဖို့ လာသော ပါးစပ်သည် မိလှိုင်၏ တရင်းတနှီးဟန်ပန် အောက်တွင် အပြောင်အပြက်စကားသာ ထွက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျိုးမနီးလည်း ကိစ္စမရှိပါဘူးဟာ၊ နင် နိုးနေပြီပဲ'

'အောင်မာ နင်နဲ့ငါ အသားပြိုင်ဖြူမလား'

'နင့်ကို ငါက မည်းတယ်များ ပြောမိလို့လား'

'ကျီးကန်း ဆို'

'အဲဒါက အာ လို့'

'ကိုလတ်နော် အကောင်စုတ်'

[ ၆ ]

'အမှန်ကတော့ ငါ နင့်ကို တောင်းပန်မလို့ လာတာ'

'ဟောတော့ ဘာဖြစ်လို့လဲ'

'ငါ မနိုင်းရင် နင် ညနေ ဘယ်တက်မလဲ၊ နင် ညနေ မတက်ဖြစ်ရင် ဘယ် ကားတိုက်ခံရမလဲ'

မိလှိုင်က ဟက်ဟက်ပက်ပက် ရယ်လေသည်။

'ကြောင်လိုက်တာ ကိုလတ်ရာ၊ ငါက နင့်လက်မှတ်ကြီး ထိုးပေးနေတုန်း ကားကြီးက ဝင်တိုက်သွားတာ ကျနေတာပဲ၊ မဆိုင်လိုက်တာ'

'ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ နောက်ထပ်တစ်ခု ရှိသေးတယ်'

'ဘာလဲ'

ရုတ်တရက် စိတ်ပြောင်းသွားသည်၊ မလိုအပ်ဘဲ နားခါးမည့် အမှန်စကားတစ်ခုကို မျိုချပစ်လိုက်သည်။

'နောက်မှပဲ ပြောတော့မယ်ဟာ'

'လုပ်ပြန်ပြီ။ သိန်းမိုးသူငယ်ချင်း မပြောရဘူး'

'ဘာဆိုင်လို့လဲ'

'သိန်းမိုးလည်း ဒီလိုပဲ၊ ပြောစရာရှိတယ် ပြောလိုက်၊ နောက်မှ ပြောတော့မယ် လုပ်လိုက်နဲ့၊ သိပ် မခံချင်စရာ ကောင်းတာပဲ၊ ဘယ်တော့မှလည်း တကယ်မပြောဘူး'



စိတ်ထဲတွင် ထင့်ခနဲ လေးလံသွားသည်။ မြားတစ်စင်း ထုတ်ချင်းခတ်အလိုလည်း နင့်ခနဲ စူးဝင်သွားမိသည်။

ဘာကြောင့် အဲသလို ခံစားလိုက်ရမှန်းတော့ ကိုယ့်ကိုယ်ကို ထိုစဉ်က မသေချာခဲ့။ သေချာတာတော့ အဲသည့်အချိန်သည် သိန်းမိုးနှင့် မိလှိုင်တို့၏ ရင်းနှီးမှုကြားတွင် မိမိအနေနှင့် ဘာမှ ဝင် ခံစားပိုင်ခွင့် မရှိခဲ့သည့်အချိန် ဖြစ်သည် ဆိုသည့်အချက်ပင်၊ ဘာပဲ ပြောပြော မိလှိုင်သည် မိမိ သိန်းမိုးနှင့် ပတ်သက်၍မှ သိကျွမ်းရသည့် သူငယ်ချင်းဖြစ်သလို မိမိကလည်း စိုးစိုးမာ၏ ချစ်သူ ဖြစ်နေသေးသော အနေအထား ဖြစ်နေခဲ့လေသည်။

[ ၇ ]

'သန်ကောင်တွေ ဘယ်ကနေရသလဲ သားတို့၊ သမီးတို့ သိကြရဲ့လား'

'လက်သည်းရှည်တွေထဲမှာ ကပ်နေတဲ့ သန်ဥတွေကို စားမိလို့ပါ ဆရာမ'

၁၀၀ မျှရှိသော ကျောင်းသူ ကျောင်းသားကလေးများက လက်ဝိုက်၍ သံပြိုင် ဖြေကြသည်၊ ဆက်၍ ဟောပြောရန် ခြေဆင်းပျိုးနေသော အလုပ်သင် ဆရာဝန်မကလေး ဘာဆက်ပြောရမှန်း မသိဘဲ ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်၊

မိမိဘေးတွင် ထိုင်နေသော ဆရာဝန်ကလေးနှင့် ဆရာဝန်မကလေးက ဟန်မဆောင်နိုင်ဘဲ အသံတိတ် ရယ်ကြလေသည်၊

အလစ်တွင် ညက အိပ်ပျက်သည်ကို မသိမသာ ပြန်ငိုက်နေသော မိမိပင်လျှင် မျက်လုံးများ ဆတ်ခနဲ ပွင့်သွားပြီး ခုံတန်းရှည်တစ်ဖက်ထိပ်မှ ဆရာမ ဒေါ်စိုးစိုးမာကို လှည့်ကြည့်မိသည်၊

ဒေါ်စိုးစိုးမာကလည်း ဟန်မဆောင်နိုင်ဘဲ သွားတက်ကလေး အဖွေးသား ပေါ်အောင် ရယ်မောရှုနေလေသည်၊

www.burmeseclassic.com

www.burmeseclassic.com



[ ၈ ]

'ဆရာတို့ကို ထမင်းကျွေးဖို့ စီစဉ်ထားတယ်'

ဒေါ်စိုးစိုးမာက ကျောင်းခန်းမထဲမှအထွက်တွင် အနားကပ်၍ပြောသည်။ ဆရာဝန်ကလေးများလည်း မော်ဘီ ပြန်ရောက်လျှင် ထမင်းစား နောက်ကျတော့မည်ဟု တွေးမိ၍ ပြုံး၍သာ ခေါင်းညိတ်ပြလိုက်သည်။

'ဆရာကြိုက်တတ်တဲ့ ပုန်းရည်ကြီးလည်း ပါ ပါတယ်'

လှပ်ခနဲ

အမှတ်သညာကြီးမှုကို အသိအမှတ် ပြုမိရလေသည်။ သူကတော့ သွားတက်ကလေးများ ပေါ်အောင် ရယ်ပြန်သည်။

'ပိန်သွားရုံလောက်နဲ့ မမှတ်မိဘူး ထင်နေတာလား၊ ဒါမှမဟုတ် ကျွန်မကိုပဲ မမှတ်မိနေတာလား'

ရှက်ကိုးရှက်ကန်း ရယ်မိသည်။

'မှတ်မိရင်လည်း ဆရာလို့တော့ မခေါ်နေနဲ့လေ၊ ကိုလတ်ပဲ ခေါ်ပါ'

'အိုကေလေ၊ ဒါဆိုလည်း စိုးကိုလည်း စိုးလို့ပဲ ခေါ်ပေါ့'

'စတွေ့ကတည်းကတော့ 'ဆရာမကြီး'လို့ တစ်ခါမှ မခေါ်မိသေးဘူး ထင်တာပဲ'

ရယ်သံကလေးများ ဝေစည်သွားသည်။

[ ၉ ]

ဆရာဝန်ကလေးများ မော်ဘီ ပြန်သွားကြတော့ ဒေါ်စိုးစိုးမာနှင့် ဆရာများ နားနေခန်းထဲတွင် နှစ်ယောက်တည်း စကားပြော ကျန်နေခဲ့မိသည်။



'ပုန်းရည်ကြီး ကြိုက်တာတော့ မပြောင်းလဲသေးဘူးနော်'

'ဟုတ်တယ်၊ ကျေးဇူးပဲ၊ ကြုံသလိုစားတာ အကျင့်ပါနေတော့ ကိုယ့်ကိုယ်ကိုယ် ဘာကြိုက်မှန်းတောင် မေ့တော့တော့ ဖြစ်နေတယ်၊ စားကြည့်တော့မှ စားကောင်းလိုက်တာ'

'ညကလည်း မအိပ်ရ၊ သွေးလည်း လှူထားတယ်ဆို'

ရယ်မိသည်။

'ဘုရားရှေ့ အကုန်ကို သိနေတော့တာပဲ'

ဒေါ်စိုးစိုးမာ ခေါ် 'စိုး' က ရယ်ရင်းကရယ်ပြီး သက်ပြင်းချသည်။

'သတင်းတွေ ကြားရတိုင်း စိတ်ပူရ မလိုလို၊ ဂုဏ်ယူရ မလိုလို ဖြစ်နေခဲ့ရတာ ကြာပါပြီ ကိုလတ်ရယ်၊ စိုးနဲ့ တွေ့ရသမျှ ဆရာဝန်တိုင်းနီးပါးက ကိုလတ်ကို သိကြတယ်၊ ကိုလတ် ဘဝတစ်ခုလုံး လူနာတွေကြားထဲမှာ နှစ်မြှုပ်ထားတာ၊ အပင်ပန်း အဆင်းရဲ ခံနိုင်တာ၊ ရောက်လေရာအရပ်မှာ လူတွေ ချင်ခင်လေးစားကြတာ အမြဲ ကြားမိပါတယ်၊ သူတို့တစ်တွေ ပြောပုံက ကိုလတ်လို ဆရာဝန်တစ်ယောက်ရှိတာ ဆရာဝန်အချင်းချင်း ဂုဏ်ယူစရာလိုပုံပါပဲ'

ရှက်ပြုံး ပြုံးရင်းက 'အပိုဆာဒါးလေးတွေလည်း ပါချင် ပါမှာပေါ့ကွာ၊ သိပ်မယုံပါနဲ့' ဟု ရောချလိုက်ရသည်။

'စိတ်ပူတာကတော့ တစောက်ကန်း နိုင်လွန်းသလားလို့ပါ။ ရင်ကျပ်ပြီး ကိုယ်တိုင် လဲနေရင်းက ကလေး မမွေးနိုင်လို့ လာခေါ်တာ မိုးထဲလေထဲ မြင်းနဲ့ လိုက်သွားဖူးတယ်ဆို'

အံ့ဩစွာဖြင့် ခေါင်းညိတ်ပြရသည်။

'အောက်လမ်းဆရာကို လူလယ်ကောင် လက်သီးနဲ့ ထိုးတာရော အမှန်ပဲလား'

'မလွယ်ပါလား' ဟု ရေရွတ်ရင်းက ရယ်မိသည်။

'တမင် ထိုးလိုက်တာ မဟုတ်ရပါဘူးကွာ'

'ဘယ်လို'

www.burmeseclassic.com

www.burmeseclassic.com



[ ၃ ]

'ကိုလတ်၊ နင် ခရစ္စမတ်နေ့ ဘာ အစီအစဉ်ရှိသလဲ'

'အိပ်ဖို့တော့ အစီအစဉ်ရှိတယ်'

'ခွေးကောင်၊ ပြောလိုက်ရင် ဒီလိုချည်းပဲ၊ ဒါဆို ငါ့အိမ်လာခဲ့၊ ညနေ ၄ နာရီလောက်'

'ဘာလုပ်ဖို့လဲ'

'နင်တို့ကို ကျွေးမလို့၊ ယောက်ျားလေးထဲက သိန်းမိုးရယ်၊ နင်ရယ်၊ ပြီးတော့ ငါ့ အထက်တန်းတုန်းကသူငယ်ချင်း မိန်းကလေး သုံးယောက်လည်း ဖိတ်ထားတယ်၊ ဆက်ဆက် လာခဲ့၊ ငါ နင်တို့ ကို သူတို့နဲ့ မိတ်ဆက်ပေးမယ်၊ ချောတယ်ဟ သိလား'

ထုံးစံအတိုင်း နောက်ရွှတ်ရွှတ်နှင့် ဖိတ်ပြီး ထွက်သွားသော မိလှိုင်၏ ကျောဘက်ကို ငေးကြည့်ရင်း မိလှိုင်ကို ခရစ်ယာန်တစ်ဦးမှန်း မသိခဲ့သော ကိုယ့်ကိုယ်ကိုယ် အံ့အားသင့်နေမိသည်။

တကယ်တော့ ထို ခရစ္စမတ်ကာလတွင် မိမိအနေအထားက 'ဝိုး' နှင့်လည်း အဆက်အသွယ် ပြတ်ခဲ့လေပြီ။ မိလှိုင်နှင့် ရယ်ရွှန်း ဖတ်ရွှန်း စကားပြောနေမိတိုင်းတွင်လည်း အမည် မတပ်တတ်သော ဝေဒနာတစ်ရပ်ကို ရင်ထဲ၌ အပြင်းအထန် အလူးအလဲ တုန်လှုပ်စွာ ခံစားတတ်နေလေပြီ။

မှန်ပါသည်။ မိလှိုင်ကို ချစ်နေခဲ့ပြီးနေလေပြီ။ အသည်းပေါက်မတတ် ခံစားရသည်ဟူသော စကားလုံး၏ အဓိပ္ပာယ်ကိုလည်း လုံးစေ့ပတ်စေ့ နားလည်နေခဲ့လေပြီ။

သို့တိုင်အောင် မိမိချစ်နေသူတစ်ဦး၏ ကိုးကွယ်ရာဘာသာကို သေချာစွာ မသိသောအဖြစ်သည် မိမိ၏ ညက်ရည်ညက်သွေးနှင့်ပဲ ဆိုင်မလားဟု ကိုယ့်ကိုယ်ကို မရဲတရဲ မေးခွန်းထုတ်မိပါသည်။



၄ |

ဟာတော့ မေရီ ခရစ္စမတ်တူးယူ တဲ့'

မိမိ လက်ဆောင်ထုပ်ပေါ်မှ စာတန်းကိုဖတ်၍ မိလှိုင်က တအံ့တဩ ရေရွတ်တော့ သူ့သူငယ်ချင်းမကလေးများက ဝိုင်းလုကြည့်ရင်းက ရယ်ကြလေသည်။

ဖိနပ်ကို ချွတ်၍ အခန်းထဲ အဝင်တွင်တော့ ယခင်အခေါက်များ ရောက်ခဲ့စဉ်က အကြောင်း မည်မည်ရရ မရှိပါဘဲနှင့် မိမိ၏ အကြောင်းကြောင်းနိုင်သော စရိုက်တစ်ခုတည်းကြောင့် မမြင်မိခဲ့သော အရာကို မြင်လေသည်။

ဘုရားစင်။

ဘုရားရေ အိမ်အလည်ရောက်တိုင်း မိလှိုင်မျက်နှာကလေးကိုသာ အခွင့်သာလျှင် သာသလို တိတ်တခိုး ငေးမောကြည့်နေတတ်ခဲ့သည်မှာ သည်ဧည့်ခန်းနှင့် ဆက်လျက်၌ပင် ဘုရားခန်းတစ်ခန်း ရှိနေမှန်းကို သတိမထားမိခဲ့ရပါကလား။

ပန်း၊ ဆီမီးတို့ ဝေဆာစွာ ကပ်လှူထားသော ဘုရားစင်ရှေ့မှာ တန်းစီထွန်းထားသော ဖယောင်းတိုင်ကလေးများကို ကမန်းကတန်း ရေကြည့်မိသည်။

'၁၈' တိုင်တိတိ။

ကိုယ့်နဖူးသာ ကိုယ်ရိုက်ပစ်ချင်လိုက်မိတော့သည်။

သနပ်ခါးရေကျဲကလေးသာ တင်ထားပြီး ဆံပင်ရှည်တို့ကို ဖားလျားချလျက်က ဟက်ဟက်ပက်ပက် ရယ်မောနေသော မိလှိုင်ဘက်သို့ လှည့်ကြည့်ရင်းက ရှက်ရယ်သာ ရယ်ပြလိုက်ရသည်။ လက်စသတ်တော့ မိလှိုင်၏ မွေးနေ့ပွဲပါလား။

ဒီဇင်ဘာလ ၂၅ ရက်နေ့တွင်မှ တိုက်တိုက်ဆိုင်ဆိုင် မွေးထားသော ရှမ်းဗမာမကလေး မိလှိုင်သည် တကယ်တော့ ဗုဒ္ဓဘာသာဝင်တစ်ဦးသာ ဖြစ်ကြောင်းကိုလည်း မိမိ မသိခဲ့ပြန်ပါ။

www.burmeseclassic.com

www.burmeseclassic.com



'အဲဒီလူကို စိတ်ထဲမှာ မကျေနပ်နေတာတော့ တော်တော်ကြာပြီ၊ အိပ်မက်ထဲမှာ အကြိမ်ကြိမ် လက်သီးနဲ့ ထိုးဖူးတယ်၊ အဲဒီသူနဲ့ တွေ့တဲ့နေ့ကတော့ လူနာကိစ္စနဲ့ ဒီနေ့လိုပေါ့လေ တစ်ညလုံးက အိပ်ပျက်ထားတယ်၊ မမျှော်လင့်ဘဲ သူနဲ့ဆုံတော့ သူက အိပ်မက်ထဲမှာတုန်းကလိုပဲ ဒီမှာ အင်္ဂလိပ်ဆရာဝန်၊ မောင်ရင် ဆေးကုတဲ့နေရာမှာ ဆရာ မစွက်ဘူး၊ ဆရာ ဆေးကုနေတဲ့ လူနာတွေလည်း မောင်ရင် မစွက်နဲ့လို့ ပြောလိုက်တော့ ကိုယ့်ကိုယ်ကိုယ် အိပ်မက်ထဲမှာပဲ အောက်မေ့ပြီး ယောင်ပြီး ထိုးချလိုက်တာ၊ လူတွေ ဝိုင်းဆွဲတော့မှ တကယ် ဖြစ်နေမှန်း သတိရတော့တယ်'

'အတိုင်မခံရဘူးလား ကိုလတ်ရယ်'

'လူလိမ်ပဲ၊ အားနည်းချက်ရှိတဲ့လူက ပြဿနာ မရှာရဲပါဘူး၊ ရှာလည်း သိပ်တော့ ဂရုမစိုက်မိဘူးပေါ့လေ၊ အများစုကလည်း ကိုယ့်ဘက်မှာ ရှိတာကိုး၊ သူနဲ့ကိုယ်နဲ့ တန်းတူ လာနိုင်းတာကို မခံချင်စိတ်နဲ့ မှန်သွားတာမျိုးပေါ့၊ တစ်ခါပါပဲ၊ နောက် ဒါမျိုး ထပ်မဖြစ်တော့ပါဘူး'

မိမိက အရယ်မပျက် ပြောနေပေမယ့် 'စိုး' မျက်နှာက မကောင်း။

'မြန်ပြောသမျှ လူတိုင်းကတော့ ကိုလတ်ကို လေးစားတဲ့ အသံနဲ့ပဲ ပြောကြတာချည်းပါပဲ၊ စိုးလည်း ဂုဏ်တော့ ယူပါတယ်၊ ဒီလောက် စိတ်ထားမြင့်မြတ်တဲ့ လူတစ်ယောက်ဟာ ကိုယ်နဲ့ သိပ် ရင်းနှီးခဲ့ဖူးတယ် ဆိုတာကိုပေါ့၊ ထုတ်ပြောလို့တော့ မရဘူးလေ။ ကျိတ် ဂုဏ်ယူရတာပေါ့'

သူလည်း မျက်နှာ နီစွေးစွေး ဖြစ်သွားသလို မိမိလည်း အနည်းငယ် ထူပူသွားခဲ့သည်။ စိုးက ရုတ်တရက် ရှက်ရယ် ရယ်လိုက်သည်။

'ဒီ ဂုဏ်ယူတဲ့ စိတ်နဲ့ လမ်းခွဲသွားကတည်းက စိတ်ဆိုးခဲ့ရတာတွေကိုတောင် ချေပစ်လိုက်လို့ ရခဲ့တယ်ဆိုတာရော သိရဲ့လား'

နှစ်ယောက်စလုံး အသံတိတ်သွားခဲ့ရပါသည်။



| ၁၀ |

နေ့လယ်စောင်းမှ အိပ်ပျော်သွားခဲ့သဖြင့် ညနေစောင်းမှ အိပ်ရာက နိုးသည်။ ပြတင်းပေါက်က ကျနေက အိပ်ရာကို တည့်တည့် ထိုးလာ၍သာ နိုးမိုသာဆို ညအထိများ တောက်လျှောက် အိပ်ပျော်သွားလေမလားဟုလည်း တွေးမိသည်။

အိပ်ခန်း ပြတင်းဝမှ ခေါင်းထွက်၍ ရေဖလား တစ်ခွက်နှင့် မျက်နှာ သစ်လိုက်သည်။ မျက်နှာသစ်ရင်းက လယ်ကွင်းများ၏အဆုံး မိုးကုပ်စက်ဝိုင်း၏ အစပ်တွင် ငှက်တစ်အုပ် ဖျံသွားသည်ကို လှမ်းမြင်ရသည်။

ရှေ့တည့်တည့်တွင်တော့ မြေသား တာရိုးလမ်းမကြီး။

မိမိ ဘယ်အချိန်အထိ မသိအောင် ဆက်၍ လမ်းလျှောက်ရဦးမည့် ထို တာရိုးလမ်းမကြီးသည် ကျနေရောင် ဟပ်သည့်တိုင် နှင်းလွှာထု အောက်တွင် မှုန်မွှား၍ နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com





ကနဦး ခရစ်စမတ်နေ့ကလေးများ

www.burmeseclassic.com

www.burmeseclassic.com



'ဘာဖြစ်နေကြတာလဲ'

လှည့်ကြည့်လိုက်တော့ သိန်းမိုး ဝင်လာသည်။ ရယ်ကျဲကျဲနှင့်။

သူ့လက်ထဲတွင်လည်း အထုပ်တစ်ထုပ် ကိုင်လာသည်။ ထို အထုပ်ပေါ်တွင်တော့ 'သင့်အတွက် ပျော်ရွှင်ဖွယ် မွေးနေ့ဖြစ်ပါစေ' ဟူသော အင်္ဂလိပ်စာတန်းကို ထင်ရှားစွာ မြင်ရသည်။

ထိုစာတန်းကို မြင်ရချိန်တွင်တော့ သိန်းမိုးနှင့် မိလှိုင်တို့၏ ရင်းနှီးမှု ထုထည်ကြားတွင် သဝန်တိုရမလိုလို၊ သိမ်ငယ်သလိုလို ခံစားခဲ့မိသေးသည်ကို ယခုတိုင်ပင် သတိရနေမိသေးတော့၏။

| ၅ |

ဒုတိယ ခရစ္စမတ်။

ဒုတိယ ခရစ္စမတ်တွင်တော့ မေထားရီက မိမိဘဝ လမ်းကြောင်းထဲသို့ မသိမသာ စတင် ဝင်ရောက်လာသည်။ အဲသည်နှစ်က မိလှိုင်မွေးနေ့ပွဲ မလုပ်ဖြစ်။ မွေးနေ့မတိုင်မီ တစ်ပတ်လောက်ကတည်းက သူ့မိဘ၏ ဆွေမျိုးများရှိရာ မြန်အောင်မြို့သို့ သွားရောက်လည်ပတ်နေသည်။

ချစ်နေမိပြီဟု သေချာနေသည့်ဘဝမှာပင် အူကြောင်ကြောင်သာ ချစ်တတ်သော မိမိက ဘူတာသို့ လိုက်၍ နှုတ်ဆက်ခဲ့သေး သည်။ တကယ်တော့ ခရီးတိုမို့ ဘယ်သူငယ်ချင်းမှ လိုက်မနှုတ်ဆက် ခဲ့ကြ။ မိန်းကလေးများလည်း မလာ၊ ယောကျ်ားကလေးများလည်း မလာ။ အရင်းနှီးဆုံး သူငယ်ချင်းဖြစ်သူ သိန်းမိုးပင်လျှင် မလာ။ ယောင်ချာချာ ဖြစ်နေသော မိမိကို မိလှိုင်၏ ဖခင်ကပင် ပြုံး၍ ကွက်ကြည့် ကွက်ကြည့် လုပ်နေသေးသည်။

မိလှိုင်ကတော့ ရယ်မော၍ -

'ငါ မရှိတုန်း နင်နဲ့ သိန်းမိုး လိမ်လိမ်မာမာ နေခဲ့ကြနော်'

ဟု နောက်ပြောင်လေသည်။



| ၆ |

ခရစ္စမတ်နေ့ကျတော့ သိန်းမိုးက ရန်ကုန်တက္ကသိုလ်မှ သူငယ်ချင်း ခရစ်ယာန်မိန်းကလေးတစ်ဦး၏ ခရစ္စမတ်ပွဲသို့ အဖော်လိုက်ခဲ့ပေးရန် မိမိကို ခေါ်လေသည်။

ထို မိန်းကလေးသည်ကား အများက 'မေရီ' ဟု ခေါ်ကြသည့် 'မေထားရီ' ခေါ် ခေတ်အနည်းငယ်ဆန်သော လှပသော မိန်းကလေး တစ်ဦး ဖြစ်လေသည်။

'သိန်းမိုး မလာတာကြာလို့ ဒယ်ဒီတို့တောင် မေးနေတယ်'

'ဆောရီးကွာ၊ စာမေးပွဲတွေ ဆက်နေလို့၊ ဘောလုံးကလည်း ကန်နေတာလေ'

'သိပ်စွံနေတာလည်း ကြားပါတယ်'

'ဟာ မဟုတ်က ဟုတ်က'

| ၇ |

အပြန်တွင်တော့ လေးယောက်သား ခပ်ထွေထွေနှင့် အဆောင်တစ်ခုရှေ့ ဂစ်တာသွားတီးရအောင်ဟု တညီတညွတ် ဆုံးဖြတ်ပြီး မိန်းကလေးဆောင် တစ်ခုရှေ့ ရောက်ခဲ့သည်။ သိန်းမိုးက ဂစ်တာတီး၍ တစ်ယောက်တစ်လှည့် သီချင်းဆိုကြသည်။

အဆောင်ပြတင်းပေါက်မှ မီးရောင်များကို လှမ်းကြည့်ရင်းက မိမိတို့ အောင်မြင်မှု အသင့်အတင့်ရသည်ဟု ကိုယ့်ဘာသာကိုယ် ဆုံးဖြတ်ကြသည်။

သည်စဉ်မှာပင် အဆောင်စောင့်ကြီးက စာတစ်စောင် လာပေးသည်။ အားရဝမ်းသာ လက်ခုပ်သံ ပြိုင်တီးကြပြီး စာကို ဖွင့်ဖတ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

## | ၁ |

မိမိ အလွန် မုန်းပါသည်ဆိုသည့် သည် ရှူဆေးပုလင်းကို ရှာရပြန်လေပြီ။

ပါးစပ် အတွင်းသို့ တစ်ချက်ချင်း ညှစ်ထည့်၍ အောင့်ထားရမည်ကို စိတ်မရှည်သဖြင့် နှစ်ချက်ဆက်တိုက် ညှစ်ထည့်မိသည်။ ပြီးတော့ အသက်ရှူသွင်း၍ ဆယ်စက္ကန့် အသက်အောင့်ထားရမည့်အစား စက္ကန့် ၂၀ နီးနီး အောင့်ထားလိုက်သည်။

မီတာ ၁၅၀၀ အပြေးပြိုင်ပွဲ ပန်းဝင်ခါနီး လူလို ရှန်းကန်ရှူရှိုက်နေသော အဆုတ်သည် နည်းနည်းတော့ ဂနာငြိမ်သွားသလို ထင်မိသည်။

အိပ်ခန်းထဲမှ ဧည့်ခန်းဘက် လျှောက်လာ၍ ကုလားထိုင်တစ်လုံးပေါ်တွင် ခြေစုံတင်ပြီး ခပ်ကွေးကွေး ထိုင်လိုက်သည်။ ကုလားထိုင် နောက်မှီပေါ်သို့ ခေါင်းကို လှန်တင်လိုက်သည့် မိမိနှင့် မျက်နှာချင်းဆိုင် ဝရန်တာဘက်သို့ ထွက်သော တံခါးရွက်နှစ်ခု ပွင့်နေသည်ကို လှမ်းမြင်နေရသည်။ စိမ့်အေးသော ဆောင်းဦးလေများ



တိုက်ခတ်ဝင်ရောက်နေသည်ကိုလည်း ခံစားသိရှိနေသည်။ သို့သော် ဦးဝိစာရအိမ်ရာစခန်းပေါ်မှ ဖြတ်သန်း ဝင်ရောက်လာသည့် ဝင်ခါနီးနေရောင် နီစွေးစွေးကို သဘောကျနေမိသဖြင့် ထမပိတ်ဖြစ်တော့။

မိမိ၏ ရင်ကျပ်ရောဂါသည် ဆောင်းလေနှင့် မသင့်တော်မှန်းသိသော်လည်း ခက်သည်က မိမိကိုယ်တိုင်ကိုက သည်ဆောင်းလေကို ချစ်တတ်နေပြန်သည်။

မောင်နှမသုံးယောက်နှင့် မိဘနှစ်ပါး အတူနေခဲ့ကြစဉ်က ကျပ်ညပ်နေသော တိုက်ခန်းသည် ယခုတော့ လူလည်း တစ်ယောက်မှ မရှိ။ ပရိဘောဂလည်း မဆိုသလောက်သာ ရှိသဖြင့် စွန့်ပစ်ခံထား ရသော အိမ်တစ်လုံးပိပိ အထီးကျန် ဆန်လွန်းနေသည်။

ဖခင်ဖြစ်သူက အဆင့်မြင့် အရာရှိကြီးများကိုပေးသော လုံးချင်းအိမ်တစ်ခုတွင် ပြောင်းရွှေ့နေနေသည်။ မိခင်ကလည်း အဲသည်မှာ။ အစ်မနှင့် ညီငယ်ကတော့ အတူမနေကြတော့သည်မှာ ကြာလေပြီ။

'ဦးဝိစာရတိုက်ခန်းမှာ ဗီတစ်ခေါက် သွားနေချင်တယ်'

ဟု ပြောစဉ်က ဖခင်က အံ့ဩဟန်ပြပေမယ့် အကြောင်းရင်း မမေးဘဲ သော့ ထုတ်ပေးခဲ့သည်။ မိခင်ကတော့ ဖခင် ကျန်းမာရေးရော၊ မိမိ ကျန်းမာရေးကိုပါ အကြောင်းပြ၍ တားရှာသေးသည်။ ကိုယ့်အကြောင်းနှင့်ကိုယ်မို့ အလျှော့မပေးခဲ့မိ။

ယခုတော့ အထီးကျန် ဆန်လှသည့် သည် တိုက်ခန်းမှာ တစ်ယောက်တည်း ကြောင်တောင်တောင် လူနာဖြစ်နေပြန်လေပြီ။

ဆူညံသော တယ်လီဖုန်းသံကြောင့် အာရုံ ပျက်သွားသည်။

လူမရှိသော တိုက်ခန်းတွင် ဖုန်းတပ်ဆင်ထားခြင်းကို အံ့ဩရသည်ထက် သည်ဖုန်း မြည်လာသည်က ပို၍ အံ့ဩဖို့ ကောင်းနေသည်။

ဖုန်းက လက်တစ်ကမ်းတွင်မို့ ချက်ချင်း ကောက်ကိုင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဖုန်းမှားနေတယ် ထင်ပါတယ်'

'ဒေါက်တာ လတ်ငြိမ်း မဟုတ်ဘူးလားရှင်'

ကြည်လင်အေးမြသော မိန်းမပျိုသံတစ်ခုက အံ့အားသင့်မှုကို ပိုစေသည်။

'ဟုတ်ပါတယ်၊ ဘယ်သူများ'

'ကျွန်မ မေထားရီပါရှင်၊ ဆရာနဲ့ ခဏလောက် တွေ့ချင်လို့ လှမ်းဆက်တာပါ'

အဖြေတစ်ခုကတော့ ရသွားသည်။ မေထားရီသည် ဖခင်နှင့် အလွန်ရင်းနှီးသော မိတ်ဆွေတစ်ဦး၏သမီး၊ ဥပဒေပညာရှင် တစ်ဦး။ မိမိနှင့်လည်း ကျောင်းသားဘဝက တိုက်ဆိုင်မှုကလေးပေါင်းများစွာ ပတ်သက်ခဲ့ဖူးသည်။ ယခုအထိလည်း ဖခင် အုပ်ချုပ်သော ဌာန တစ်ခုတွင် လက်ထောက်ညွှန်ကြားရေးမှူးအဆင့် အမှုထမ်းနေသူ၊ သည်တော့ မိမိ သည်မှာ ရှိနေမည်ကို ဖခင်ဆီက သိမည်။ ဖုန်းနံပါတ် ကတော့ ဟိုးယခင်ကတည်းက သူ သိခဲ့ပြီးသား

အဖြေ ရှာမရသည်က ဘာကြောင့် မိမိနှင့် တွေ့ချင်ရပါသနည်း။ မေထားရီက ရိပ်မိသည့်အလား

'ဒီအီး ကိစ္စကလေးပါ၊ ကျွန်မ နည်းနည်း ရှင်းပြချင်လို့'

ဘုရားရေ မိမိ ဌာနဆိုင်ရာ စုံစမ်းစစ်ဆေး အရေးယူပေးပါရန် အတိုင်ခံရ၍ ရန်ကုန်ရောက်နေသည်ကိုပင် သူက သိနေပြန်လေပြီ။

'ဘယ်လိုလုပ် သိနေတာလဲဟင်'

လေသံတိုးတိုးနှင့် အားမရှိစွာ ပြန်မေးမိသည်။

'အန်ကယ်ပဲ ပြောပြတာပါ၊ အန်ကယ်က သမီးက ဒီလုပ်ငန်း သဘော နည်းနည်း နားလည်တော့ သားကို ရှင်းပြစရာရှိတာလေးတွေ ကူညီရှင်းပြပေးပါ ဆိုလို့'

အားနာစွာဖြင့် သက်ပြင်းချမိသည်။ ဖခင်သည် အဆင့်မြင့် အရာရှိကြီးတစ်ဦးဖြစ်၍ အပေါင်းအသင်း အဆက်အသွယ်များရှိ



သာမက လွန်စွာမှလည်း ပါးနပ်သူတစ်ဦးဖြစ်ကြောင်း မိမိ အမှတ်တမဲ့ ရှိခဲ့သည်။ ဖခင် နေမကောင်းစဉ်ကပင် ခွင့်ရက်ရှည် မယူသော မိမိ၊ ဝါးနက်ချောင်းဆေးရုံမှ လက်ရှိဆေးရုံသို့ ပြောင်းပြီးမှ ရန်ကုန်နှင့် ပိုနီးလာသော်လည်း ရန်ကုန်သို့ တစ်ခေါက်မှ မပြန်သေးပေမယ့် ဒီတစ်ခါတော့ ရန်ကုန်တွင် အေးအေးဆေးဆေး နေဦးမည်ဟု ပြောကတည်းက မသင်္ကာ၍ လိုက်စုံစမ်းခဲ့ဟန် တူလေသည်။

'ကျွန်တော်က လာတွေ့ရမှာပါဗျာ၊ မဟုတ်တာ'

ရယ်သံသဲ့သဲ့ ကြားရသည်။ ပြီးတော့မှ ရှက်အမ်းအမ်းလေသံဖြင့်

'နေမကောင်းဘူးဆိုတာလည်း သိပါတယ် ဆရာရယ်၊ အားနာမနေပါနဲ့၊ သူစိမ်းတွေမှ မဟုတ်တာ'

ဖုန်းချသွားပါသည်။

# [ ၂ ]

ဟုတ်တော့လည်း ဟုတ်သည်။ မေထားရီနှင့် မိမိသည် သူစိမ်းများ မဟုတ်။

ပတ်သက်ခဲ့မှု အတိုင်းအတာက တရင်းတနှီးဟု မဆိုနိုင်သော်လည်း တိုက်ဆိုင်ခဲ့မှုများက အံ့ဩရလောက်အောင် များပြားခဲ့ဖူးသည်။

ခရစ်ယာန်ဘာသာဝင် မိန်းကလေး မေရီ (ခေါ်) မေထားရီနှင့် ဆုံတွေ့ခဲ့ဖြစ်သော တိုက်ဆိုင်မှုကလေးများအကြောင်းကို ပြန်ပြောပြရလျှင် ထူးဆန်းသော ခရစ္စမတ် နေ့ကလေးများအကြောင်းလည်း ချန်ထား၍ မရပြန်ချေ။

ထို ခရစ္စမတ်ကလေးပေါင်းများစွာထဲမှ ပထမဦးဆုံးသော ခရစ္စမတ်နေ့မှာမူကား၊ မေထားရီနှင့် လုံးဝ မပတ်သက်ဘဲ မိလှိုင် (ခေါ်) သွယ်စုလှိုင်နှင့်သာ ပတ်သက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



'သိန်းမိုးနဲ့ ကိုလတ် -

*မူးနေလည်း ပြန်အိပ်ကြပါ။ ငါ သူငယ်ချင်းတွေနဲ့ စကားပြောချင်လို့ လာအိပ်တာ။ ဒီကောင်တွေက ထွက်မျှော်နေကြတော့ ငါ စကားမပြောရတော့ဘူး။ နင်တို့ အသံကြီးတွေကလည်း လှာလေး အာလေးနဲ့။ အကောင်စုတ်တွေ။ ဆုံးမမယ့်လူ မရှိဘူးထင်ပြီး သောင်းကျန်းနေကြတာ။ ငါ ဒီနေ့ ပြန်ရောက်နေပြီဟဲ့။*

**မိလှိုင်'**

သိန်းမိုးနှင့် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ရယ်မိကြလေသည်။

| ၈ |

'နင်တို့ အဲဒီညက ဘယ်သွားသောက်ကြတာလဲ'

'နည်းနည်းပါကွ'

'အေးပါ၊ ငါက ဘာပြောလို့လဲ၊ ဘယ်မှာသောက်လာကြလဲပဲ မေးတာ'

'ခရစ္စမတ် ညစာစားပွဲ ရှိလို့ပါကွ၊ သိန်းမိုး သူငယ်ချင်းအိမ် မှာပါ'

'မေထားရီ အိမ် မဟုတ်ဘူးလား'

ရုတ်တရက် အံ့သြသွားသည်။

'နင် ဘယ်လိုလုပ် သိသလဲ'

မိလှိုင်က မဲ့ပြုံးပြုံးပြသည်။

'နင်ကလည်း သိပ်အ,တာပဲ၊ အဲဒါ သိန်းမိုး သူငယ်ချင်း မဟုတ်ဘူးဟ၊ သူ့ကောင်မလေး၊ နင်ကလည်း ဒီလောက်တွဲလာပြီး မသိဘူးလား'

'သူက နင့်ကို အဲသလို ပြောပြထားလို့လား'

အူကြောင်ကြောင် ပြန်မေးမိသည်။



'ပြောမလားဟဲ့၊ ဒီကောင်က ဒီကိစ္စကို ဗိုင်လျှိုထားတာ၊ ငါ သိတာက 'ရာဇူး'က သူငယ်ချင်းတွေ ပြောပြလို့သိတာ၊ မေထားရီက 'လော' က၊ ဒီကောင်နဲ့က ကျူရှင်မှာကတည်းက ရင်းလာတာ၊ ခုတော့ ဒီကောင်က တစ်ချိန်လုံး 'လော' မှာချည်းပဲတဲ့၊ ပြီးတော့ တို့ကျောင်းက ကောင်မလေးတစ်ယောက်က မေထားရီရဲ့ ညီမဝမ်းကွဲ တစ်ယောက်နဲ့ 'ဘောင်ဒရီ'မှာ နွေရာသီသင်တန်းတစ်ခု တက်ရင်းနဲ့ ခင်ဖူးတော့ အဲဒီညီမဝမ်းကွဲက 'သိန်းမိုး' ဆိုတာ သိသလားလို့ မေးဖူးတယ်တဲ့၊ သူက သိတယ်၊ ဘာဖြစ်လို့လဲလို့ မေးတော့ သူ့အစ်မရဲ့ 'ဘဲ' မို့လို့ ဘယ်လို လူလဲလို့ သိချင်လို့' လို့ ပြောဖူးတယ်'

စိတ်အနည်းငယ် ထိခိုက်သွားမိသည်။

စိတ်ထိခိုက်ရခြင်းအကြောင်းက သိန်းမိုးနှင့် မဆိုင်ပါ။ သိန်းမိုးနှင့် မေထားရီ အမှန်တကယ် ပတ်သက် မပတ်သက်ကို မိမိ မသိ။ သိန်းမိုးက ဘာမှ ပြောမပြဖူးပါ။ သူငယ်ချင်းပေမယ့် ဒါမျိုးလည်း ပြောချင်မှ ပြောပြမည့်ကောင်စားဟု ထင်သည်။

စိတ်ထိခိုက်ရခြင်းအကြောင်းက မိလှိုင်၏ နှလုံးသားကို အက်ရှရှ လေသံမှတစ်ဆင့် မြင်လိုက်ရ၍ ဖြစ်ပါသည်။ နဂိုကတည်းက ဤသို့ ထင်ခဲ့ပြီးသား။ ယခုတော့ သေချာနေပြီထင်သည်။

တကယ်တော့ မိလှိုင်ကို ချစ်နေမိပြီဟု ကိုယ့်ကိုယ်ကိုယ် သေချာခဲ့သည့်အချိန်မှစ၍ မိလှိုင်ကို ဖွင့်ပြောရန် မိမိ အကြိမ်ကြိမ် ကြံစည်ခဲ့ဖူးသည်။ ကြံစည်လိုက်တိုင်းတွင်လည်း မိလှိုင်၏ ပွင့်လင်းစွာ ရယ်မော နောက်ပြောင်နေသည့် ဟန်ပန်တို့ရှေ့တွင် သတ္တိတို့ အကြိမ်ကြိမ် လွင့်ပြယ်ခဲ့ဖူးသည်။

'သွားမပြောနဲ့၊ မင်းကို သူ မချစ်ဘူး'

ဟု နှလုံးသားက အကြိမ်ကြိမ် တားမြစ်နေလေသည်။

နဖူးပေါ် ဝဲကျလာသော ဆံစတို့ကို စကားပြောရင်းက အမှတ်မထင် ခါတင်လေ့ရှိသော အမူအရာ၊ လတ်ပတ်နာရီကို ညာဘက်

www.burmeseclassic.com

www.burmeseclassic.com



လက်တွင်သာ ပတ်လေ့ရှိသော အလေ့အထ၊ အတန်းတွင်း စာမေးပွဲများတွင် စာရေးဖို့ စဉ်းစားတိုင်း အောက်နှုတ်ခမ်းကလေးကို အပေါ်သွားကလေးများနှင့် ကိုက်ထားတတ်သည့် ဟန်ပန်၊ ဘတ်စ်ကားလက်မှတ်ဝယ်တိုင်းမှာ လက်မှတ်ကို လက်ညှိုးနှင့် လက်ခလယ်ကြားမှာညှပ်ပြီး ယူတတ်သော အကျင့် စသည် အလေ့အကျင့်ကလေးများထိအောင် လိုက်၍ ချစ်ခဲ့မိသော နှလုံးသားက -

သိန်းမိုး ရန်ကုန်တက္ကသိုလ်ဘက် သွားဦးမည်ဟု ပြောတိုင်းမှာ စာတွေ အရမ်းလွတ်ကုန်ပါဦးမယ်ဟာဟု အသံကလေး မသိမသာ တုန်၍ ပြောတတ်သည်ကို မမြင်မရှိခဲ့။

မိလှိုင်က လှောချသလို ရယ်လိုက်သည်။

'ငါ ဒီနေ့ ငါ့ဘော်ဒါတွေနဲ့ ဘောလုံးကွင်းဘက်ကို ဝင်ခဲ့တယ်ဟ၊ သိလား၊ သိန်းမိုးကို ညကအကြောင်း သွားအစ်မလို့၊ ဟိုရောက်တော့ သိန်းမိုးတောင် ငါ့ကို မတွေ့သေးပါဘူး၊ ထရိန်နင် နားနေတုန်း သူနဲ့ မေထားရီ ကွင်းတစ်ဖက်မှာ နှစ်ယောက်တည်း 'ကြူ' နေကြတာနဲ့ ငါလည်း မမြင်အောင် ပြန် လစ်လာရတယ်၊ သိလား၊ သိပ်ရယ်ရတာပဲ'

မိလှိုင်၏ ရယ်သံသည် တကယ်တော့ မရယ်ရပါ။

[ ၉ ]

တံခါးဝဘက်မှ လူခေါ်ခေါင်းလောင်းသံကြောင့် အတိတ်ဆီသို့ လွင့်မျောနေသော အတွေးများ မီးခိုးငွေ့သဖွယ် လွင့်ပြယ်သွားကြသည်။

အအေးဒဏ်ကြောင့် ကွေးထားသော ခန္ဓာကိုယ်ကို မဆန့်ချင်ဆန့်ချင် တိုးဆန့်၍ တံခါးဘက်သို့ လျှောက်လာ၍ ဆွဲဖွင့်ပေးလိုက်သည်။

တံခါးဝတွင်တော့ မိမိနှင့် မတိမ်းမယိမ်း ဖြစ်ဟန်တူပေမယ့် မိမိထက် များစွာ နုပျိုဟန်ပေါက်နေသည့် မိန်းမပျိုတစ်ဦး ရပ်နေသည်။



သပ်ရပ်စွာ သိမ်းအုပ်ထားသော ဆံပင်နှင့် မြန်မာပီသသော ဝတ်စားဆင်ယင်မှုတို့က ဣန္ဒြေဖြင့် တင့်တယ်စေသော်လည်း မပိုမလိုပြင်ဆင်ထားသော မျက်နှာပြင်က အသက်အရွယ် နုပျိုသေးကြောင်းကို သိသာစေနေသည်။

ကြည်လင် တောက်ပသော မျက်လုံးတစ်စုံက အကြိမ်ပေါင်းများစွာ ဆုံတွေ့ခဲ့ဖူးသည့် ခံစားချက်ကို ဖြစ်ပေါ်စေသော်လည်း မိမိ၏ ဝေမှိုင်းနေသည့် အာရုံတို့က ရုတ်တရက် မနိုးထနိုင်ပါ။

မိန်းမပျိုက လှပစွာ ပြုံးသည်။

'မမှတ်မိတော့ဘူးလို့ပဲ ယူဆလိုက်ရမှာလားဟင်'

ဪ - ဟုတ်ပါရဲ့။ ဖုန်းလည်း ကြိုဆက်ထားရက်နဲ့၊

'ဆောရီးနော် မေရီ၊ လာ၊ လာ'

ဝတ်စား ဆင်ယင်ပုံနှင့် အမူအရာ လုံးလုံးလျားလျားကြီးဆန့်ကျင်ဘက် ပြောင်းလဲသွားခြင်းကို ငါးနှစ်ဟူသော အချိန်နှင့်လက်ထောက်ညွှန်ကြားရေးမှူးဆိုသည့် ရာထူးတစ်ခုက ရှင်းပြနိုင်စွမ်းရှိသော်လည်း မိမိ မမှတ်မိလိုက်ခြင်းအတွက်မူ လုံလောက်သောအကြောင်းပြချက် ဘာမှ မရှိပါ။

ငယ်စဉ်က ခေတ်ဆန်စွာ ဝတ်စားပြင်ဆင်ပြီး သိသာစွာ ခြယ်လှီမ်းထားကာ အင်္ဂလိပ်တစ်ဝက်၊ မြန်မာတစ်ဝက် စကားသံကျယ်ကျယ် တရစပ် ပြောနေတတ်သော မိန်းကလေးထက်တော့ ယခုဝင်လာသည့် မိန်းမပျိုက များစွာ ပို၍ ကျက်သရေ ရှိနေသည်ကိုတော့ အသိအမှတ်ပြုမိရပြန်ပါသည်။

[ ၁၀ ]

'ဆရာနဲ့ ဖုန်းပြောပြီးမှ ဆရာတို့ဦးစီးက မိတ်ဆွေဆီ ခဏဝင်နေသေးလို့ နောက်ကျသွားတာပါ'

ခေါင်းညိတ်ပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'အားနာလိုက်တာဗျာ၊ ဘာမှလဲ ဧည့်ခံစရာ မရှိဘူး၊ ပိတ်ထားတာ ကြာတော့'

'ရတယ် ဆရာ၊ ကျွန်မ နားလည်ပါတယ်'

မေထားရီက ဧည့်ခန်းစားပွဲပေါ်သို့ စာရွက်အချို့ ချသည်။

'အခုက 'ဒီအီး' သဘောတော့လည်း မဟုတ်ဘူး၊ ဟိုတုန်းကလို 'ပီအီး' အဆင့်တစ်ဆင့် ကွယ်ရာမှာ ဆရာမသိအောင် ကြိုတင်စစ်ဆေးဖို့ကလည်း လတ်တလောအားဖြင့် လုပ်ငန်း နည်းနည်း ပိနေတဲ့ သဘောဖြစ်လို့ အချိန်ကုန်၊ လူတွေ ပင်ပန်း သက်သာအောင် ဆရာ့ကို ခေါ်ယူမေးမြန်းတဲ့ သဘောပဲ၊ 'ဒီအီး' လို စွဲချက်တင်တဲ့ အဆင့်မျိုးတော့ မဟုတ်ဘူးလို့ ပြောပါတယ် ဆရာ၊ ဒါကလည်း မလိုအပ်ဘဲ အရာထမ်းအဆင့် ဝန်ထမ်းတစ်ယောက် အထူးသဖြင့် ဆရာ့လို 'စေတနာ ဆရာဝန်' ရယ်လို့ လူသိများ ထင်ရှားထားတဲ့ ပုဂ္ဂိုလ်တစ်ဦး အတိုင်ခံရတာကြောင့် စိတ်ဓာတ်ကျတာ၊ စေတနာ ပျက်တာမျိုးဖြစ်မှာကို ဦးစီးကိုယ်၌ကလည်း စိတ်ပူတဲ့အကြောင်း ဆရာ သိစေချင်ပါတယ်တဲ့'

ပြုံးသာ ပြုံးပြလိုက်သည်။

'တစ်ခါမှ အတိုင်မခံရဖူးပေမဲ့ ဘယ်လောက်ပဲ စေတနာထား လုပ်ပေးလုပ်ပေး အကဲ့ရဲ့ ကင်းဖို့ဆိုတာကတော့ မဖြစ်နိုင်ဘူးဆိုတာ ကျွန်တော် ကြိုတင် နှလုံးသွင်းထားပြီးသားပါဗျာ၊ ဆရာဝန်နဲ့ လူနာ အင်အားမမျှ ဖြစ်တာမျိုးက ဘယ်နေရာမှာမဆို ရံဖန်ရံခါ ဖြစ်တတ်တာမျိုးပါပဲ၊ ဒီလိုအချိန်မျိုးမှာ ဆရာဝန်အတွက်ကတော့ ဦးစားပေး လူနာဆိုတာ အခုချက်ချင်း တစ်ခုခု လုပ်မပေးလိုက်ရင် အသက် ဆုံးရှုံးသွားနိုင်တဲ့ လူနာမျိုးပေါ့။ ကံဆိုးချင်လို့ အဲသလို လူနာမျိုး ပြိုင်တူ နှစ်ဦးအတွက် ကိုယ်တစ်ဦးတည်းက ပက်ပင်းတိုးခဲ့ရင်လည်း လက်ထဲမှာ လက်ရှိ လုပ်နေရင်းတန်းလန်း လူနာကို ပြတ်အောင် အရင်ဖြတ်ရတာပေါ့။ လူနာရှင်တွေဘက်က ကြည့်တော့လည်း ကိုယ့် လူနာသည်



သာလျှင် နံပါတ်တစ် ဦးစားပေးအမြဲဖြစ်ချင်တာမျိုးလေ၊ မကျေနပ်ကြဘူးပေါ့။ ဟိုးအရင် ကျွန်တော် အလုပ်သင် ဆရာဝန် ဘဝမှာထဲက အသက်ရှူရပ်နေတဲ့ ကလေးတစ်ယောက်ကို အရေးပေါ် အသက်လု နေရတုန်းမှာ တခြား ကလေး မိဘက ပခုံးကို အတင်း လိုက်ဆွဲပြီး သူ့ကလေး အဖျားမကျသေးတာကို လိုက်ကြည့်ဖို့ အတင်း လုခေါ်တာ ကြုံဖူးပါတယ်'

သက်ပြင်းတစ်ချက်ကို ရှိုက်လိုက်သည်။

'အတိုင်ခံရတယ်ဆိုတဲ့ ကိစ္စကြီးက ဒီလောက် စောစော ကြုံဖူးလိမ့်မယ် မထင်မိတာ တစ်ခုပါပဲဗျာ'

စိတ်ပျက်လက်ပျက်နှင့် ရယ်ချ မိသည်။ မေထားရီကတော့ ပြုံးရုံသာ ပြုံးသည်။

'အခုလည်း ဒီကိစ္စက ပြီးသလောက်နီးနီးပါပဲ ဆရာ၊ ဖြစ်ပုံက ဆရာတော်ကြီးကလည်း သူ့ဒကာတွေ တိုင်စာရေးတာကို မသိလိုက်ဘူး၊ သူတို့ ဆရာ ခွဲခန်းထဲက ထွက်လာတဲ့အထိ မစောင့်နိုင်ဘူးဆိုပြီး ဆရာတော်ကြီးကို ရန်ကုန် ဆက်ခေါ်သွားကြတုန်းကလည်း ဆရာတော်ကြီးက အမှန်ပဲ အသည်းအသန် ဖြစ်နေတယ်၊ တစ်ပတ်လောက်နေမှ ကောင်းကောင်း စကားပြောနိုင်တာ၊ နောက် အကျိုးအကြောင်း ဆရာတော်ကြီးလည်း သိရော သူ့လူတွေကို ဆူလိုက်တာမှ တအားပဲတဲ့၊ ဆရာ့ဆီကိုလည်း သူ့လူတွေအတွက် တောင်းပန်တဲ့ သဘောမျိုး စာတစောင် ရေးတယ်၊ 'ဦးစီး'ကတစ်ဆင့် ပို့ခိုင်းတော့ 'ဦးစီး' မှာလည်း အဲဒီစာက အခုရောက်နေပြီ၊ ဒီနေ့ ကျွန်မ သိခဲ့ရတာကတော့ 'ဦးစီး'က ဘာမှတောင် ဆက်မလုပ်တော့မယ့် သဘောပါပဲ၊ ဒါကြောင့် စောစောက ကျွန်မပြောသလို ဒီတိုင်တဲ့ကိစ္စကတော့ ပြဿနာ မရှိလှဘူး၊ ပြဿနာက. . .'

မေထားရီက အားနာပါးနာဟန်ဖြင့် ပြုံးသည်။

'ပြဿနာက ဆရာ စိတ်မြန်တာပဲ'

www.burmeseclassic.com

www.burmeseclassic.com



'ဘာလဲ တွယ်ခန့်ခိုင်'

'ဟိုမှာ ဆရာ့မိတ်ဆွေ မဟုတ်ဘူးလား'

လှမ်းကြည့်လိုက်တော့ လေဆိပ် စားသောက်ဆိုင် အဝတွင် ဟိုကြည့်သည်ကြည့်နှင့် မိမိကို ရှာနေသော မေထားရီကို တွေ့ရသည်။ မိမိကို မြင်သွားတော့ အားရဝမ်းသာ လက်ပြသည်။ ပြီးတော့ နောက်ဘက်သို့လှည့်၍ တစ်စုံတစ်ဦးကို လှမ်းခေါ်သည်၊

ထို တစ်စုံတစ်ဦး ပါဝင်လာတော့ ပါးစပ်အဟောင်းသား ဖြစ်သွားရပါသည်။

## [ ၃ ]

အသိပညာ ကြီးမြင့်၍ စိတ်နှလုံး ငြိမ်းချမ်းသူတို့သည် တစ်ပါးသူတို့၏ ရင်ကို အနည်းနှင့်အများ ထွင်းဖောက်၍ မြင်နိုင်ကြပေလိမ့်မည်။ မေတ္တာရှင်ဆရာတော်ကြီးပြောသည့် ကြီးမားသော ဆုံးရှုံးမှုကို ကြုံဖူးသူတို့တွင် မိမိကိုယ်တိုင်လည်း ပါနေသည် မဟုတ်ပါလား၊

သို့သော် ထို ဆုံးရှုံးမှုက တစ်စုံတစ်ခု၊ သို့မဟုတ် တစ်စုံတစ်ယောက်ကို ဆုံးရှုံးရခြင်းမျိုး မဟုတ်ဘဲ မိမိကိုယ်မိမိ ပြန်၍ ဆုံးရှုံးရခြင်း ဖြစ်လေသည်။ ပို၍ ရှင်းအောင် ပြောရလျှင်မူ နဂိုထဲက ချည့်နဲ့ယိုယွင်းသော ကိုယ်ပိုင်ကိုယ်ရည်ကိုယ်သွေးတို့ တစ်စမကျန် လွင့်ပြယ်ဆုံးရှုံးသွားသလိုမျိုး ခံစားခဲ့ရခြင်း ဖြစ်ပါသည်။

## [ ၄ ]

ဒုတိယအမ်ဘီဘီအက်စ် အကြိုးတန်းနှစ်၊

မိုးလှိုင် မြန်အောင်မှ ပြန်လာပြီး ငါးရက်အကြာတွင် ဖြစ်သည်။ ဘောလုံးပွဲအတွက် စခန်းသွင်း လေ့ကျင့်နေသော သိန်းမိုးက အိမ်သို့ ဖုန်းဆက်ပြီး 'ည ငါ လာခဲ့မယ်' ဟု ချိန်းသည်။



ည ၁၀ နာရီလောက် ပြိုင်စက်ဘီးကလေးနှင့် သူ ရောက်လာတော့ ဦးဝိစာရအိမ်ရာစခန်း အဝင်ဝ အုတ်ခုံကလေးတွင် နှစ်ယောက်သား ထိုင်ရင်း ကြယ်ရောင် တဖျပ်ဖျပ် ခါနေသော ဒီဇင်ဘာည ကောင်းကင်ကို ငေးမောနေမိကြလေသည်။

'သိန်းမိုး လုပ်လေကွာ၊ ဘာပြောမလို့လဲ'

သိန်းမိုးက ခဏ တိတ်ဆိတ် နေသည်။ ပြီးမှ သက်ပြင်း ချ၍ တိုးတိုးပြောသည်။

'ငါ မိန်းကလေးတစ်ယောက်ကို ချစ်နေမိလို့ကွာ၊ အဲဒါ မင်းနဲ့ လာတိုင်ပင်တာ'

'ဟင်'

အံ့အားသင့်စွာဖြင့် သိန်းမိုးကို လှည့်ကြည့်မိသည်။ သူကလည်း အံ့သြစွာ ပြန်လှည့်ကြသည်၊

'ဘာလဲဟ'

'ငါက မင်း မိန်းကလေးတစ်ယောက်နဲ့ ချစ်နေပြီးပြီလို့ သိထားတာ'

ခဏတော့ သူ ကြောင်စဉ်းစားနေသည်။ ပြီးမှ ဟက်ဟက်ပက်ပက် ရယ်ချလိုက်သည်၊

'ဘာလဲကွ၊ မေရီကို ပြောတာလား'

'အင်းလေ'

'မဟုတ်ရပါဘူးကွာ၊ မေရီက သူငယ်ချင်းပါ၊ ပြီးတော့ ငါက မင်းသိတဲ့အတိုင်း အထက်တန်းတုန်းက ဘော်လီဘောလည်း ပုတ်ဖူးတယ်၊ အဲဒါ မေရီက သူတို့ဥပဒေဘော်လီဘောအသင်းမှာ ပါတော့ ငါ့ကို အကူအညီတောင်းလို့ သူတို့ အသင်းကို အချိန်ပိုင်း နည်းပြသွားလုပ်ပေးနေတာပါ၊ မေရီကလည်း ငါနဲ့ ရင်းကလည်း ရင်းနှီး၊ ပွင့်ပွင့်လင်းလင်း ခေတ်ဆန်ဆန်လည်း နေတတ်၊ ငါနဲ့ကလည်း ဆက်ဆံတာက များနေတော့ လူတွေက ထင်ပြီး သမုတ်နေကြတာပါ၊

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော် ဟုတ်လား'

'ဟုတ်တယ်၊ ဆရာက ဒီကိစ္စပြီးရင် အမြေ ဘာပဲထွက်ထွက် ကျွန်တော့်ကို ချင်းတောင် ပြန်ပို့ပေးပါလို့ စာရေးတင်ခဲ့တယ် မဟုတ်လား၊ ဆရာ အဲသလို ပြောတော့ သူတို့က ငြင်းရခက်တယ်'

လက်ကာပြုလိုက်သည်။

'စိတ်မြန်လို့ ရွဲ့တာ မဟုတ်ပါဘူး၊ ကျွန်တော်ကိုက ·တ္တ·ကယ် ဟိုမှာ ပျော်တာပါ။ ဟိုမှာ ကျွန်တော် ဘယ်လောက် လုပ်ခဲ့တယ်ဆိုတာ ဦးစိုးက သိပါတယ်'

မေထားရီက ပြုံးသည်။

'ဦးစိုးတင် သိတာ မဟုတ်ပါဘူး ဆရာ၊ ဆရာ့နာမည် ဘာဖြစ်လို့ 'ချင်းတောင် လတ်ငြိမ်း' လို့ တွင်နေတယ်ဆိုတာ လူတိုင်းက သိတာပါ၊ အခုက ဆရာ့မိဘတွေကလည်း ဆရာက အဝေးကြီးမှာ တစ်ခါနေခဲ့ပြီးပြီ၊ နီးနီးမှာ ခဏတဖြုတ်တော့ နေစေချင်သေးတယ် ပေါ့၊ အခု နယ်ခံတွေကလည်း ဆရာ့ကို ဆုံးရှုံးရလို့ ဝမ်းနည်းနေ ကြတယ်ပေါ့ ဆရာရယ်၊ တိုင်တဲ့ အုပ်စုအပေါ်လည်း စိတ်ဆိုးကြတယ်ပေါ့၊ ဆရာတော်ကြီးကတော့ ပြောတယ်တဲ့။ 'မေတ္တာရှင်' တစ်ယောက်ကို 'မေတ္တာ' တုံ့ပြန်တတ်တဲ့လူတွေသာ ပိုင်သွားမှာပဲ။ ခုမှတော့ လွမ်းမနေကြနဲ့တဲ့'

စိတ်ကျဉ်းကျပ်စွာဖြင့် ခေါင်းခါမိသည်။

'အေးဗျာ၊ အဲသလိုလည်း ရည်ရွယ်တာ မဟုတ်ပါဘူး၊ စိတ်ရင်းအတိုင်းကို ပြန်ချင်လို့ ပြန်ချင်တယ် ပြောမိတာပါ၊ ခုမှတော့လည်း ပြန်မရုပ်သိမ်းချင်ဘူး'

မေထားရီက အဝေးတစ်နေရာသို့ ပြတင်းပေါက်မှတစ်ဆင့် ငေးမောကြည့်နေသည်၊ ခဏကြာပြီးမှ တိုးတိုးကလေး ပြောသည်။

'ရုပ်သိမ်းလို့လည်း ခက်သွားပြီ ဆရာ၊ ဒီသတင်းကို လူတွေက တော်တော် သိကုန်ပြီ၊ နောက် သေချာတဲ့ သတင်းတစ်ခုကတော့ အခု 'ကလေး' ကနေ 'ဂျစ်' အလွတ် ၃-၄ စီး ဆင်းလာနေပြီ'



ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

'ဘာပြောတာလဲ မေရီ'

'ချင်းတောင်က ဆရာ့လူနာရှင်တွေလေ၊ ဆရာ ပြန်လာမယ် ကြားလို့တဲ့၊ လာကြိုနေကြပြီ'

ဘာပြန်ပြောရမှန်း မသိတော့၊ တိုက်ခန်းတစ်ခုလုံး တိတ်ဆိတ်၍ သွားလေသည်။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com





နှင်းမှုန်ကြားမှ အိပ်မက်နတ်သမီး

www.burmeseclassic.com

www.burmeseclassic.com



သူကလည်း သိပ်ဂရုမစိုက်တတ်ဘူး။ ငါကလည်း မိန်းကလေးက တောင် မပြေရှင်းသေးတာဆိုတော့ လိုက် ရှင်းမပြဖြစ်ဖူးပေါ့။ သူများ တွေ ထင်တာ မထင်တာ အပထား၊ မင်းနဲ့ မိလှိုင်တော့ ယုံကြမှာ မဟုတ်ဘူးလို့ ငါက ထင်တာလေ၊ အဲဒါကြောင့် မင်းတို့ကိုလည်း ရှင်းမပြတာ၊ ကောင်းကွာ၊ အခုတော့ မင်းရော မိလှိုင်ကပါ အဲဒီလို ထင်နေကြတာပေါ့။ ဟုတ်လား'

မသိမသာ ရင်ခုန်လာမိသည်။ တိုးတိုး ပြန်မေးမိသည်။

'တို့က ယုံမှာ မဟုတ်ဘူးလို့ ဘာလို့ ထင်တာလဲ'

'မင်းနဲ့ မိလှိုင်က ငါ့အချစ်ဆုံး သူငယ်ချင်းတွေပဲ၊ တကယ် ဟုတ်ခဲ့ရင် ငါ မင်းတို့ကို အစောကြီးကတည်းက တိုင်ပင်မှာပေါ့'

ရင်ခုန်ခံ ပို၍ မြန်လာသယောင်။

'ဒါဆို မင်း အခုပြောမယ့်ကိစ္စက'

'ပြောပြီးပြီလေကွာ၊ မိန်းကလေးတစ်ယောက်ကို ငါ ချစ်နေလို့ ပါဆို၊ မင်းကို အချစ်ဆုံးသူငယ်ချင်းအနေနဲ့ လာတိုင်ပင်တာ'

'မိလှိုင်နဲ့ရော ပြောပြီးပြီလား'

သိန်းမိုးက အသံတိတ် ရယ်သည်။

'မိလှိုင်နဲ့ တိုင်ပင်လို့ မဖြစ်ဘူးလေ'

မိမိရင်ခုန်သံကို မိမိ ပြန်ကြားရသည်၊ စကားတစ်ခုခု စပြော လိုက်ဖို့ သုံးလေးခါ ကြိုးစားသည်။ မအောင်မြင်ချေ။ နောက်ဆုံး အသံထွက်လာတော့လည်း တုန်ယင်နေသည်။ တိုးတိုးပြောခြင်း ဖြစ်၍ သိန်းမိုး မရိပ်မိလောက်ဟုတော့ ထင်သည်။

'ဘာဖြစ်လို့လဲ'

'ရှင်းနေတာပဲကွ၊ မင်းကလဲ'

နေရာမှထ၍ ရပ်မိသည်။ သိန်းမိုးကို ကျောခိုင်း၍ စိုက်ပျိုးရေး ဦးစီးဌာနရုံးကြီးနှင့် ပြည်သူ့ကောင်စီရုံးဘက်သို့ ငေးကြည့်နေမိသည်။



ဟိုအဝေးတစ်နေရာဆီက ညစောင့်၏ သံချောင်းခေါက်သံ ၁၁ ချက် ထွက်ပေါ်လာသည်။ အချက်တိုင်း အချက်တိုင်းသည် မိမိ၏ နှလုံးသားထဲသို့ လာ၍ ထုရိုက်နေသလို နာကျင်စွာ ခံစားနေရ သည်။ လှည့်မကြည့်နဲ့၊ လှည့်ကြည့်လို့ မင်းမျက်နှာကို မြင်ရင် သိန်းမိုး ရိပ်မိ သွားလိမ့်မယ်။

'မိလှိုင်ပေါ့၊ ဟုတ်လား၊ မိလှိုင်ကိုပေါ့'

'အေး'

## [ ၅ ]

ထိုညက သိန်းမိုး စကားတွေ အများကြီး ပြောသည်။ ပုံမှန်အားဖြင့် စကားနည်းသူတစ်ယောက်က စကားတွေ အများကြီး ပြောခြင်းကို ခံစားချက်တို့ ပေါက်ကွဲထွက်လာခြင်းဟု မိမိ သဘောပေါက်သည်၊ ပုံမှန်အားဖြင့် စကား မနည်းသောမိမိ အသံတိတ်နေခြင်းကိုတော့ သိန်းမိုး မရိပ်မိရှာပါ။

သိန်းမိုးက မိလှိုင်ကို ချစ်နေသည်။ သို့သော် ဖွင့်မပြောရဲ။ မိလှိုင်ကလည်း သူ့ကို ချစ်နေသည်ကို သူ စိုးစဉ်းမျှ ရိပ်မိပုံ မပေါ်။ မိလှိုင်က မချစ်ပါဘူးဟုများ ဖြေလိုက်လျှင် ထိုအဖြေကို နားထောင် နိုင်ရန် သူ့တွင် သတ္တိမရှိ။ ထိုအဖြေ၏ နောက်ဆက်တွဲအဖြစ် နေ့တိုင်း မြင်နေရ ရင်းနှီးနေရသော ဘဝကလေး ကြေပျက်သွားမည်ကိုပင် သူက စိုးရိမ်နေပြန်သည်။

စိတ်လှုပ်ရှားမှုများ ပြင်းထန်လွန်း၍ ထိုညက သိန်းမိုးကို ဘာမှ ပြန် မဆွေးနွေးနိုင်ခဲ့၊ မိလှိုင်က သိန်းမိုးအပေါ် ခံစားချက်များကို မိမိ ရိပ်မိနေကြောင်းကိုရော၊ သိန်းမိုးနှင့် မေထားရီတို့ ချစ်သူ ဖြစ်နေ ကြပြီဟု ထင်နေပုံများကိုရော ပြောပြသင့်ပါလျက် မပြောပြခဲ့မိ။

ည ၁၂ နာရီလောက်မှ သိန်းမိုးက စက်ဘီးကလေး နင်း၍ ပြန်သွားသည်၊ ဘောလုံးပွဲ စခန်းသွင်း လေ့ကျင့်ရာ၌ပင် ညအိပ်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## [၁]

ကောင်းကင်တစ်ခုလုံး သိမ့်သိမ့်တုန်သွားသည်။

ဂျက်လေယာဉ် ပျံတက်တာကို မမြင်ဖူးသည်လည်း မဟုတ်။ ငယ်စဉ်က ဖခင်နှင့် မိခင် နိုင်ငံခြားသို့ တာဝန်နှင့် သွားကြသည်ကို လိုက်ပို့ကတည်းက စပြီး အကြိမ်ကြိမ် မြင်ဖူးခဲ့သည်။

သည်တစ်ခါမှ မင်္ဂလာဒုံလေယာဉ်ကွင်း လေဆိပ်စားသောက်ဆိုင်ကလေး၊ ပြတင်းဝတွင် ရပ်၍ ငေးကြည့်နေရင်းက ထူးထူးဆန်းဆန်း အတွေးနယ်ချဲ့နေမိသည်။

ထုထည်၊ ဒြပ်ထု ဘာမှ ကိုင်မရ ဆုပ်မရသော ကောင်းကင်သည် အဘယ်ကြောင့် သိမ့်သိမ့်တုန်ရပါသနည်း။

ထို့အတူ ကျန်ရှိနေသေးသမျှ လူ့ဘဝကို ဘာကိုမှ လိုချင်စိတ်၊ တွယ်တာစိတ် မရှိတော့ပါဟု လွန်ခဲ့သော နှစ်ပေါင်းများစွာကတည်းက အပြတ် စိတ်ဖြတ်ခဲ့ပြီးသား သည်နှလုံးသားက သာမန်မျှသော ကွဲရှုမှုကလေးတစ်ခုကို ဘာကြောင့် တုန်လှုပ်ရပါသနည်း။



ဒြပ်ထုမရှိပါဘဲနှင့် လေယာဉ် ပျံတက်သည်ကို ထ၍ ဟုန်ခါသော ကောင်းကင်ကြီးလို ရယ်စရာ ကောင်းမနေပေဘူးလား။

'ဦးစီး'က မိမိကို ချင်းတောင်သို့ ပြန်ပို့ရာတွင် 'မြို့နယ်ဆရာဝန် အဆင့်-၂' ရာထူးသို့ တိုးမြှင့်ပေးလိုက်သဖြင့် လစာ မတိုးသော်လည်း ရာထူးတက်သည်ဟုတော့ ယူဆနိုင်သည်။ အသက် ၃၀ ကျော်အရွယ်တွင် မြို့နယ်ဆေးရုံတစ်ခုကို ဦးဆောင်ရမည့်သူ ဖြစ်လာခြင်းအတွက်တော့ ဂုဏ်ယူရမယောင်ပင် ရှိသည်။ သို့သော် မိမိ လက်အောက်တွင် မိမိထက် သုံးနှစ်မျှငယ်သော ဆရာဝန်ကလေးတစ်ဦးသာ ရှိပြီး သူ့အကူအညီနှင့် မြို့နယ်ကြီးတစ်ခုလုံး၏ ကျန်းမာရေးကို တာဝန်ယူ ကျားကန်ပေးဖို့ဆိုတာကတော့ သူတကာလည်း လုပ်နေကြပေမယ့် လွယ်ကူသော တာဝန်တော့ မဟုတ်ပြန်ပါ။

မြို့ခံ မိဘလူထုအများစု၏ ချင်ခင်မှုကို ရထားပြီးသော မြို့ကလေး ဖြစ်နေ၍သာ တော်တော့သည်။ ဒါလည်း တချောင်ချောင်ကတော့ အလိုမပြည့်သူတို့က ထွက်လာတတ်စမြဲ။ ကောင်းကင်ကြီးလို လေယာဉ်တက်တိုင်း တုန်ခါနေ၍တော့ မဖြစ်။

ပြောင်းရွှေ့ခါနီး နှုတ်ဆက်ပွဲတုန်းက ဘယ်သူမှ မျက်နှာမကောင်းကြသည်ကိုလည်း မှတ်မိ၏။ ၁၃ နှစ်အရွယ် ကျောင်းသူကလေးတစ်ဦးနှင့် သူ့မိခင်ကတော့ မိမိလက်ခုံပေါ် မျက်နှာအပ်၍ ငိုကြသေးသည်။ ပြီးခဲ့သည့် မိုးတွင်း မိုးမုန်တိုင်း သည်းထန်နေသည့် ညတစ်ညက ထိုမိန်းကလေး အပြင်းဖျား၍ သတိလစ်နေသည်။ တိုက်နယ်ဆေးရုံသို့ လှေဖြင့်လာရမည့် ခရီးဖြစ်သဖြင့် လူနာကို လှေပေါ် တင်ရမှာ စိတ်မချသော မိဘများ၊ ဦးလေးများက မိုးထဲ လေထဲတွင် လှေဖြင့် လာခေါ်ကြသည်။

ပင်လယ်ဝ ကျရေဆင်းချိန်တွင် မိုးမုန်တိုင်းကြားထဲမှ လှေခရီးကို လိုက်မသွားရန် မိမိဝန်ထမ်းများက ဝိုင်းတားကြသည်။ လူနာရှင်ကို ကလေးပြန်ခေါ် ခိုင်းကြသည်။ ကလေးအတွက် စိုးရိမ်စိတ်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



နေသော မိမိက အကြောဆေးပုလင်းနှင့် ကွီနိုင်းဆေး အပါအဝင် ဆေးဝါးအချို့ကို ပလတ်စတစ်အိတ်နှင့် လုံလုံထုပ်ပြီး သူတို့လိုပင် ပလတ်စတစ်စ ခြုံ၊ ခမောက်ဆောင်းပြီး လိုက်သွားခဲ့ဖူးသည်။

ကံကြမ္မာက မိမိဘက်က ဖေးမတော့ ဦးနှောက်ထဲ ငှက်ဖျားပိုး ဝင်နေသည့် ထိုမိန်းကလေး၏ အသက်ကို ကယ်နိုင်ခဲ့သည်။ ရွာမှာပင် ညအိပ်၊ နောက်တစ်နေ့ မိုးလေစဲတော့ ကလေးပါခေါ်၍ ပြန်လာ။ ကလေးက ဆေးရုံမှာ နှစ်ပတ်လောက် တက်နေပြီး သတိလည်း ကောင်းကောင်းရ၊ မိမိနှင့် ရင်းနှီးချစ်ခင်ပြီးမှ ပြန်သွားခဲ့ခြင်း ဖြစ် သည်။

'သမီး ဒီတစ်ခါ နေမကောင်းဖြစ်ရင် ဘယ်လို လုပ်မလဲ ဦးဦး ရယ်'

'ဦးဦးနေရာလာတဲ့ ဆရာဝန်က ကြည့်ပေးမှာပေါ့ သမီးရဲ့၊ သမီးကလည်း ခြင် မကိုက်အောင်နေလေ'

ထိုနေ့က ဆရာတော်ကြီးလည်း ကြွလာသည်။ ဆေးရုံအတွက် ငွေလာလှူရင်းက မိမိကိုလည်း လာနှုတ်ဆက်ခြင်းဖြစ်သည်။ ဆေးရုံ ကြမ်းပြင်တွင်ပင် မှိုသေစွာ ထိုင်ကန်တော့တော့ ဆရာတော်ကြီးက ဆွဲထူထစေပြီး ကုလားထိုင်တွင် ထိုင်ခိုင်းသည်။

'ဘယ်ဒေသက လူနာပဲဖြစ်ဖြစ်၊ လူနာပါပဲ ဒကာကြီးရယ်၊ ဒကာကြီးက ရောက်လေရာအရပ်မှာ အဖိုးတန်မယ့် ယောကျ်ားမြတ်မျိုးပါ၊ သစ်ပင်မြင့်လေ လေတိုက်လေဆိုတဲ့ စကားသာ မမေ့လေနဲ့'

ဆရာတော်ကြီး ဆုံးမစကားက အရှိက်ကို ထိသဖြင့် ရယ်ကျဲကျဲ လုပ်နေလိုက်ရသည်။

'တပည့်တော် လေတိုက်ခံနိုင်ပါပြီ ဘုရား၊ ဒါပေမဲ့ သစ်ပင်လည်း မမြင့်ချင်ပါဘူး'

ဆရာတော်ကြီးက ခေါင်းတဆတ်ဆတ် ညိတ်သည်။

'လောဘတော့ အတော်နည်းတဲ့ သူငယ်ပဲ၊ ဘုန်းကြီးလည်း ကြားပါတယ်၊ ဘာသာရေးတော့ သိပ်လိုက်စားဟန် မတူဘူး'



ရှက်ရှက်နှင့် ရယ်ရပြန်သည်။ ဘယ်ဘာသာရေးပွဲမှာမှ မိမိကို မမြင်ရ၍ ပြောဟန်တူသည်။

'ဘာသာရေးလည်း လုပ်ပါ့မယ် ဘုရား၊ လောဘနည်းတာကတော့ စိတ်ထဲမှာ ဘာကြီးပဲရရ သိပ်ပျော်ကြည့်လို့ မရတာကနေ ကိုယ့်ဖို့ကိုယ် ဘာမှ မလိုချင်ရင်လည်း သူများ ကူညီတဲ့အလုပ်ပဲ ဇောက်ချလုပ်တော့မယ်ဆိုပြီး လုပ်လာခဲ့တာမျိုးပါ ဘုရား၊ အဲသလိုမှ မလုပ်ရင်လည်း လူလုပ်ရတာ ဟာတာတာကြီးဆိုပြီး'

အသိပညာကြီးမြင့်ပြီး ငြိမ်းချမ်းသိမ်မွေ့လွန်းသော ဆရာတော်ကြီး၏ ဟန့်ပန်ကြောင့် စိတ်ထဲတွင် နွေးနွေးထွေးထွေး ခံစားရရာမှ ရင်းရင်းနှီးနှီးပင် စိတ်ထဲရှိသည့်အတိုင်း ပြောပြမိသည်။ ဆရာတော်ကြီးက ပြုံးသည်။

'ကြီးကြီးကျယ်ကျယ် ဆုံးရှုံးမှုတစ်ခုခုနဲ့ ကြုံလိုက်လို့ စိတ်တစ်မျိုးဖြစ်သွားတဲ့လူတွေ ဘုန်းကြီး ခဏခဏ တွေ့ဖူးတယ်၊ အဲဒီလူတွေနဲ့ ဒီတစ်ခါတွေ့ရင် ဒကာကြီး စကားလုံးကလေးတွေ ပြန်ပြောပြဦးမှပဲ'

ဆရာတော်ကြီး စကားလုံးတို့ကြောင့် မျက်နှာတစ်ခုလုံး နွေးခနဲ ဖြစ်သွားသည်ကို အမှတ်ရမိပြန်ပါ၏။

[ ၂ ]

'ဆရာ'

ချင်းအမျိုးသားကလေး တွယ်ခန့်ခိုင် မိမိဘေးတွင် လာရပ်နေသည်ကို ခေါ်သံကြားမှ သတိရမိသည်။ 'ကလေးမြို့'မှ တက်လာကြသော မိတ်ဆွေများက ပစ္စည်းအချို့ကို သယ်၍ ကားနှင့် တက်သွားနှင့်ကြသည်။ မိမိလေယာဉ်နှင့် လာမည့်ခရီးတွင်လည်း အဆင်ပြေ အဖော်ရအောင်ဆိုပြီး သည်လူငယ်ကို မိမိ အားနာပါးနာ တားသည့်ကြားက ထားခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



လုပ်ပြီးမှ မိုးလင်းခါနီး သေတာဆိုတော့ ပြီးလည်းပြီးရော ခြေပစ်လက်ပစ်ပေါ့၊ အမှန်တော့ ထိတာ ပြင်းတာလည်း ပါပါတယ်၊ ဒါပေမဲ့ ထုံးစံအတိုင်းပေါ့ ငါ့နေရာမှာ ငါ့ထက်တော်တဲ့ လူတစ်ယောက်ရှိရင် ရှင်းချင်ရှင်မှာလို့ တွေးပြီး စိတ်ဓာတ်ကျတာမျိုးလေ'

မေထားရီက ကြဲကြဲဖန်ဖန်ဟု ဆိုသည်။

လှိုင်ကတော့ မသိမသာ တိတ်ဆိတ်သွားသည်။

ဟုတ်ပါရဲ့။ သိန်းမိုးလည်း ခေါင်းကို ထိခိုက်ခဲ့သေးသည်ပဲ။ မဆင်မခြင် ပြောမိပြန်ပြီ၊ ဒီပါးစပ်က နောင်တမြင် မိမိပါ တိတ်ဆိတ်သွားခဲ့သည်။

| ၁၂ |

ဒုတိယ အမ်ဘီဘီအက်စ် ဗာကြီးတန်းနှစ်က ဆေးပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဒိုင်း ဘောလုံးပြိုင်ပွဲတွင် ဆေးတက္ကသိုလ်(၁) ဘောလုံးအသင်း ဒိုင်းဆုရခဲ့သည်။ သို့သော် ဂိုးသမားဖြစ်သူ သိန်းမိုး တစ်ယောက်တော့ ဂိုးတိုင်နှင့် ခေါင်းဆောင့်မိပြီး ပြင်းထန်စွာ ဒဏ်ရာ ရခဲ့လေသည်။

သတိ ရတစ်ချက်၊ မရတစ်ချက် ဖြစ်နေသော သိန်းမိုးကို လူနာတင်ယာဉ်ပေါ် မွေ့တင်ကြတော့ သိန်းမိုး၏ လက်တစ်ဖက်ကို ဆုပ်ကိုင်ရင်း စိုးရိမ်ကြီးစွာ မိမိ လိုက်ပါခဲ့သည်။

'ကိုလတ်'

'သူငယ်ချင်း ငါ ရှိတယ်၊ မကြောက်နဲ့ ငြိမ်ငြိမ်ကလေးနေ၊ တို့ ဆေးရုံ သွားကြမလို့'

ချွေးစေးများ ပြန်နေသော သိန်းမိုးမျက်နှာကို လက်ကိုင်ပဝါ နှင့် သုတ်ပေးနေသည်။ အစိုးရိမ်လွန်နေသော သူငယ်ချင်းအုပ်ကြီး ဝိုင်းနေသဖြင့် လူနာတင်ယာဉ် နောက်ဖုံး ပိတ်၍ မရ။ ဆရာ တစ်ယောက်က လူအုပ်ကြီးကို ရှင်းနေရသည်။



'မိလှိုင်ရော'

'ငါလည်း ရှိတယ် သိန်းမိုး၊ ငြိမ်ငြိမ်ကလေး နေ၊ ငါလည်း ဆရာမ ကားနဲ့ လိုက်ခဲ့မှာ'

မိလှိုင်အသံကလေး မမျှော်လင့်ဘဲ အနီးတစ်နေရာမှ ပေါ်လာ၍ မော့ကြည့်လိုက်တော့ မျက်ရည်စီးကြောင်းများနှင့် တုန်ယင်နေသော မိလှိုင်ကို ဆရာမတစ်ဦးက ဖက်ထားကြောင်း တွေ့ရသည်။

သိန်းမိုးက ပြုံး၍ မျက်လုံးပြန်မှိတ်သွားသည်။ ချွေးစေးများက ပြန်လာပြန်သည်။

နောက်

'ဆရာ လေယာဉ်ဆိုက်ပြီ'

တွယ်ခန့်ခိုင် ဗာသံကြောင့် ရုတ်တရက် သတိ ပြန်လည်လာ ပြန်သည်။

'ဟုတ်လား၊ အေး၊ ဆင်းကြရအောင်'

လှိုင်နှင့် မေထားရီလည်း လိုက်ရပ်ကြသည်။

'စာရေးမယ်နော်၊ ကိုလတ် ပြန်မှာလား'

လှိုင်က တိုးတိုး မေးသည်။ ပြီးမှ ရယ်၍ 'မမြေနဲ့၊ မညာချင်ဘူး မဟုတ်လား' ဟု ပြောသည်။

ရုတ်တရက် ဘာပြန်ပြောရမှန်း မသိ၊ နှုတ်ဆွံ့၍ သွားပြန်လေ သည်။

ဩော်၊ တကယ်တော့လည်း နှုတ်ဆွံ့သွားမိတာကိုက အားနာ စရာ။

www.burmeseclassic.com

www.burmeseclassic.com



လိမ့်မည်။ ဘောလုံးပွဲပြီးမှ ထပ်ဆွေးနွေးကြတာပေါ့ကွာဟူသော စကားကို ရည်ရွယ်ချက်မဲ့စွာ ပြောမိသည်။

ထိုညက မိမိလည်း တစ်ညလုံး အိပ်မပျော်ခဲ့။

[ ၆ ]

သိန်းမိုးက မိလှိုင်ကို ချစ်နေသည်။ မိလှိုင်က လုံး၀ ထင်မထား။

မိလှိုင်က သိန်းမိုးကို ချစ်နေဟန် တူသည်။ သိန်းမိုးက လုံး၀ ထင်မထား။

ပိုဆိုးသည်က မိလှိုင်က သိန်းမိုးကို သူ လက်လွှတ်ဆုံးရှုံးပြီး သားဟု ထင်နေသည်။ သိန်းမိုးအနေနှင့် ရှင်းပြရန် အခွင့်မသာသေး။ စခန်းသွင်း လေ့ကျင့်မှု ပြီးရင်တော့ ရှင်းပြမည့် သဘောရှိသည်။ သည်ကြားထဲမှာ မိမိက ရှင်းပြလိုက်ရင်တော့ သူတို့အတွက် ဇာတ်သိမ်း လှသွားမည်။

မိမိအတွက်တော့ ပြင်းထန်သော ဆုံးရှုံးမှုတစ်ရပ်ပင် ဖြစ်ပေ လိမ့်မည်။

တကယ်တော့ ကျောင်းပြီး၊ ဆရာ၀န်ဖြစ်၊ ဘ၀လမ်းကို တကယ် လျှောက်လှမ်းရတော့မည် ဆိုသောအချိန်မှာ မိလှိုင်နဲ့သာ ဆိုလျှင် ဆိုတာမျိုးကို အကြိမ်ကြိမ် စိတ်ကူးယဉ်ကြည့်ခဲ့ဖူးသည်။

မိုးလင်း၍ မျက်စိနှစ်လုံး ဖွင့်ပြီဆိုကတည်းက မြင်ရမည့် ကြည်လင်သန့်စင်သော အပြုံးနှင့် သာယာအေးမြသော ရယ်မောသံ။ နံနက်စာ စားချိန်ကတည်းက အတူရှိနေမည့် နွေးထွေးလုံခြုံသော ယှဉ်တွဲမှု။ လျှောက်သမျှ ခြေလှမ်းတိုင်းမှာ ဖွဖွကလေး တွဲဖက်ထား မည့် လက်မောင်းကလေး တစ်ဖက်၏ နွေးထွေးမှု၊ အမြဲတမ်း တွတ်တီး တွတ်တာ နောက်ပြောင်ကျီစယ်နေရင်းက ဘယ်တော့မှ စိတ်ညစ်ဟန် မပြတတ်သော မျက်နှာလှလှကလေး။



ဒါတွေ အကုန်လုံးကို တကယ်ပဲ အဆုံးရှုံး ခံရတော့မှာတဲ့လား။

မိလှိုင်ရဲ့ သံယောဇဉ်အကြီးဆုံး လူနှစ်ဦးထဲမှာ တစ်ဦး အပါအ၀င် ဖြစ်လျက်သားနှင့် သည်ဘ၀လှလှကလေးကို မျှော်လင့်ပိုင်ခွင့် မိမိကျမှ ဘာဖြစ်လို့ မရှိရပါသလဲ။

အထူးသဖြင့် အခုလို အချိန်မျိုးပေါ့။

သိန်းမိုးကို ဆုံးရှုံးပြီးပြီဟု မိလှိုင်က ထင်နေသောအချိန်မျိုးမှာ မိမိက မိလှိုင်ကို ဖွင့်ပြောလိုက်ပါက မိမိအပေါ် သံယောဇဉ်ကြီးသည့် အပြင် သိန်းမိုးအပေါ် မခံချင်စိတ်ဖြစ်နေသော မိလှိုင်က ဘယ်လို များ တုံ့ပြန်နိုင်ပါသနည်း။

တော် တော် တော် ပွဲလန့်တုန်း ဖျာခင်းဆိုတဲ့ စကားအတိုင်းပဲ ဖြစ်နေပါပေါ့လား။ မိလှိုင်က တုံ့ပြန်ခဲ့သည်ထားဦး။ သိန်းမိုးမျက်နှာ ကို ဘယ်လို ကြည့်ရပါ့မလဲ။

'အစကတည်းက ငါတို့နှစ်ယောက်က နားလည်မှု လွဲပြီးသား၊ မင်း လာတိုင်ပင်တုန်းက ပြောပြရခက်နေလို့' လို့ ပြောလိုက်ရုံသာ။ ဘာခက် လို့လဲ ဒါမှ မကျေနပ်လျှင်လည်း တစ်သက်လုံး အပေါင်း အသင်း မလုပ်ချင်နေပေါ့။ မိလှိုင်ကို ဆုံးရှုံးရတာထက်တော့ ပိုမဆိုးနိုင်ဘူး။ သိန်းမိုးလည်း နောက်ကျပြီးမှတော့ မိလှိုင်ကို တွေ့တွေ့ဆိုင်ဆိုင် သွားရှင်းနေမည် မဟုတ်။

ဒါကရော အချစ် ဟုတ်လို့လား။ ကိုယ့်ချစ်သူရဲ့ ခံစားချက်ကို သိနေပါလျက်နှင့် လက်တစ်လုံးခြား ကွယ်၀ှက်ရန် ကြံစည်သည့် စိတ်ဓာတ်ကရော ဘာများ ဂုဏ်ယူစရာ ရှိလို့လဲ။

ယောက်ယက်ခတ်နေသော အတွေးများနှင့် တစ်ညလုံး အိပ် မပျော်ခဲ့သော်လည်း မိုးလင်းလင်းချင်း မိလှိုင်ကိုတော့ ဖုန်းဆက် ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

[ ၇ ]

နေက နှင်းထုကို မခွဲနိုင်သေးသည့်အချိန်။

လိပ်ခုံး ခန်းမကြီးဘေး ကားရပ်နားရာ အမိုးကလေးအောက်မှ မြောင်းပေါင်အမြင့်ကလေးတွင် ထိုင်နေရင်းက ပြည်လမ်းတစ်ဖက်ရှိ မြန်မာ့အသံ အဆောက်အအုံကြီးကို လှမ်းကြည့်မိသည်။ နှင်းက ဖုံးနေဆဲမို့ သိပ်တော့ ကွဲကွဲပြားပြား မမြင်ရ။

နှင်းများ မည်မျှပင် ပိတ်ဆို့နေပါစေ သည်မျက်လုံးနှစ်လုံးဖြင့် မြင်နိုင်သမျှ အရာအားလုံးထဲတွင် ဘယ်လောက်ဝေးဝေး အမြဲ မှတ်မိနေကျ သဏ္ဌာန်ကို လှမ်းမြင်လိုက်သည်။

ကျောင်းဂိတ်ဝမှ လမ်းလျှောက်၍ ဝင်လာသော မိလှိုင်ပါ။

ရှမ်းလုံချည်အဖြူရောင်၊ ဆွယ်တာ အဖြူရောင်နှင့် လွယ်အိတ်အဖြူကလေးကို ပခုံးတစ်ဖက်တွင် လွယ်ထားသော ၁၉ နှစ်အရွယ် ဆေးကျောင်းသူကလေးသည် နှင်းဖုံးသော မနက်ခင်းတွင် ဒဏ္ဍာရီဆန်ဆန် လှပ၍ နေလေသည်။ ချမ်းနေသော ဟန်ပန်နှင့် လက်ကလေး နှစ်ဖက်ကို ကျုံ့ကျုံ့ကလေးပိုက်၍ အမိုးအောက်သို့ ဝင်ရောက်လာပြီး ပြုံးပြသည်။ ပြီးတော့ မိမိဘေးမှာပင် ဝင်ထိုင်သည်။

'ချမ်းချမ်း စီးစီးဟယ်၊ ဘာလို့ အစောကြီး ချိန်းတာလဲ'

'အထဲ သွားကြမလား'

'ရပါတယ်ဟာ၊ ခဏနေ နွေးလာမှာပဲ၊ ပြီးတော့ နှင်းတွေကျနေတာ ကြည့်ရတာလဲ အလှသားဟ၊ နင် ဘာပြောစရာ ရှိလို့လဲ၊ ပြောလေ'

ခေါင်းငုံ့ထားရင်းကပင် လေသံတိုးတိုးနှင့် မဝံ့မရဲ စကားစမိသည်၊

'နင် စိတ်မဆိုးဘူးဆိုမှ'

ညင်သာစွာ ရယ်သည်၊



'ကိုလတ်ရယ်၊ နင်နဲ့ ငါနဲ့ကြားမှာ စိတ်ဆိုးစရာအကြောင်း၊ ဘာမှ မရှိနိုင်ပါဘူး၊ ဒါပေမဲ့ နင့်သဘောပါ၊ နင်ပြောချင်မှပဲ ပြောပါ'

နှင်းထုကြားထဲသို့ ငေးမောနေရင်းက အိပ်မက် မက်နေသူ၏ လေသံမျိုးဖြင့် ပြောဖြစ်သည်၊

'မိလှိုင် နင့်ကို ငါ ချစ်နေတာ ကြာပါပြီ၊ ငါ အခုမှ ပြောရဲတာ'

မိလှိုင် အသံတိတ်သွားပါသည်၊

[ ၈ ]

နှင်းကွဲစ ပြုလာသည်အထိ နှစ်ယောက်သား အသံတိတ်နေကြသည်။ ပတ်ဝန်းကျင်က နွေးထွေးစ ပြုလာလေပြီ၊ မိလှိုင်က လက်ပိုက်ကို ဖြုတ်ပြီး ပေါင်ပေါ်တွင် တင်ထားသော လွယ်အိတ်ကလေး၏ အမြီးကြိုးစကလေးများကို လိမ်ကစားနေသည်။ ခေါင်းငုံ့ထားသည်။ မျက်နှာကလေးက တည်နေသည်။

'မိလှိုင်၊ နင် စိတ်ဆိုးသွားလား'

'အမှိပ္ပာယ် မရှိတာဟာ'

'နင် ဘာမှ ပြန်မပြောလို့'

'ငါ၊ ငါ စဉ်းစားချင်လို့'

လှိုက်ခနဲ ဝမ်းသာသွားမိသယောင်၊ သည်မျှပင် မျှော်လင့်မထားမိခဲ့။

'စဉ်းစားမယ်ဆိုရင်ပဲ ဝမ်းသာလှပါပြီ သူငယ်ချင်းရာ၊ နင် အချိန်ယူ စဉ်းစားမယ်ပေါ့ ဟုတ်လား'

'အခု ခဏလေးပါဟာ၊ ခဏလေး စဉ်းစားနေတာပါ'

ပါးစပ်အဟောင်းသား ဖြစ်သွားမိခဲ့ပါ၏။

www.burmeseclassic.com

www.burmeseclassic.com





ကြယ်စုံသောည၌ သေးသိမ်စွာ ရပ်တန့်ခြင်း

www.burmeseclassic.com

www.burmeseclassic.com

[ ၉ ]

'ဒီလိုပဲဟာ ကိုလတ်၊ ချစ်တယ်ဆိုတာ ခံစားချက်ပဲဦးစွာ၊ စဉ်းစားစရာ မလိုပါဘူး၊ နင်မဟုတ်ဘဲ တခြားတစ်ယောက်ယောက်ဆိုရင် ငါ့မှာ အမြဲက အသင့်ရှိနေမှာပဲ၊ ပြောလိုက်ရုံပဲ၊ အခုက နင်ဖြစ်နေတယ်၊ ငါ့ရဲ့ အချစ်ဆုံးသူငယ်ချင်း ဖြစ်နေတယ်၊ ဒါကြောင့် ရုတ်တရက် ဘာပြောရမှန်း မသိတာ၊ အဲဒါကို စဉ်းစားနေရတာ'

အသက်ပင် မရှူမိဘဲ ခေါင်းငုံ့နေသော မျက်နှာကလေးကို ငေးကြည့်နေမိသည်။

'နင့်ကို ငါ သံယောဇဉ် သိပ်ကြီးတယ်၊ နင်ပျော်နေတာ မြင်ရင် ငါ ပျော်တယ်၊ နင် စိတ်ညစ်နေတာမြင်ရင် ငါ စိတ်ညစ်တယ်၊ နင်နဲ့အတူတူ ရှိနေရင် ငါ စိတ်ချမ်းသာတယ်၊ ငါ့ကြောင့် နင် စိတ်ညစ်ရဖို့ဆိုတာမျိုးကို တွေးတောင် မတွေးရဲဘူး၊ ဒါပေမဲ့ ကိုလတ်ရယ်'

ခေါင်းကလေး မော့လာသည်။ မညှိုးငယ်စဖူး ညှိုးငယ်နေသော မျက်နှာကလေးကို မြင်ရ၏။

'နင့်ကို ငါ ချစ်တော့ မချစ်ဘူးဟာ'

ကမ္ဘာလောကကြီးတွင် ရှိရှိသမျှသော အသံဗလံတို့သည် မမြင်ရသော တွင်းနက်ကြီးတစ်ခုထဲသို့ နစ်ဝင်ပျောက်ဆုံးသွားသည့် အလား တိတ်ဆိတ်သွားပါသည်။

[ ၁၀ ]

'ကိုလတ်ရယ်၊ မချစ်ဘူးဆိုတာကို ဘာလို့လဲလို့ မေးတော့ ငါက ဘယ်လို ဖြေရမှာလဲ၊ ချစ်တဲ့စိတ် ဖြစ်မလာတာပဲပေါ့၊ သူငယ်ချင်း သံယောဇဉ်က သံယောဇဉ် သတ်သတ်၊ ရင်မခုန်တာ၊ မခုန်မိတာကို အားနာပါတယ်ဆိုတာကလွဲလို့ ငါလည်း ရှင်းမပြတတ်တော့ဘူး၊ ဒါ



ငါ့အဖြေပဲဟာ၊ ကိုလတ် နင် ငါ့ကို ဆက်တော့ ခင်ပါ၊ ရှောင်မနေပါနဲ့၊ ငါ တောင်းပန်ပါတယ်၊ နင့်ကို ငါ သိပ်ခင်တယ်၊ နင်နဲ့ငါ မဆက်ဆံဘဲ နေရတဲ့ဘဝမျိုး ရောက်မှာ ငါ သိပ်ကြောက်တာပဲ၊ ကဲ လာပါဟာ၊ တို့ အတန်း၊ တက်ကြရအောင်'

နှင်းမှုန်များကြားတွင် အဖြူရောင် အိပ်မက်နတ်သမီးလေး ကွယ်ပျောက်သွားသည်အထိ ခံစားမှုမဲ့နေသော ခြေအစုံကို မကြွနိုင်ခဲ့ကြောင်း၊ ၁၀ နှစ်ကျော် ကြာခဲ့သည်အထိ လုံးစေ့ ပတ်စေ့ မှတ်မိနေဆဲပါ။

| ၁၁ |

'အဲဒီလောက်အထိတော့ ရှောင်မနေသင့်ဘူး ထင်တာပဲ'

နှုတ်ခမ်းက မသိမသာ ပြုံးမဲ့မဲ့ လုပ်ရင်းက လှိုင်က ဆိုသည်။ အတိတ်ဆီသို့ စီးမျောနေသော အတွေးများ မင်္ဂလာဒုံလေဆိပ် စားသောက်ခန်းထဲသို့ ရုတ်တရက် ပြန်ဝင်လာကြသည်။ အရောင်းကောင်တာတွင် ကော်ဖီအိုး သွားယူပေးနေသော မေထားရီနှင့် တွယ်ခန့်နိုင်တို့ကို လှမ်းငေးကြည့်မိရင်းက တိုးတိုးဖြေသည်။

'ရှောင်နေတာတော့လည်း မဟုတ်ပါဘူး၊ လာတဲ့ကိစ္စကလည်း ဝမ်းသာစရာကိစ္စမဟုတ်တော့၊ ဘွဲ့လွန်တက်လို့ အလိုလိုက စိတ်ပင်ပန်းနေရပြီးသား လှိုင့်ကို စိတ်ဒုက္ခ ထပ်မပေးချင်တာပါ'

မပီမသ အပြုံးကလေးပင် ပျောက်သွားသည်။

'အဲသလို စကားမျိုးတွေပြောရင် စိတ်ထဲမှာ ဘယ်လောက် ထိခိုက်မိတတ်သလဲဆိုတာရော ရိပ်မိရဲ့လား'

မသိမသာ ဝဲလာသော မျက်ရည်တို့ကို မမြင်ဟန်ဆောင်ရင်းက ဆောရီးဟု တိုးတိုး ပြောမိသည်။ မေထားရီနှင့် တွယ်ခန့်နိုင်တို့ ရောက်လာကြသဖြင့် စကားလမ်းကြောင်းလည်း မသိမသာ ပြောင်း လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဆေးရုံမှာရော အဆင်ပြေရဲ့လား၊ စာလည်း အရမ်းကျက်ရမှာပဲနော်'

လှိုင်က မျက်လုံးကို လက်နှင့် မသိမသာ ပွတ်ရင်းက ရယ်သည်။

'တခြားဘာသာ အမ်အက်စ်စီ တက်နေတဲ့ ဆရာဝန်တွေနဲ့ သောကြာနေ့ နေ့လယ်တိုင်း လမ်းမတော် ဆေး (၁) မှာ ဆုံတယ်၊ ပါမောက္ခချုပ်နဲ့ အမ်အက်စ်စီ ကျောင်းသူ ကျောင်းသား အားလုံး ဆုံရတာလေ၊ ဆရာကြီးမလာခင်တော့ ဟိုပြော ဒီပြောပေါ့၊ အဲဒီမှာ ဆရာဝန် တစ်ယောက်က ရယ်စရာ ပြောတာ ပြောပြမလို့'

မေထားရီကပါ ဝင်၍ လုပ်ပါဦးဟု ပြုံးပြုံးဆိုသည်။

'ဘွဲ့လွန်ကျောင်းသားဆိုတာ မနက် ဆေးရုံလာလို့ တစ်ယောက်နဲ့ တစ်ယောက် ဆုံရင် မင်္ဂလာပါလို့လည်း နှုတ်မဆက်ကြဘူး၊ ဂွတ်မောနင်း၊လို့လည်း နှုတ်မဆက်ကြဘူး၊ 'စိတ်ညစ်တယ်' ဆိုပြီး နှုတ်ဆက်ကြတယ်တဲ့၊ ဒါကြောင့် ဘွဲ့လွန်တက်နေတုန်းများ စိတ်ညစ်ရင် မအံ့သြနဲ့၊ အဆင်မပြေတာတွေက ကိုယ့်ကျမှ ဖြစ်တာ မဟုတ်ဘူး၊ သဘာဝပဲ၊ ဘယ်သူမှ လာသနားမယ် မထင်နဲ့တဲ့လေ'

လောကစံကို ဟာသဉာဏ်ဖြင့် ရင်ဆိုင်တတ်သော ကိုယ့် အရွယ်လူငယ်ဆရာဝန်ကို မြင်ယောင်ကြည့်ရင်းက သဘောကျစွာ ပြုံးမိသည်။

'အေးလေ၊ ဒါတွေက နောင်တစ်နေ့ သူများကို ကူညီတဲ့နေရာမှာ သူတကာထက် သာပြီး ကူညီနိုင်အောင် ရင်းရတာပဲဥစ္စာ၊ တန်ပါတယ်'

'ပြောနေ့ သူ့ဖြင့် ဘာမှ မဖြေဘဲနဲ့'

ရယ်၍သာ နေလိုက်ရသည်။ မေထားရီက ဝင်၍ 'ဟုတ်တယ်၊ ခွဲစိတ်တာ သိပ်တော်တယ်လို့ နာမည်ကြီးနေတာ ခွဲစိတ်အထူးကု ဘာလို့ မဖြေလဲ' ဟု မေးသည်။

ပြုံး၍ ခေါင်းခါပြလိုက်သည်။

'ခွဲစိတ်လည်း မတတ်ပါဘူး၊ လည်ပင်းကြီးတွေတော့ တော်တော်များများ ခွဲခဲ့ရတော့၊ အဲဒီတစ်ခုတော့ မြန်မြန်နဲ့ သပ်သပ်ရပ်ရပ်



လုပ်တတ်တာ ပေါ့လေ၊ စနစ်တကျ သင်ကြားထားတဲ့ ခွဲစိတ်ကုဆရာဝန်လိုတော့ ပြဿနာ အမျိုးအစားလိုက်ပြီး လိုသလို မျိုးစုံ စဉ်းစားလုပ်တတ်တာမျိုးတော့ ဘယ်ရှိမှာလဲ၊ ခွဲစိတ်တော်တယ် ဆိုတာက ကိုယ့်ကိုချစ်တဲ့ လူနာတွေက ချစ်လို့ ဂုဏ်ဖော်ပြောကြတဲ့ ဟာမျိုးပါ'

လှိုင်က မျက်စောင်းလှလှတစ်ချက် ထိုးလိုက်သည်။

'ကိုယ့်ကိုယ်ကိုယ် လျှော့ပြောမနေပါနဲ့၊ ခွဲစိတ် တက်နေတဲ့ တစ်ယောက်ကတောင် ပြောနေတယ်၊ ချင်းတောင်မှာ ဒီဗီဂျီဂျေ (DVGJ) လုပ်လွှတ်လိုက်တဲ့ လူနာတစ်ယောက်ကို တွေ့လို့တဲ့၊ သူတို့ဆရာတွေကတောင် ပြောတယ်တဲ့၊ ချင်းတောင်ကလည်း လာတယ်၊ ဒီဗီဂျီဂျေကို ဒီလောက် ခွဲကြောင်း သေးသေးလေးကနေ သပ်သပ်ရပ်ရပ် လုပ်လွှတ်လိုက်တယ်ဆိုရင်တော့ ဒါ ချင်းတောင်လတ်ငြိမ်း လက်ရာပဲ ဖြစ်ရမယ်လို့ ပြောတော့ လူနာက အံ့သြပြီး ဟုတ်ပါတယ်၊ ဆရာတို့လည်း သူ့ကို သိနေလို့လားလို့ မေးတယ်တဲ့'

မေထားရီက အံ့အားသင့်ဟန်ဖြင့်

'ဟုတ်လား၊ ဒါနဲ့တောင် ဘာလို့ ခွဲစိတ်မတက်လဲ' ဟု ဝင်မေးသည်။ ခေါင်းသာ ကုတ်ပြလိုက်သည်။

'စာကျက်ပျင်းတာတော့လည်း မဟုတ်ဘူး၊ ခုလည်း ဖတ်နေရတာပဲလေ၊ ဒါပေမဲ့ တစ်ခုခု အထူးကုတက်လိုက်ရင် ကျန်တာ မလုပ်ရမှာလည်း နှမြောသလိုပဲ၊ အခုက ကလေးလည်း ကုချင်၊ မီးယပ်သားဖွားလည်း လုပ်ချင်၊ ဘာမှကို မလွှတ်ချင် ဖြစ်နေတာ'

လှိုင်က ရယ်၍ 'သိပါပြီ၊ သိပါပြီ၊ အလုပ် လောဘကြီးမှန်း' ဟု ဆိုသည်။

'တစ်ခါတော့ ဖြစ်ဖူးတယ်၊ ခွဲစိတ်ကု တက်ချင်တဲ့စိတ်'

'တကယ်၊ ဘယ်တုန်းကလဲ'

'ချင်းတောင်မှာပဲ၊ ကားမှောက်တဲ့ လူတစ်ယောက် ခေါင်းထိသွားလို့ 'ဘားဟိုး' ဖောက်ရတာလေ၊ မရဘူး၊ ဆုံးသွားတယ်၊ တစ်ညလုံး

www.burmeseclassic.com

www.burmeseclassic.com



[ ၆ ]

တစ်လခန့် ကျောင်းမတက်ဖြစ်၊ စာအုပ်အဟောင်းဆိုင် ပေါက်စေ့ လျှောက်သွားသည်။ မဟာဗန္ဓုလပန်းခြံ၊ ကန်တော်ကြီးတို့လည်း ရောက်ဖြစ်သည်။ တစ်ခါတစ်ရံလည်း အင်းလျားကန်စောင်းတွင် သွားထိုင်သည်။ ညပိုင်းတွင် အခြားကျောင်းများမှ သူငယ်ချင်းများနှင့် မကြာခဏ ဆုံ၍ အရက်သောက်သည်။ မူးလာလျှင် မိန်းကလေး ဆောင်များရှေ့ သွား၍ ဂစ်တာတီး သီချင်းဆိုကြသည်။ တစ်ခါတစ်ရံလည်း သူငယ်ချင်းတစ်ဦးအိမ်တွင် စုအိပ်ပြီး ညလုံးပေါက် ဖဲရိုက်ချင် ရိုက်ပြန်သည်။

ဘာမှ မလုပ်ချင်လောက်အောင် စိတ်ညစ်နေသည့်အခါမျိုး၊ သို့မဟုတ် ဘာမှ မလုပ်နိုင်လောက်အောင် ငွေပြတ်နေသည့် အခါမျိုး တွင် ရွှေတိဂုံဘုရားရင်ပြင်ပေါ်ရှိ နောင်တော်ကြီးစေတီအေး ချောင် ကလေးတွင် နာရီပေါင်းများစွာ တစ်ယောက်တည်း သွားထိုင်နေပြန် သည်။

မိဘများက နိုင်ငံခြားရောက်နေခိုက်မို့ အတူတူနေသူ တစ်ဦး တည်းသော ညီငယ်က မိမိ တခုခု ဖြစ်နေပြီကို ရိပ်မိသည်။ သို့သော် မိမိကို မပြောရဲသည်ကတစ်ကြောင်း၊ မိမိ၏ ဆင်ခြင်တုံတရားသည် အချိန်တန်လျှင် မိမိကို ပြန်ထိန်းသိမ်းနိုင်လိမ့်မည်ဟု ယုံကြည်နေ ခြင်းကြောင့်လည်းကောင်း ဘာမှ ဖွင့်မမေးခဲ့။

သိန်းမိုးနှင့် မိလှိုင်ကတော့ ကျောင်းမတက်သည်လောက်ကိုပဲ ရိပ်မိသည်။ သူတို့လည်း ဖျောင်းဖျချင်သော်လည်း စကားလုံး ရှာတွေ့ ဟန်မတူ။ တစ်ကြိမ်တွင်တော့ တော်တော် အရှုပ်ဆိုးသွားသည်။

မော်လမြိုင်မှ သူငယ်ချင်းသုံးဦး လိုက်လာသည့် ည။



[ ၇ ]

ပထမတော့ ကုက္ကိုင်းမီးပွိုင့်အနီးရှိ တရုတ်စားသောက်ဆိုင်တွင် အရက် သောက်ကြသည်။ တော်တော် မူးသွားကြပြီးနောက် ကုက္ကိုင်းမှ မိမိအိမ် ရှိရာ ဦးဝိစာရလမ်းသို့ ခြေကျင်လျှောက်ပြန်ရန် စိန်ခေါ်မိကြသည်။ အငှားကား စီးလောက်အောင် ပိုက်ဆံ မကျန်သည်က စသည်ဟု ထင်သည်။

ဦးဝိစာရလမ်း အလယ်ကောင်ရှိ သစ်ပင်တန်းကလေးများ အရောက်တွင်တော့ ညကလည်း ၁၀ နာရီ ကျော်ပြီ။ လေးယောက် စလုံးလည်း အတော် ယိုင်နေကြပြီ။ သစ်ပင် တစ်ပင်အောက်ရှိ မြက်ခင်းကလေးပေါ်တွင် လှဲသူက လှဲ၊ ထိုင်သူက ထိုင်။

သည်မှာပင် တစ်ဦးက အိတ်ထဲမှ ပုလင်းပြားကလေး တစ်လုံး ထုတ်ပေးသည်။

'မီးတောက်အစစ်ကွ၊ ဘယ်ကောင် ချရဲလဲ၊ ရဲတဲ့ကောင် ချ'

ပုလင်းကို ဖမ်းဆွဲလိုက်သည်ကိုလည်း သတိရသည်။ 'ဟေ့ ကောင် ကိုလတ် မလုပ်နဲ့၊ မင်း တအားများနေပြီ' ဟူသော အော်သံ များကိုလည်း သတိရသည်။ လက်များက ဝိုင်း၍ တွန်းကြဆွဲကြ သည်ကိုလည်း သတိရသည်။ မော့ချလိုက်မိသည်ကို သတိမရ။

အမှောင်တိုက်က ပိတ်ဖုံးသွားသည်။

[ ၈ ]

သတိရလာတော့ မြက်ခင်းပေါ်တွင် မိမိ တစ်ယောက်တည်း။

သူငယ်ချင်းများကိုလည်း တစ်ယောက်မှ ရှာမတွေ့။ လက်က နာရီကို ထောင်ကြည့်တော့ နံနက် ၅ နာရီ။ မိုးပင် လင်းတော့မည်။ လက်စသတ်တော့ လမ်းလယ်ခေါင်မြက်ခင်းမှာ တစ်ညလုံး အိပ်

www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

'ဆရာ မရှုတ်နဲ့နော်၊ ဆရာရှုတ်တာတွေ ကျွန်တော် သည်းခံပြီး ကြည့်နေခဲ့တာ ကြာပြီ၊ ဒီတစ်ခါတော့ ဆရာ့ကို ကျွန်တော် ပေးမရှုတ်တော့ဘူး၊ ကျွန်တော့်စကားကို ဆရာ နားထောင်တော့'

မန္တလေးသူ လက်ထောက်ဆရာဝန်မကလေးက လက်ညှိုးကလေး တထောင်ထောင်နှင့် အတည်ပေါက် ဟောက်နေသည်။ မိမိထက် သုံးနှစ်ကျော်ငယ်ပြီး မိမိအောက်တွင် တာဝန်ထမ်းဆောင်နေသူက သည်လေသံနှင့် မိမိကို ပြန်ပြောဝံ့သည်ဆိုကတည်းက ကရုဏာဒေါသောသာ ဖြစ်စရာရှိသည်။ ထိုကရုဏာ၏ နောက်ကွယ်တွင်ရှိသော စေတနာ ထုထည်ကိုလည်း အသိအမှတ် မပြု၍မရ။

ရယ်ကျဲကျဲနှင့်သာ လက်လျှော့လိုက်ရသည်။

'ကဲ သဘောပါ မန္တယ်ရယ်၊ မန္တယ်ရဲ့ အမိုင်နိုဒရစ်ပ် ချိတ်ချင်လည်း ချိတ်တော့၊ တို့ကတော့ ခါတိုင်းလိုပဲ ဘိုးလပ်တစ်လုံးထိုးပြီး သောက်ဆေးနဲ့ လိုက်လိုက်ရင် အလုပ်ဆက်လုပ်လို့ရမယ် ထင်တာပဲ၊ ကြည့်ပါလား၊ တို့ အခုတောင် စကားပြောနေနိုင်တာပဲ'



'သွားစမ်းပါ ဆရာရယ်၊ စကားလုံး တစ်လုံးနဲ့ တစ်လုံးကြားထဲ နားပြီး ပြောနေရတာတောင် စိတ်က မလျှော့သေးဘူး၊ ကဲ အစ်မရေ အမိုင်နိုဒရစ်ပ်ပြင်တော့၊ ဆရာ့အခန်းထဲမှာပဲ ချိတ်ရအောင်၊ ဆရာ ဆရာ့ရုံးခန်းမှာပဲ ဒီည အိပ်လိုက်တော့'

ထဘီအပြာဝတ်ဆရာမကလေးက ခေါင်းညိတ်၍ အခန်းထဲမှ ထွက်ခွာသွားသည်။

[ ၂ ]

ပြောတော့လည်း ပြောစရာ။

ချင်းတောင် ပြန်ရောက်ပြီးနောက်ပိုင်း မိမိ ပန်းနာရောဂါက ဖောက်လာသည်။ ရင်ကျပ်သော အကြိမ်ရေ များလာသည်။ မိမိကတော့ အေးသော ရာသီကြောင့်ဟု ထင်မိသော်လည်း မိမိ၏ တစ်ဦးတည်းသော လက်ထောက်ဆရာဝန်ဖြစ်သူ ဒေါက်တာ ယမင်းနွယ်ကတော့ နေ့မအိပ် ညမအိပ် အပင်ပန်းခံမှုများနှင့် နေ့စဉ်နေ့လယ်စာ လွတ်လေ့ရှိသော ခွဲစိတ်မှုများကို အပြစ်တင်လေသည်။

သည်တစ်ကြိမ်တွင်တော့ ခွဲစိတ်နေရင်းကပင် ဆက်မလုပ်နိုင်လောက်အောင် ဖြစ်လာသဖြင့် 'မန္တယ်ရေ၊ ပိတ်ပေးလို့ ရမလား' ဟု ဖွင့်ပြော၍ ခွဲခန်းထဲမှ ထွက်ခဲ့ရသည်အထိ ဖြစ်လေတော့သည်။

'ရင်တုန်သေးလား ဆရာ'

ယမင်းနွယ်၏ မေးသံကြောင့် ပက်လက်အိပ်နေရာက ခုတင်ဘေးသို့ လှည့်ကြည့်မိသည်။

'ရပါတယ်၊ ခုမှ ပိုနေသာသွားတာ'

ဆရာဝန်မကလေးက မျက်စောင်းလှလှ တစ်ချက်ထိုးသည်။

'ဒီလောက်ဖြစ်နေတာတောင် ဒီနေ့ အိုတီကို ပိုစ့်ပုန်းမလုပ်ဘူး၊ ကျွန်တော်ဖြင့် ခွဲနေရင်းက 'ဆိုင်ရင်နိုးစစ်' ရတဲ့လူနာပဲ မြင်ဖူးပါတယ်

www.burmeseclassic.com

www.burmeseclassic.com



ခွဲနေရင်း 'ဆိုင်ရင်နိုးစစ်' ရတဲ့ဆရာဝန်မျက်နှာကတော့ တစ်သက်လုံး မှတ်မှတ်ရရပဲ'

ခွဲခန်းသုံးမျက်နှာဖုံး ချွတ်လိုက်စဉ်က မိမိနှုတ်ခမ်းများ ပြာချင်ချင် ဖြစ်နေသည်ဟု ယမင်းနွယ်က ပြောခဲ့သည်။ လက်အိတ်ချွတ်စဉ်က လက်သည်းများ ပြာနေခဲ့သည်ကတော့ မိမိလည်း သတိထားမိခဲ့သည်။

'ဒီ့တိကလည်း ကြွေးတွေ များနေတာကိုး မနွယ်ရဲ့၊ စောင့်နေရတဲ့လူတွေ သနားပါတယ်'

ယမင်းနွယ်က နှုတ်ခမ်းစူမလိုနှင့် ရယ်ပြန်သည်။

'အရေးပေါ်တွေမှ မဟုတ်တာ ဆရာရယ်၊ ချင်းတောင် လတ်ငြိမ်း ပြန်ရောက်လာတယ်ကြားလို့ ပြုဆင်းလာတဲ့ လူတွေပဲ၊ ချင်းတောင် လတ်ငြိမ်း နေကောင်းရင် ဆက်ခွဲမယ်၊ နေမကောင်းရင် နားမယ်၊ လူပဲ၊ စက်ရုပ်မှ မဟုတ်တာ'

သည်မိန်းကလေးပြောမှပင် မိမိကိုယ်မိမိ 'ဆေးကုသော စက်ရုပ်' အဖြစ် သဘောထားနေမိခဲ့သည်မှာ နှစ်ပေါင်း အတန်ငယ် ကြာပြီဟု ရိပ်မိလာသယောင်။

'ဆရာ ငယ်ငယ်ကတည်းက ဒီလိုပဲ ဖြစ်နေကျလား၊ ဒီပြာတဲ့ အထိကော အရင်တုန်းက ဖြစ်ဖူးလား'

'အသက်နှစ်ဆယ်ကျော်မှ စဖြစ်တာ၊ သာ့ဒ်အမ်ဘီမှာပါ၊ အဲဒီ တစ်ခေါက်က ဆိုင်ယင်နိုးစစ် ရတယ် ပြောကြတယ်၊ သတိလစ်နေတော့ မသိလိုက်ဘူး၊ နောက်ပတ်တ်ဝမ်းမှာ နယ်ကွင်းဆင်းနေရင်းက တစ်ခါဖြစ်တော့ ပြာသေးတယ်၊ နောက်ပိုင်းတော့ ရှုဆေးလေး မှန်မှန် ဉီးအောင် ရှုတော့ သိပ်မဆိုးတော့ဘူး'

ယမင်းနွယ်က သက်ပြင်းချ၍ နေရာမှ ထသည်။

'နားဦးလေ ဆရာ၊ ကျွန်တော် မွေးခန်းဘက် သွားဦးမယ်'

'ဟို 'စင်တို' သွင်းထားတဲ့ မိန်းမ သွားကြည့်မလို့လား'



ယမင်းနွယ်က နှုတ်ခမ်းစုပြသည်။

'ဆရာ အခု ဆရာဝန် မဟုတ်ဘူးနော်၊ လူနာ၊ တခြားလူနာတွေကိစ္စ ဝင်မပါနဲ့၊ ကိုယ့်ဟာကိုယ် နားနားနေနေ အိပ်နေပါ၊ ကျွန်တော် တစ်ယောက်တည်း ကြည့်ထားလို့ ရတယ်၊ ဒါပဲ'

'ကောင်းပါပြီဗျာ'

| ၃ |

လူကသာ နားနေ၊ လှဲလျောင်းနေသော်လည်း စိတ်က တတိယနှစ်၊ အမ်ဘီဘီအက်စ် ကျောင်းသားဘဝသို့ ပြန်ရောက်သွားသည်။ မိမိ ပန်းနာရောဂါ ပထမဦးဆုံး စတင် ခံစားရသောနှစ်၊ ပြောရလျှင်တော့လည်း တတိယမြောက် ခရစ္စမတ်ကပင် စသည်ဟု ဆိုရပေမည်။

တတိယမြောက် ခရစ္စမတ်တွင်တော့ မိလှိုင်က သူ့မွေးနေ့ပွဲကို သူ့အိမ်တွင်ပင် လုပ်ဖြစ်သည်။ မိမိနှင့် သိန်းမိုး အပါအဝင် သူငယ်ချင်းအချို့ကို ဖိတ်ကြားခဲ့သည်။

မှန်ပါသည်။ သိန်းမိုးတစ်ယောက် သေကံမရောက်၍ အသက်မပျောက်ခဲ့။ ဦးနှောက်အာရုံကြော ခွဲစိတ်ကုဆရာဝန်ကြီးက သိန်းမိုး၏ ညာဘက်နားထင်မိုးအောက်တွင်ရှိသော သွေးခဲကို အချိန်မီ ခွဲစိတ်ဖယ်ရှားနိုင်ခဲ့သဖြင့် သိန်းမိုးသည် နှစ်လအကြာတွင်ပင် ကျောင်းပြန်တက်နိုင်ခဲ့ရုံသာမက စာမှန်မှန် ကူးပေး၍ ဆေးရုံအထိ လိုက် စာကူကျက်ပေးတတ်သော မိလှိုင်ကြောင့် ဒုတိယနှစ် အမ်ဘီဘီအက်စ် စာမေးပွဲကို အများနဲ့အတူ အောင်ခဲ့ပြီး တတိယနှစ် အမ်ဘီဘီအက်စ်သို့ပင် အတူ တက်နိုင်ခဲ့သည်။

'ဟဲ့ အလှူ့ရှင်၊ နောက်ကျလှချည်လား'

မိလှိုင် အိမ်တွင် ရောက်နှင့်နေသော မိန်းကလေး တစ်ဦးက ဆီးနောက်တော့ သိန်းမိုးက ပါးစပ် ရှေ့တွင် လက်ထောင်ပြီး 'ရှူး' ဟုဆိုကာ ရယ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပျော်နေခဲ့သည်ကိုး။ ရဲပတ္တာရောင်နဲ့သာ တွေ့ခဲ့လို့ကတော့ တစ်ည တော့ လိုက်အိပ်လိုက်ရမည်မှာ သေချာလှသည်။

ဝတ်ထားသော အင်္ကျီလည်း နှင်းတို့ဖြင့် စိုစွတ်နေသည်။ နှာရည်ကလည်း တရစပ် ယိုစီးနေသည်။

တကယ်တော့ ထိုညက သူငယ်ချင်းများလည်း အမှုးလွန်၍ မိမိဘေးတွင် အိပ်ပျော်နေကြခြင်းဖြစ်သည်။ သူတို့နိုးချိန်မှာ မိမိကို နိုးမရသဖြင့် ကားငှားရန် လိုက်ရှာနေကြခြင်း ဖြစ်သည်။ ဒါကို မသိသော မိမိက သူတို့ကို အပြစ်တင် ကျိန်ဆဲ၍ သိပ်မကျန်တော့သော ခရီးကို ဆက်လှမ်းရန် ပြင်လိုက်တော့ -

အားခနဲ အော်ပြီး ကိုယ့်ခြေထောက်ကို ကိုယ်ပြန်ကြည့်မိသည်။ ဝေါကင်းရှူးကို ချွတ်ကြည့်တော့ အရည်ကြည်အဖုကြီး နှစ်ဖု။ ဖိနပ် ပေါက်နေလေပြီ။ ဖိနပ် ချွတ်ကြည့်တော့ ဖုတွေက ခြေထောက် နှစ်ဖက်စလုံးတွင် တွေ့ရသည်။ ရှူး မစီးနိုင်တော့။ စိတ်ပျက်ပျက်နှင့် ရှူးနှစ်ဖက်၏ သဲကြိုးများကို ပူးချည်၍ လည်ပင်းတွင် သိုင်းလိုက်သည်။ ခြေဗလာနှင့်ပင် ကတ္တရာလမ်းမတစ်လျှောက် အိမ်ဘက် ဆက် လျှောက်ခဲ့သည်။

နံနက် ၅ နာရီကျော် ဖြစ်သဖြင့် ဆောင်းတွင်းထုံးစံအတိုင်း လမ်းလျှောက်သူတို့ ကြိုးကြား၊ ကြိုးကြား ထွက်ပေါ်လာကြသည်။ ဖိနပ် နှစ်ဖက် လည်ပင်းသိုင်း၍ ခြေဗလာ လျှောက်လာသော မိမိကို သူတို့ လိုပင် အောက်မေ့ကြဟန်တူသည်။ လှည့်မကြည့်ကြ။

နဝရတ်ရိပ်သာရှေ့အရောက်တွင်တော့ ခြေလှမ်း တုံ့သွား သည်။

သိန်းမိုးနှင့် မိလှိုင်။

သိန်းမိုးက အားကစားဝတ်စုံ အပြည့်နှင့် ဖြိုင်ဘီးကလေး တွန်းလျက် လျှောက်လာသည်။ မိလှိုင်က ဘဘောက်စ်နှင့် လုံချည် ပေါ်တွင် အားကစားဂျာကင်ကလေး ထပ်ဝတ်ပြီး ဦးထုပ်ဆောင်း၊ ကင်းဗတ်ဖိနပ်စီး၍ ဘေးက လျှောက်လာသည်။



'ဟိတ် ကောင်မလေးကို လွှတ်လိုက်'

လက်ညှိုးနှင့် သေနတ်ပစ်သလို ချိန်၍ လှမ်းအော်လိုက်တော့ ရုတ်တရက် လန့်သွားပြီးမှ မိမိကို လှမ်းမြင်ပြီး ရယ်ကြသည်။

'လမ်းလျှောက်ထွက်လာကြတာကွ'

သိန်းမိုးက မလိုအပ်ဘဲ ဖြေရှင်းနေသည်။

'ဘယ်သူက မင်းကို မိန်းမ ခိုးလာတာတဲ့ စွပ်စွဲနေလို့လဲ'

'ဟယ် ကိုလတ်နော်၊ အကောင်စုတ်'

မိလှိုင်က ရှက်ကိုးရှက်ကန်းနှင့် ပခုံးကို လှမ်းထုသည်။ ရင်းနှီး ဟန်ကလေး ကြွင်းကျန်နေသေးသည်ကို ကြည်နူးရမလိုလို၊ ဆွေး မြည့်ရမလိုလို ခွဲခြား၍ မရနိုင်ခဲ့။

'နှင့်အိမ်ကို ညက သိန်းမိုး ဖုန်းဆက်သေးတယ်၊ နင် ပြန်မလာ လို့ နှင့်ညီလေး စိတ်ပူနေတယ်ဆို'

'အေးပါဟ၊ ငါ အခုပြန်တော့မှာ'

'ဟောတော့ အခုမှ ပြန်မှာ။ ညက နင် ဘယ်မှာအိပ်လို့လဲ'

စကား မှားသွားသည်ကို ရိပ်မိလိုက်ပြီး ရယ်ကျဲကျဲနှင့် 'သူငယ် ချင်းအိမ်မှာပါ၊ ကဲ ကဲ ဆက်လျှောက်ကြ၊ ငါ ပြန်လိုက်ဦးမယ်' ဟု ရောချလိုက်ရသည်။

ဒါပေမယ့် နောက်တော့ သူတို့ သိသွားကြသည်။

သိရသည့် အကြောင်းရင်းက ထိုညက မိမိ ဖျားသည်။ ညီငယ် က အဖျားကြီးပြီး အသက်ရှူသံ တရှဲရှဲ မြည်နေသော မိမိကို ကြည့်ပြီး ဘာလုပ်ရမှန်း မသိသဖြင့် သိန်းမိုးကို ဖုန်းဆက်သည်။ သိန်းမိုးက မိလှိုင်ကိုပါ ခေါ်၍ ရောက်လာသည်။ ညက အတူ မူးသော သူငယ် ချင်း သုံးယောက်လည်း ရောက်လာသည်။ ခြေသည်း လက်သည်း ပြာနှမ်းစ ပြုလာ၍ သတိရတစ်ချက် မရတစ်ချက် ဖြစ်နေသော မိမိကို ကြည့်ပြီး ချောက်ချားစွာဖြင့် သူငယ်ချင်းများက အဖြစ်အပျက်အားလုံး ခရေစေ့တွင်းကျ သိန်းမိုးနှင့် မိလှိုင်ကို ပြောပြကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိတ်ခနဲ ရင်ထဲတွင် ဖြစ်သွားသည်။ မျှော်လင့်ထားပြီး အခြေအနေတစ်ရပ်ပေမယ့် တကယ်ဖြစ်နေပြီလားဟု တွေးမိသောအခါ ရင်ထဲက သိပ် လက်မခံချင်မိ။ မုန့်ပွဲတို့ လာချသည့်အခါ၌လည်း မိလှိုင်က အားလုံး၏ ပန်းကန်ထဲသို့ အုန်းနို့ရည် လောင်းရုံသာ လောင်းထည့်ပေးပြီး သိန်းမိုးကိုတော့ ကိုယ်တိုင် နယ်ဖတ်ပေးနေသည်ကို မြင်နေလျက်ကလည်း 'မဟုတ်ပါစေနဲ့'ဟု ကျိတ်ပြီး ဆုတောင်းမိနေဆဲ။

'ကိုလတ် နင်ရော သိန်းမိုးဆီက စားရပြီးပြီလား၊ တို့တော့ မစားရသေးဘူး'

ပထမ လှမ်းနောက်သူ မိန်းကလေးက ဆက်နောက်သည်။ မိလှိုင်က ခေါင်းငုံ၍ ရှက်ကိုးရှက်ကန်း ရယ်ရင်း လက်သုတ်ပဝါနှင့် ကောက်ပေါက်သည်၊ လက်သုတ်ပဝါက မိန်းကလေး၏ ရှေ့မှ မုန့်ပန်းကန်ထဲ ဝင်သွားတော့ အားလုံး ဝိုင်းရယ်ကြပြန်သည်။

မိမိ တစ်ယောက်သာ မပီမပြင် ယောင်ဝါးဝါး ပြုံးပြရင်းက ရယ်ရကောင်းမှန်း မသိသော အနေအထားနှင့် ကျန်ရစ်ခဲ့လေသည်။

'ခု ကျွေးနေတာပဲ'

'အမယ် ဘာဆိုင်လို့လဲ။ ဒါက မိလှိုင်ကျွေးတာ'

'သူကျွေးရင် တို့ကျွေးသလိုပဲဟာ'

အနီးကပ် ထိုင်နေသော မိလှိုင်က သိန်းမိုး လက်မောင်းကို ရှက်စတိုး ဆွဲလိမ်သည်။

'ဟော့ မျက်စိ ရှက်တယ်ဟေ့'

ကျောင်းသားတစ်ဦးက လှမ်းအော်စတော့ အရှက်ကြီးနေသော မိလှိုင်က လက်သုတ်ပဝါ တစ်ထည်နှင့် ကောက်ပေါက်ပြန်သည်။ နောက်တစ်ယောက်ကတော့ ဟန်သလိုလိုနှင့် 'ဟော့ တိတ်တိတ် စားကြစမ်းပါ၊ မင်းတို့အသံတွေနဲ့ နားဖောက်ပြီး ဖြစ်တော့မှာပဲ' ဟု ထပ်စသည်၊ အားလုံး ဝိုင်းရယ်ကြသည်၊



ဒီတစ်ခါတော့ မိမိလည်း လိုက်ရယ်ဖြစ်သည်။ ရယ်ရုံ အပြင်ရော ဘာများ တတ်နိုင်ဦးမှာမို့လို့လဲ။

[ ၄ ]

အနှစ်နှစ်အလလ စိတ်ကူးယဉ် တည်ဆောက်လာခဲ့သော သာယာလှပသည့် ဘဝအိမ်ကလေး၏ ဝင်းတံခါးသည် သော့အထပ်ထပ် ခတ်ပြီးသား ဖြစ်သွားခဲ့လေပြီ။ ဝင်လမ်း လုံးဝ မရှိနိုင်တော့၊ သည်အသိ သည်အတွေးကြောင့် အသည်းသည် ဆတ်ဆတ်ခါမျှ ခံစားနေရသည်။

သည်အတွေးနှင့်အတူ ချောက်ချားဖွယ်ရာ အမှန်တရားတစ်ခုကိုပါ သတိထားမိလိုက်သည်။

သိန်းမိုးနှင့် မိလှိုင်တို့၏ အချစ်ဆုံး သူငယ်ချင်းဖြစ်ပါလျက်သည်ကိစ္စကို အဘယ်ကြောင့် မိမိ နောက်ဆုံးမှ သိရပါသနည်း၊ ရှင်းပါသည်။ သိန်းမိုးအပေါ် မိမိ လက်တစ်လုံးခြား နှလုံးသား လက်ဦးမှု ရယူရန် ကြံစည်ခဲ့ခြင်းသည် သိန်းမိုးနှင့် မိလှိုင်တို့ နားလည်မှု ရလိုက်ချိန်တွင် ဘူးပေါ်သလို ပေါ်သွားခဲ့၍ပင် ဖြစ်ရမည် မဟုတ်ပါလား။

သိန်းမိုးက မိလှိုင်ကို ဖွင့်ပြောမည်၊ မိလှိုင်က မေထားရီကိစ္စကို မေးမည်။ သိန်းမိုးက ရှင်းပြရင်းက မိမိ သိကြောင်း တိုင်တည်မည်။ မိလှိုင်က အံ့အားသင့်စွာဖြင့် မိမိက သူ့ကို ရှင်းမပြခဲ့သည့်အပြင် မိမိကိုယ်တိုင်ကလည်း သူ့အချစ်ကို တောင်းခံခဲ့ကြောင်း ပြောပြမည်၊

သည်အချိန်တွင် မိမိ ခွေးဖြစ်လေပြီ၊

တုန်လှုပ်ချောက်ချားခြင်းကြီးစွာဖြင့် ရယ်မောပျော်ရွှင်နေကြသော တစ်တန်းတည်းသားများကို ငေးကြည့်နေမိသည်။ တကယ်တော့ မိမိသည် မြတ်မြတ်နိုးနိုး ချစ်ရပါသော မိန်းကလေး တစ်ယောက်ကို လက်လွှတ်ဆုံးရှုံးလိုက်ရရုံသာမက ထိုမိန်းကလေးကရော၊ အချစ်ဆုံး သူငယ်ချင်းတစ်ဦးကရော အထင်သေးပစ်ပယ်မှုကို ခံလိုက်ရတော့မည်မှာ သေချာနေလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



[ ၅ ]

အပြန်တွင် သိန်းမိုးက သူ နေခဲ့ဦးမည်ဟု ပြောပြီး လက်ထဲသို့ စာခေါက်ကလေးတစ်ခု မသိမသာ ထည့်ပေးလိုက်သည်။

ခြောက်သွေ့ရှင်းလင်းသော ဦးဝိစာရလမ်းမတစ်လျှောက် ယောင်ချာချာ တစ်ဦးတည်း လှမ်းလျှောက်လာခဲ့ပြီးမှ သိန်းမိုးနှင့်အတူ ထိုင်နေကျ အုတ်ခုံလေးအရောက်တွင် ခြေပစ်လက်ပစ် ဝင်ထိုင်ပြီး စာခေါက်ကလေးကို စိတ်မပါ့တပါ ထုတ်ဖတ်ကြည့်မိသည်။

'သူငယ်ချင်း ကိုလတ်

*တို့ကို ခွင့်လွှတ်ပါ။ ရုတ်တရက် မင်း ဘယ်လို ခံစားရမယ်ဆိုတာ မတွေးရဲသေးလို့ တို့ မင်းကို မပြောဖြစ်သေးတာပါ။ တို့ ပျော်နေကြတာမှန်ပေမဲ့ အချစ်ဆုံးသူငယ်ချင်း မင်း ဝမ်းနည်းနေရမယ် ဆိုတာလည်း တို့ မေ့လို့ မရနိုင်သေးပါဘူး။*

**သိန်းမိုးနှင့် မီလှိုင်'**

မျက်လုံးတို့ ပြာဝေသွားခဲ့သည်။

ဘုရားရေ သူတို့ ငါ့ကို ခွင့်လွှတ်ကြပါလား၊ သူတို့ကတောင် ပြန်ပြီး တောင်းပန်နေကြပါရောလား၊

သူတို့နှစ်ဦး၏ စိတ်ထားဖြူစင်မြင့်မြတ်မှုကို လေးစားကျေနပ်တင်ရင်းကပင် မိမိ၏ ကိုယ်ရည်ကိုယ်သွေးတို့ တဖြည်းဖြည်း ကျုံ့ဝင်သေးသိမ်သွားသယောင် ခံစားနေရ၏။

ဘုရား၊ ဘုရား ငါ အလကားကောင် ဖြစ်နေပါပေါ့လား။

မည်သူပဲ သိသိ၊ မသိသိ၊ ကဲ့ရဲ့၊ ကဲ့ရဲ့၊ မကဲ့ရဲ့၊ မကဲ့ရဲ့၊ မိမိ၏ အတ္တ၊ မိမိ၏ လောဘတို့သည် မိမိ၏ စိတ်ဓာတ်နှင့် အမူအကျင့်တို့ကို အမြဲ လွှမ်းမိုးနေတတ်သည်မှာ ကြာပါပေါ့လားဟု ရုတ်တရက် ချောက်ချားစွာ တွေးမိသည်၊ သည်အတ္တ၊ သည်လောဘတို့ကြောင့် မိမိ၏စိတ်ဓာတ်နှင့် အမူအကျင့်တို့ အမြဲတမ်း ညှိုးနွမ်းသေးသိမ်နေခဲ့ရပါကလားဟုလည်း တွေးမိသည်။



တကယ်တော့ အတ္တ၏ အလိုဆန္ဒတို့သည် အတိုင်းအဆမရှိစကောင်း။ ဖြည့်၍ ဖြည့်သွားသည်ဟူ၍လည်း မရှိနိုင်။ လိုသမျှတို့ကို ရအောင် ကျားကုတ်ကျားခဲ ကြိုးစား၍ ဘဝကို ရှင်သန်ချင်သူတို့၏ ရလဒ်သည် သည်နေ့ဇာတ်လမ်းမျိုးကိုပင် အကြိမ်ကြိမ် က,နေရမည်မှာ သေချာလှစွာ၏။ တွင်းတူး၍ ရတနာရှာသူကဲ့သို့ပင် လူကသာ နစ်ဝင်သွားသည်၊ ဘယ်တော့ နားရမည်လဲ မသိ၊ ဘယ် တော့ ရမည်လဲ မသိ။

သူများဘက်ကသာ တစ်ချိန်လုံး စဉ်းစား၍ သူများဆန္ဒကိုသာ တချိန်လုံး ကူညီဖြည့်ပေးလိုသော သူတို့မှာကား တွင်းကို ပြန်ဖြည့်ပေးနေသော သူတို့ကဲ့သို့ သက်သောင့်သက်သာ ရှိလှစွာ၏။ တူရွင်း တစ်ချက် ကော်တိုင်း ကော်တိုင်းမှာ ရလဒ်ကို မြင်နေရ၊ ပန်းတိုင်နှင့် နီးလာသလို စိတ်တက်ကြွ၍ နေကြမည်ပင်။

အများအကျိုးကို မိမိအကျိုးထက်ပို၍ စိတ်ဝင်စားတတ်သူတို့၏ လုပ်ရပ်သည် ဆောင်ရွက်ပြီးခဲ့သမျှ အလုပ် အောင်မြင်ပြီးခဲ့ သမျှ ရလဒ်တို့ကို 'နည်းသေးသည်၊ မလုံလောက်သေး' ဟုလည်း စဉ်းစားနေမိမည် မဟုတ်။ ပြီးခဲ့သမျှကို အမြတ်ဟု တွေး၍ တောက်ပ တက်ကြွ အောင်မြင် နေတတ်ကြမည်မှာ အမှန်ပင်။ သည်လို ကြည်လင်သော မျက်နှာကလေးများကိုလည်း မြင်ရသူအပေါင်းက ချစ်ခင် လေးစားကြမည်ပင်။

အခုတော့ မိမိမှာ သူများက ခွင့်လွှတ်ပါသည်ဟု ပြောသည့်တိုင်အောင် သည်မျက်နှာကို ဘယ်နား သွားပြရမည်ပင် မသိတော့။

ထွေပြား ရှုပ်ပွသော အတွေးအမျှင်တို့ကို အစမသိမ်းနိုင်ဘဲ နှင့်ပင် နေရာမှ ယောင်ချာချာ ထရပ်၍ ကောင်းကင်ပြင်ကို မော့ကြည့်မိသည်။

တိမ်ကင်းစင်၍ ကြယ်ရောင်စုံ တောက်ပနေသော ည၏ ကောင်းကင်ပြင်ကြီးအောက်တွင် ကိုလတ်ဆိုသော မိမိသည် သေးသေးကလေးမှ တကယ့်ကို သေးသေးကလေးရယ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



မိလှိုင်ကတော့ ငိုသည်ဟု ညီလေး နောက်တော့ပြောပြသည်။

သိန်းမိုးကတော့ မိမိကို ပွေ့ချီ၍ ကားပေါ်တင်ပြီး ဆေးရုံ အရေးပေါ်ဌာနသို့ ပြေးလေသည်။

သတိ လစ်နေသဖြင့် အသေးစိတ် မသိလိုက်ရသော်လည်း ထိုညက မိမိအသက်ကို ဆရာဝန်၊ ဆရာမတို့ အတော် လုလိုက်ရသည်ဟု သိရသည်။

ရောဂါ သတ်မှတ်ချက်ကတော့ နမိုးနီးယား အဆုတ်ရောင်ရောဂါနှင့် အပြင်းထန်ဆုံးအဆင့် ပန်းနာရင်ကျပ်ရောဂါ ထခြင်း။

မှန်ပါသည်။

တစ်သက်လုံး မဖြစ်ဖူးခဲ့တဲ့ ပထမဆုံးအကြိမ် ဖြစ်သော ရင်ကျပ်ခြင်းရယ်ပါ။

## ၉

ကိုလတ်ဆိုသော လူငယ်တစ်ဦးသည် လူ့လောကတွင် မရှိသင့်တော့သောသူ တစ်ဦးဟု ယူဆမိသည်အထိ မိမိကိုယ်ကို မိမိ ပြင်းထန်စွာ မုန်းတီးမိသည်။

အတ္တဇောဖြင့် သစ္စာမဲ့ခဲ့မိသည်။ လုပ်နေတုန်းကတော့ ကိုယ့်ကိုယ်ကိုယ် အကြောင်းရင်းပဲ ခိုင်လုံနေသယောင်ယောင် ဘဝအတွက် စီမံကိန်း အမျိုးမျိုးကို မည်ကဲ့သို့ပင် စိတ်ကူးယဉ် ပြောင်းလဲ တွက်ချက်မိသည်ဖြစ်စေ၊ မိလှိုင်ကို မိမိ၏ ချစ်သူဇနီးနေရာက ထား၍ စိတ်ကူးယဉ်ကြည့်ခဲ့မိသည်သာ။ နောက်ဆုံးတော့ ရှေ့လျှောက်ရမည့် ဘဝခရီးကို မိလှိုင်မပါဘဲ မလျှောက်ဝံ့တော့သည်အထိ ပိုင်ဆိုင်လို စိတ်က ပြင်းထန်လာခဲ့သည်။ သည် ပိုင်ဆိုင်လိုစိတ်ကြောင့်ပင် သည်လို သစ္စာမဲ့ မိခြင်းသာ။

သေးသိမ်ညံ့ဖျင်းသော အတ္တသမား တစ်ဦးဟု ချစ်သူနှင့် သူငယ်ချင်းက မစွပ်စွဲခဲ့သည့်တိုင် သူတို့၏ ခွင့်လွှတ်မှုက မိမိကို ပိုမို၍



ချောက်ချားဖွယ်ရာကောင်းသော အနေအထားသို့ တွန်းပို့ ပစ်လွှင့်ပစ်ခဲ့သည်။

ဘဝကို ရေစုန် မျှောလိုက်တော့မည့်သူ တစ်ဦး၊ ဖျင်းညံ့လေလွင့်နေသူ တစ်ဦး၊ နောက်ဆုံးတော့ ကိုလတ်သည် မရှိသင့်တော့သော လူတစ်ဦးဟု ဆုံးဖြတ်ဖြစ်ခဲ့သည်။ ကိုလတ်၏ ဟန်ပန်၊ ကိုလတ်၏ အပြောအဆို၊ အမူအရာ၊ ကိုလတ်၏ စရိုက်နှင့် အကြိုက်၊ ကိုလတ်၏ ပိုင်ဆိုင်လိုမှုများအားလုံးကို စွန့်ပစ်ပြောင်းလဲနိုင်အောင် ကြိုးစားခဲ့သည်။ နောက်ဆုံး တစ်ခါမှ မသိကျွမ်းဖူးသေးသူ တစ်ဦးနှင့် စတင် မိတ်ဆက်လျှင်ပင် 'မောင်လတ်ငြိမ်း' ပါ၊ 'ဒေါက်တာ လတ်ငြိမ်း' ပါ စသည်ဖြင့် မိမိကို မိတ်ဆက်ပြီး ရင်းနှီးတဲ့လူတွေက ကိုလတ်လို့ ခေါ်ပါတယ်' ဟု ဘယ်တော့မှ ပြောမပြဖြစ်တော့။

တစ်နည်းအားဖြင့် ဆိုရလျှင်မူ ကိုလတ်ဆိုသော အတ္တကြီး သည့် ဆေးကျောင်းသားတစ်ဦး ချုပ်ငြိမ်း ပျောက်ကွယ်သွားပြီး 'မောင်လတ်ငြိမ်း' ထိုမှ 'ဒေါက်တာ လတ်ငြိမ်း' ခေါ် မိမိ အကျိုးနှင့် မိမိကိုယ်ကို ဘယ်တော့မှ ထည့်မစဉ်းစားတတ်သည့် လူရွယ်တစ်ဦး ပေါ်ထွက်လာခဲ့သယောင် ရှိလေသည်။

'လတ်ငြိမ်း' အနေနှင့် မိမိသည် ဘာတစ်ခုကိုမှ မပိုင်ဆိုင်ဖြစ်ခဲ့။ မိမိဘဝ ကြီးပွားတိုးတက်ရာ တိုးတက်ကြောင်းတို့ကို ဘာတစ်ခုမှ မဆောင်ရွက်ဖြစ်ခဲ့။ သို့သော် လတ်ငြိမ်းဘဝနှင့် ကျင်လည်ခဲ့ဖြစ် သမျှ ဖြစ်ရပ်အားလုံးအတွက် တစ်ခါမျှလည်း နောင်တ မရခဲ့ဖူးပါ။

ခက်သည်က သည်ပန်းနာရောဂါကြောင့် စိတ်သွားတိုင်း ကိုယ်မပါနိုင်ခဲ့။

တကယ်တော့ သည်ပန်းနာရောဂါကလည်း 'ကိုလတ်' ပေးခဲ့သော 'လတ်ငြိမ်း' အတွက် အမွေ မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



## | ၁၀ |

'ဆရာ၊ ဆရာ'

ဗာဇေကြီးက လှိုလှို၊ အနီးကလေးက လှိုလှို ခေါ်သံတစ်ခုက တိုးလိုက်၊ ကျယ်လိုက် ကြားနေရသည်။ အားယူ၍ မျက်လုံးကို ဖွင့်ကြည့်တော့ မိမိနဖူးပေါ်မှ ချွေးစေးများကို လက်ကိုင်ပဝါနှင့် သုတ်ပေးနေသော ဒေါက်တာ ယမင်းနွယ်ကို မြင်ရသည်။

'မနွယ် ဘာလဲ၊ တို့ ကောင်းပါတယ်'

'မကောင်းဘူး ဆရာ၊ စကား မပြောနဲ့ဦး။ ဆရာ အခုမှ သတိရတာ၊ ဒီမှာ ဆရာ ချွေးစေးတွေ တအားထွက်နေတယ်ဆိုလို့ ကျွန်တော် လာကြည့်တာ၊ ဆရာ့ 'ဟာတ်တ်ရိတ်' ၂၀၀ ကျော်နေတယ်။ 'ပရက်ရှာ'လည်း ကျနေတယ်၊ ကျွန်တော် 'အမိုင်နို' ဖြုတ်လိုက်ပြီ၊ အခု 'ဂလူးကို့စ်' ထိုးနေတာ၊ ဆရာ ခဏ မှိန်းနေဦး'

သူပြောမှပင် မိမိ၏ ပြင်းထန်လျင်မြန်သော နှလုံးသံကို မိမိဘာသာ ပြန်သတိထားမိသည်။ မျက်စိပိတ်၍ မှိန်းလိုက်တော့လည်း အသိစိတ်က တစ်ချက်တစ်ချက် မိုက်ခနဲ ကွယ်ပျောက်ချင်နေပြန်သည်။

'မဖြစ်ဘူးထင်တယ် မနွယ်၊ သူ့ကိုလည်း ရန်ကုန်ပို့လို့ ရမှာ မဟုတ်သေးတော့ သူ့ ရန်ကုန်အိမ်ကိုပဲ အမြန် အကြောင်းကြားရမှာပဲ၊ တစ်ယောက်ယောက်တော့ လိုက်လာမှ ဖြစ်မယ်ထင်တယ်'

သူနာပြုဆရာမကလေး၏ တုန်ယင်သောအသံအပြီးတွင်တော့ ဘာမှ မကြားရတော့။

www.burmeseclassic.com

www.burmeseclassic.com





ပြိုကျပဲ့ပါသွားသော မြစ်ကမ်းပါးကလေးများ

www.burmeseclassic.com

www.burmeseclassic.com



လည်း တစ်သက်လုံး မခံစားနေစေချင်ဘူး၊ ဒီကိစ္စတွေ မေ့ပြီး တစ်ယောက်ယောက်ကို ရွေးလိုက်တော့မယ် စိတ်ကူးရင် မေရီဟာ အသင့်တော်ဆုံးပဲ သူငယ်ချင်း'

တစ်ယောက် ရင်တွင်း တစ်ယောက် မြင်နိုင်စွမ်းရှိသူများပီပီ သိန်းမိုးက ပွင့်လင်းစွာ ပြောလေတော့သည်။ သက်ပြင်းသာ ချ၍ တိုးတိုးလေး ပြန်မေးသည်။

'မင်းတို့က ဘယ်တော့လဲ'

သိန်းမိုး မျက်မှောင်ကြုတ်သည်။

'ဘာလို့လဲဟ၊ အဆက်အစပ်မရှိ'

'ငါပြောလို့ မင်း စိတ်ဆိုးရင် ငါ့သာ ဆွဲထိုးလိုက်၊ မင်း ပွင့်လင်းမှတော့ ငါလည်း ပွင့်ပွင့်လင်းလင်းပဲ ပြောချင်တယ်၊ မီလျှိုင်ထက် အရင် ငါ ဘယ်တော့မှ အိမ်ထောင်ပြုဖို့ စိတ်ကူးလို့ မရဘူး၊ မီလျှိုင် ငါ့ကို ချစ်ချစ် မချစ်ချစ်၊ ငါက ငါ့ကိုယ်ငါ မီလျှိုင်ကို ချစ်နေတဲ့လူလို့ သတ်မှတ်ထားပြီးမှတော့ မီလျှိုင် ယောကျာ်းယူပြီးမှပဲ ငါ အိမ်ထောင်ပြုဖို့ စဉ်းစားချင်တယ်၊ နို့မို့ဆိုရင် ငါ၊ ငါ့နှလုံးသားကို ငါ ပြန် မထိမဲ့မြင် လုပ်မိသလိုကြီး ဖြစ်လိမ့်မယ်'

သိန်းမိုး ပထမတော့ ကြောင်အမ်းအမ်း ဖြစ်သွားသည်။ ပြီးမှ ရယ်သည်။

'ငါ တကယ်ထိုးရင် မင်း သေတော့မယ်၊ ဒါပေမဲ့ မင်းကလည်း ငါ့ကို ထိုးရမယ့်ဟာတွေ ရှိနေလို့ ငါ မထိုးတော့ဘဲ သည်းညည်း ခံလိုက်တော့မယ်'

'ဘာပြောတယ်'

'ဘာမှ မဟုတ်ဘူး၊ ဒီမှာ ဒီကိစ္စ မင်း စိတ်အေးအေးသာထား၊ ငါ တစ်လနေရင် လာခဲ့မယ်လို့ ပြောတယ် မဟုတ်လား၊ အဲဒါ ငါ ငါ့မိဘတွေပါ ခေါ်လာမှာ၊ လျှိုင်နဲ့ လက်ထပ်ဖို့ တစ်ခါတည်း စီစဉ် တော့မှာ၊ ဒီတော့ မင်း စိတ်တုံးတုံးချပြီး မေရီနဲ့ စေ့စပ်တာ လူကြီးတွေ ကို ခေါင်းညိတ်လိုက်တော့'



ခေါင်းကို ခါမိသည်။

'မင်းဟာက မြန်းစားကြီးပါလားကွ'

သိန်းမိုးက သက်ပြင်းချ၍ နေရာမှ ထရပ်သည်။ ရန်ကုန်မြစ် ရေပြင်ကို ငေးကြည့်နေသည်။ ပြီးမှ လှည့်မကြည့်ဘဲ တိုးတိုးဖြေ သည်။

'ဒါ့ကြောင့် မင်းကလည်း ငါ့ကို ထိုးစရာရှိနေတယ်လို့ ပြောတာ ပေါ့ကွာ၊ ငါလည်း နောင်တရပါတယ်ကွာ၊ မင်းသာ ငါ့နေရာဆိုရင် တောင် ဒီလို ဖြစ်ရက်မှာ မဟုတ်ဘူးလို့'

'ဘာလဲကွ၊ ဘာတွေ ဖြစ်နေတာလဲ'

သိန်းမိုးက လှည့်ကြည့်၍ တိုးတိုးပြောသည်၊

'လှိုင့်မှာ ကိုယ်ဝန် ရှိနေပြီ'

'ဘာကွ'

မျက်စိထဲတွင် မီးဝင်းဝင်း တောက်သွားသည်။ ဝုန်းခနဲ နေရာမှ ထ၍ သိန်းမိုးအကျႌစကို ဆွဲလိုက်မိသည်၊ သိန်းမိုးက တိုးတိုးကလေး ဆက်ပြောသည်။

'တကယ်ပါကွာ၊ ကိုယ် ဒီလောက် မြတ်မြတ်နိုးနိုး ချစ်တဲ့ မိန်းကလေးတယောက်အပေါ် ဒီလို ကြိုတင် အခွင့်အရေး မယူသင့် ဘူးဆိုတာ ငါလည်း သိပါတယ်၊ မင်း အခု ငါ့ကို ထိုးချင်လည်း ထိုးလိုက်၊ ငါ ကျေနပ်ပါတယ်'

'တောက်' ခနဲ တက်ခေါက်၍ လွှတ်ပေးလိုက်သည်။

သိန်းမိုးက မီလျှိုင် ချစ်သူ၊ မိမိက အပြင်လူ၊ ကြားဝင်၍ စိတ်ဆိုးခွင့် ဘယ်လိုများ ရှိနိုင်မှာတဲ့လဲ၊

'လှိုင့်အဖေ နေမကောင်းတုံးကကွာ၊ သူ့အမေကလည်း ဆေးရုံ မှာ စောင့်ရတယ်၊ ငါက လှိုင့်ကို အိမ် ပြန်ပြန်ပို့ပေးရတယ်၊ သူ့ အဖေအလုပ်ကလည်း နားလိုက်ရခါစ၊ ကျန်းမာရေးကလည်း တော် တော်မကောင်း၊ သူ့မိသားစုထဲမှာလည်း အဆင်မပြေတာတွေက များနဲ့ လှိုင်လည်း တမှိုင်မှိုင် တတွေတွေပါပဲကွာ၊ ငါလည်း စောင့် စောင့်ရှောက် ပေးရင်းက'

www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

'ဆရာ၊ ဆရာ သတိရရဲ့လား၊ မျက်စိ ဖွင့်ပြပါဦး ဆရာ'

ယမင်းနွယ်ရဲ့ အသံ။ ဘာဖြစ်လို့ ငိုသံပါပြီး တုန်ယင်နေပါလိမ့်။

ငါများ တစ်ခုခု ဖြစ်နေသလား။ ဪ၊ ဟုတ်ပြီ။ ငါ ဆေးရုံ တက်နေရတာပဲ။ သူ ငါ့ကို အတင်းနှိုးနေရတယ်ဆိုတော့ ငါများ သတိလစ်သွားသေးလို့လား။

သူတို့ သိပ် စိတ်ပူနေကြပြီ။ ငါ တစ်ခုခု ပြောမှ၊

ပါးစပ်ကို ကြိုးစားဟလိုက်သည်။ ဘာမှန်းမသိသော စေးပျစ်ပျစ် အရည်များ ပါးစပ်ထဲတွင် အပြည့်ရှိနေသည်ကို သတိထားမိသည်။

'ဆပ်ရှင်၊ ဆပ်ရှင် မြန်မြန်လုပ်ပါ၊ ဒီမှာ ချွဲပိတ်နေတယ်'

ယမင်းနွယ် အသံ

နောက်တော့၊ မော်တာသံ တိုးတိုးလေးတစ်ခု။

နောက်တော့ အမှောင်တိုက်ကြီးက လှိုင်းတံပိုးသဖွယ် ဝေါခနဲ ဝင်ရောက်လာသည်။



[ ၂ ]

လှိုင်းတံပိုး၊

ဟုတ်ပါရဲ့၊ ဟိုမှာ ဝဲကတော့ကြီး၊ ဘေးမှာ သိန်းမိုး ယက်ကန် ယက်ကန်နဲ့၊ သိန်းမိုး ရေနစ်နေတာ၊ ဒီကောင် တခြားအားကစား သာ လုပ်တာ၊ ရေမကူးတတ်ဘူး၊

'သိန်းမိုး၊ သိန်းမိုး'

တကယ်တော့ သူငယ်ချင်းယောကျာ်းလေးတစ်သိုက်၏ တုန် လှုပ်ချောက်ချားစွာ အော်ဟစ်သံများ ဆူညံစွာ ထွက်ပေါ်လာသဖြင့် ကမ်းစပ်သို့ အူယားဖားယား ပြေးဆင်းလာခဲ့ခြင်းဖြစ်သည်။ ရောက် ရောက်ချင်း ရေလယ်သို့ လှမ်းမျှော်ကြည့်စဉ်က ရေပြင်ကို နေရောင် ပြန်တောက်နေသည်ကိုသာ မြင်ရသည်။ လူကို မမြင်ရသေး။

'ကိုလတ်၊ လုပ်ပါဦး၊ သိန်းမိုး ပျောက်သွားလို့'

'ဟာ ဒုက္ခပါပဲ၊ အဲဒီမှာ စုပ်ဝဲရှိတယ်၊ ဆရာလေးတို့က ဒီနေရာ မှာမှ ရေဆင်းချိုးကြတာကိုး'

အသက်ကြီးကြီး လူကြီးသံကြောင့် လှည့်ကြည့်လိုက်သည်။ ကမ်းနားမှ တံငါသည်ကြီးများပါ ရောက်လာကြခြင်း ဖြစ်သည်။ နောက်ဆုံးနှစ် အပိုင်း(က) လူထုကျန်းမာရေး ကွင်းဆင်းလေ့လာရင်း မိမိ၊ သိန်းမိုး၊ မိလှိုင်တို့ အပါအဝင် ဆေးကျောင်းသား၊ ဆေးကျောင်းသူ ရှစ်ဦး ပင်လယ်ဝ မြစ်ကမ်းဘေး သည်ရွာသို့ ရောက်နေကြခြင်း ဖြစ် သည်၊ မိမိက ပစ္စည်းများ နေရာချနေဆဲတွင် သိန်းမိုးတို့အဖွဲ့ ရေချိုး ဆင်းသွားသည်ကို အမှတ်တမဲ့ ရှိလိုက်မိခဲ့၏။

'ကဲ ကြိုး ရှာကြဟေ့၊ လှေနဲ့ ထွက်ရှာကြမယ်၊ တွေ့ရင် ကြိုး သာပစ်၊ လူမဆင်းနဲ့၊ ဝဲက 'ကတော့ခွက်' ကြီး'

တစ်ယောက်တစ်ပေါက်နှင့် ပြောဆိုနေကြသော လူအုပ်ကြီးကို တိုးဝှေ့၍ ကျောင်းသူများ ရောက်လာကြသည်၊ သူတို့အထဲတွင်တော့

www.burmeseclassic.com

www.burmeseclassic.com



မိလှိုင်၊ တဆတ်ဆတ် တုန်နေသည်။ အာသံမျှ မထွက်နိုင်။ ကျောင်းသူတစ်ဦးက ဘေးမှ ဖေးမ၍ တွဲထားရသည်။ မိမိကို အားကိုးတကြီး လှမ်းကြည့်နေသည့် စိုရွှဲသော မျက်လုံး တစ်စုံကိုလည်း ရင်ဆိုင်လိုက်ရ သေးသည်။ ဟုတ်ပါရဲ့။ အင်းလျားကန်စောင်း အသက်ကယ်အဖွဲ့မှာ နွေရာသီတိုင်း မိမိ အပျော်တမ်း လုပ်အားပေးတတ်သည်ကို မိလှိုင်နှင့် သိန်းမိုးသာ သိသည်။

'ဟော့ ဟိုမှာ ဟိုမှာ'

ကျောင်းသားတစ်ယောက်က ထအော်သည်။ လှမ်းကြည့်တော့ မည်းကနဲ လူရိပ်ကိုသာ မြင်ရသည်။ နေရောင် ပြောင်းပြန်မို့ မသဲကွဲလှ။ လူဖြစ်ဖို့တော့ များသည်။

'ဟော့၊ ဟော့ ဆရာလေး၊ မသွားနဲ့၊ ဒီက ကြိုးပစ်မယ်'

တစ်ယောက်တစ်ပေါက် ဆူညံစွာ တားနေကြသည့်အသံများသည် နောက်တွင် ရိပ်ခနဲ ကျန်နေခဲ့သည်။ ဘယ်သူမှ မတားနိုင်ခင်မှာပင် ရေထဲ ခုန်ချပြီး ဖြစ်သွားသည်။

လူရိပ်မြင်ရရာနေရာသို့ ခေါင်းထောင်ကြည့်ရင်းက တရှူးထိုးကူးခတ် သွားသည်။ သိန်းမိုးခေါင်း ရေထဲ ပြန်မမြုပ်ခင်မှာပင် ရောက်ရှိသွားခဲ့သည်။ စုပ်ဝဲကိုတော့ ဓားလွယ်ခုတ်တွင် မြင်ရသည်။

သိန်းမိုးက ဆီးဖက်သည်။ သင်ကြားထားသည့် ပုံစံအတိုင်း ရိုက်ဖယ်သည်။ နောက်တစ်ဖက် ရိုက်ဖယ်သည်။ အသက်ကယ်သင်တန်းမှ သင်ခန်းစာကို စိတ်အေးအေးထား၍ ပြန်စဉ်းစား ခေါ်ယူသည်။ သိန်းမိုး၏ ကျောဘက်သို့ ကပ်သည်။ ညာချိုင်းအောက်မှ မိမိ ညာလက်ကို လျှိုသွင်းသည်။ သိန်းမိုး၏ နောက်စေ့ဆံပင်စကို ဆွဲလိုက်သည်။ သိန်းမိုး ယက်ကန်ယက်ကန် ဖြစ်သွားသည်။ မိမိအား မဖက်နိုင်တော့။

သည်တော့မှ ကမ်းစပ်ဆီသို့ မျက်နှာမူ၍ ခြေကို စုံကန် ထွက်လိုက်သည်။

သို့သော်၊ စုပ်ဝဲက စ၍ ဆွဲနေလေပြီ။



[ ၃ ]

ကြိုးစ ရောက်လာသည်။ ကြိုးစကို မလွတ်အောင် ဆွဲထားလိုက်တော့ စုပ်ဝဲမှ လွတ်ထွက်လာသည်။ သည်သို့နှင့်ပင် နှစ်ဦးစလုံး သောက်မရောက် သက်မပျောက်ဘဲ ကမ်းသို့ ပြန်ရောက်လာကြသည်။ အရေးပေါ် ရေအန်အောင် ပြုစုပေးအပြီးတွင်တော့ သိန်းမိုးလည်း သတိလည်လာခဲ့သည်။ မိလှိုင်ကတော့ စကားမျှပင် မပြောနိုင်ဘဲ သိန်းမိုး၏ လက်တစ်ဖက်ကို သူ့ရင်ညွန့်တွင် ကပ်၍ ချုံးပွဲချ ငိုရှာလေသည်။

'တော်သေးတာပေါ့၊ ဒီဆရာလေး အသေခံပြီး ဆင်းဆွဲလို့၊ ကြိုးရတဲ့အချိန်မှာသာဆိုရင် ဟိုဆရာလေးတော့ ရေအောက်က မြေကြီးထိနေပြီ'

'အသေခံ' ဟူသော စကားတွင် မိလှိုင် ကိုယ်ကလေး တွန့်ခနဲဖြစ်သွားသည်။ ဒူးစုံထောက် ထိုင်ရင်းက အမောဖြေနေသော မိမိကို မျက်ရည်လည်ရွဲနှင့် မော့ကြည့်သည်။ 'ကိုလတ်ရယ်' ဟု အသံမထွက်ဘဲ နှုတ်ခမ်းလှုပ်၍ ညည်းတွားသည်။ မျက်ရည်တို့က ပို၍ ဝိုးဝိုးဝေါက်ဝေါက် ကျလာသည် ထင်၏။

'ငိုစရာလား မိလှိုင်ရယ်'

မိလှိုင်ခေါင်းကလေးကို မနာအောင် မထိတထိ လှမ်းထိုးလိုက်ပြီး သိန်းမိုး ပခုံးပေါ် လက်တင်၍ ရယ်ရင်း

'မရဏဖွား၊ သေမလို နှစ်ခါရှိပြီနော်၊ သတိထားဦး'

သိန်းမိုးက ပြုံးသည်။ အပျော်သဘော သူငယ်ချင်း သုံးယောက်အတူ ဗေဒင်သွားမေးကြစဉ်က မိမိရော သိန်းမိုးပါ မရဏဖွားများမှန်းသိခဲ့ရဖူးသည်။

'မင်းလည်း သတိထားဦး မရဏဖွား၊ ရေမွန်းထားတာနဲ့ ရင်ပြန်ကျပ်နေဦးမယ်'

www.burmeseclassic.com



'တော်ပါတော့ကွာ'

'အေးပါကွာ၊ မင်းနဲ့ ငါကြားမှာ ဘာလျှို့ဝှက်ချက်မှ မထားချင်လို့ရယ်၊ ပြီးတော့ လှိုင့် လက်ရှိအခြေအနေကို သိရင် မင်းက အနီးကပ် ရှိနေမယ့်လူဆိုတော့ ကူညီနိုင်အောင်လို့ရယ် ပြောပြတာပါ၊ ခုတော့ သူ့အဖေကလည်းဆုံး၊ သူ့အမေကလည်း မြန်အောင်မှာ လှိုင်နဲ့ လိုက်နေနေတာ ဆိုတော့ ဒီတစ်ခေါက် ငါ့မိဘတွေ ခေါ်ခဲ့ပြီးရင် မြန်အောင်မှာပဲ အားလုံး စီစဉ်လိုက်မှာပါ၊ မင်းလည်း မေရီနဲ့ စီစဉ်စရာရှိတာ စီစဉ်လိုက်တော့လေ'

သည်လိုနှင့်ပင် မိမိနှင့် မေရီ စေ့စပ်ဖြစ်ခဲ့သည်။ ဒါကြောင့်လည်း နောက်ဆုံးတစ်ခေါက် ပြန်ဆုံကြစဉ်က မေရီက 'သူစိမ်းတွေမှ မဟုတ်တာ' ဟု ဆိုခဲ့ခြင်း ဖြစ်ပေမည်။

သို့သော် တကယ်တမ်းကျတော့လည်း မေရီနှင့် လက်မထပ်ဖြစ်ခဲ့ပြန်။

[ ၁၀ ]

'မိလှိုင်၊ စိတ်ကို ခိုင်ခိုင်ထားပါဟာ၊ ငါ့ အချစ်ဆုံးသူငယ်ချင်းတစ်ယောက်ကို ဆုံးရှုံးရပြီးပြီ၊ နင်တစ်ယောက်ပဲ ကျန်တော့တယ်၊ နင့်အတွက် ငါ စိတ်မပူပါရစေနဲ့၊ နင် စိတ်ဓာတ်ခိုင်မာတယ်ဆိုတာ ငါ စိတ်ချပါရစေ'

တယ်လီဖုန်း တစ်ဖက်မှ ရှိုက်သံသဲ့သဲ့ကိုသာ ကြားနေရသည်။

'မိလှိုင်'

'အေးပါဟာ အေးပါ'

ငိုသံပါကလေးနှင့် ဖြေသည်။

'နင် သူ့အတွက်သာ လုပ်စရာရှိတာအားလုံး လုပ်ပေးခဲ့ပါ၊ ငါ့စိတ်ကို ငါ နိုင်ပါတယ်'

'အေးအေး ငါ အဲဒီကနေ မြန်အောင် တန်းပြန်လာခဲ့မယ်'



[ ၈ ]

မိလှိုင် ဧည့်ခန်းထဲတွင် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ ကြက်သေသေ ရပ်နေမိကြလေသည်။ မိလှိုင်က စကားတစ်ခွန်းမှ ပြောမထွက်နိုင်ရှာ။ ရင်ဝတွင် စကားအားလုံးတို့ တစ်ဆို့နေလေဟန်။

နှစ်သိမ့်၍ ရနိုင်ကောင်းသော စကားလုံးတို့ကို မိမိလည်း စဉ်းစား၍ မရ။

နောက်ဆုံးတော့ တဆတ်ဆတ် တုန်ယင်နေသော မိလှိုင်၏ အနီးသို့ ဖြည်းညင်းစွာ ကပ်သွားမိသည်၊ ကြင်နာစွာ ပွေ့ဖက်၍ အားပေးချင်စိတ်က ရင်ထဲတွင် ပြည့်နှက်နေသော်လည်း မကြာသေးမီကမှ ကွယ်လွန်သွားသော အချစ်ဆုံးသူငယ်ချင်း၏ ချစ်သူ ဇနီးလောင်း ဟူသည့် သတ်မှတ်ချက်က တစ်ဖက်သတ် ချစ်နေရဆဲ ချစ်သူဆိုသည့် သတ်မှတ်ချက်ထက် ကြီးမားနေပြန်သည်။

ညာဘက်ပခုံးကလေးကိုသာ ညာလက်ဖြင့် ဖွဖွကလေး ဆုပ်ကိုင်ပေးမိသည်။ ထို လက်ဖျံပေါ်သို့ မျက်နှာအပ်၍ မိလှိုင် ငိုလေသည်။ ငိုချင်သလောက် ငိုပါစေဟုသာ တိတ်ဆိတ်စွာ ရပ်၍ ခွင့်ပြုထားလိုက်သည်။ အငို စဲတော့မှ လက်ကိုင်ပဝါကလေးတစ်ထည် ထုတ်ပေးလိုက်သည်။

မျက်ရည်စတို့ တသွင်သွင် စီးဆင်းနေသေးသော်လည်း ရှိုက်သံတို့ ငြိမ်သက်စ ပြုလာစမှာပင် မိလှိုင်က ရအောင် ကြိုးစားဆည်၍ လှချင်းခွာ ရပ်လိုက်သည်။ မျက်နှာကို တစ်ဖက်သို့ လွှဲကြည့်နေရင်းက တိုးတိုးကလေး မေးသည်။

'ဘာမှာသွားသေးတယ်တဲ့လဲ ဟင်၊ ကိုလတ်'

'ဘာမှ မှာလိုက်နိုင်ဟန် မတူပါဘူးဟာ၊ ညကို သတိလစ်၊ မနက်စောစော ဆုံးတာပဲတဲ့'

'လွယ်လိုက်တာဟာ'

မိလှိုင်က ခေါင်းကလေး မသိမသာ ခါသည်။

www.burmeseclassic.com

www.burmeseclassic.com



[ ၄ ]

ထိုညက တကယ်ပင် ရင်ပြန်ကျပ်ခဲ့သည်။ တရှိုးရှိုးအသံများ မြည်လာပြီး စကားမပြောနိုင်သည်အထိ ပြင်းထန်စွာ ကျပ်ခဲ့ခြင်းဖြစ်သည်။ မြို့နယ်ဆရာဝန်က လာကြည့်ပေးပြီး အမိုင်နို အကြောဆေး ထိုးခိုင်းသည်။ မိလှိုင်က ထိုးသည်။

အမိုင်နိုဆေးကို ၁၀ မိနစ်ကြာအောင် ဖြည်းညှင်းစွာ ထိုးရင်းက မျက်ရည် တွေတွေကျနေသော မိလှိုင်ကို ကျန် ကျောင်းသား ကျောင်းသူ ငါးဦးက နားမလည်နိုင်သော မျက်နှာများဖြင့် ဝိုင်းကြည့်နေကြသည်။

'မိ လှိုင် တော် ဟာ၊ အမိပွာယ် မရှိတာ'

စကားမပြောနိုင်သည့်ကြားက တားယူခဲ့ရသည်။

'ကိုလတ် စကား မပြောနဲ့၊ အိပ်ပျော်အောင် အိပ်လိုက်၊ လှိုင်ကလည်း ကိုလတ် စိတ်ညစ်အောင် မလုပ်နဲ့လေ'

သိန်းမိုးက မိလှိုင်ပခုံးကို ဖွဖွဖက်ရင်းက လေသံနှင့် ပြောသည်။

မိမိတို့ သုံးဦးသာ နားလည်သော မျက်ရည်တို့ကို ငေးကြည့်ရင်းက မိလှိုင်မျက်နှာကလေး ဝါး၍ ပျောက်ကွယ်သွားလေသည်။

[ ၅ ]

'ဘာပြောလဲ'

'တစ်မိသားစုလုံး နိုင်ငံခြားမှာတဲ့၊ ခရီးစဉ် ပါသွားတာတဲ့၊ တစ်ပတ်လောက် ကြာမယ်ပြောတယ်၊ သူ့အဖေရုံးက လက်ထောက်ညွှန်မှူး ဒေါ်မေထားရီဆိုတာနဲ့ ပြောရတယ်'

'ဒုက္ခပါပဲ၊ ဘယ်လို လုပ်မလဲ'

'အဲဒီအမျိုးသမီးက ဆရာနဲ့လည်း ရင်းနှီးပုံရတယ်၊ ပြောတာနဲ့ အသံတွေပါ ကတုန်ကယင် ဖြစ်လာတာပဲ၊ နိုင်ငံခြားလည်း အကြောင်း



ကြားပေးမယ်တဲ့၊ သူလည်း အနီးဆုံးလေယာဉ်နဲ့ ကလေးကို တက်လာခဲ့မယ်တဲ့'

'သူ လာမယ်၊ ဟုတ်လား'

'ဟုတ်တယ် မနွယ်'

'သူက ဘာပါလိမ့်၊ ဆရာ အဲဒီနာမည် တစ်ခါမှ မပြောပြဖူးပါဘူး'

'မနွယ်ရယ်၊ မနွယ်ဆရာက ဘာများ ပြောပြဖူးလို့လဲ'

'အေးလေ'

ခြေသံများ တရှပ်ရှပ်နှင့် ဝေးသွားသည်။ မိမိ သတိရနေပြီဖြစ်ကြောင်း လှမ်းအော်၍ ပြောပြချင်သော်လည်း ထိုမျှတော့ အားက မရှိ။

မေရီ လိုက်လာမည် ဆိုပါလား။

မှန်ပါသည်။ မေရီ့အကြောင်းကို မိမိ ဘယ်သူ့ကိုမှ ပြောမပြဖြစ်။ ပြောပြလို့ကောင်းသော အကြောင်းအရာများလည်း မဟုတ်ပါ။ တကယ်တော့ မေရီနှင့် မိမိသည် မိမိ အလုပ်သင်ဆရာဝန် ဘဝတွင် ပြန်လည်ဆုံတွေ့ ရင်းနှီးခွင့် ရခဲ့သည်။

တချိန်က မေရီကို သိန်းမိုး၏ ချစ်သူအဖြစ် အထင်လွဲခဲ့ဖူး သဖြင့် နှုတ်ဆက်ရမှာ မဝံ့မရဲ ဖြစ်နေသော မိမိကို မေရီကတော့ ရင်းနှီးပွင့်လင်းစွာ နှုတ်ဆက်ခဲ့လေသည်။

'သမီး ဒါ အန်ကယ့်သား လတ်ငြိမ်းတဲ့၊ အလုပ်သင်ဆရာဝန်ဆိုတော့ ဒေါက်တာ လတ်ငြိမ်း ပေါ့'

မေရီကို အလုပ်ရအောင် ကူညီပေးသော ဖေဖေ့ကို မေရီ့ ဖေဖေ သွားသူငယ်ချင်းက အိမ်တွင် ညစာစား ဖိတ်သည်ကို လိုက် သွားရင်းက ဆုံရခြင်း ဖြစ်လေသည်။

မေရီက မျက်လုံးကလေး ပိတ်အောင် ရယ်သည်။

'အန်ကယ်က မိတ်ဆက်နေ၊ အန်ကယ့်သားက ဒီအိမ်မှာ ခရစ္စမတ်တောင် လာစားပြီးပြီ အန်ကယ်ရဲ့'

www.burmeseclassic.com

www.burmeseclassic.com



'ဟေ ကောင်းရော'

သည်သို့နှင့်ပင် ရင်းနှီးခဲ့ကြသည်။

ရင်းနှီးပြီး တစ်နှစ်ခန့်အကြာတွင်တော့ နှစ်ဖက်မိဘများက မိမိတို့နှစ်ဦးကို လက်ထပ်ပေးချင်ကြောင်း ပြောလာကြတော့လေ သည်။

အလွန်ချမ်းသာသော မေရီ၏ မိဘများ အမည်နှင့် ရာထူး ဂုဏ်သိန် ကြီးမားသော မိမိ မိဘများ၏အမည်သည် ဖိတ်စာပေါ်တွင် အလွန်တင့်တယ်စွာ တွဲဖက်မိကြမည်မှာ မှန်သော်လည်း မိလှိုင်၏ အမည်ကို နှလုံးသားပေါ်တွင် သွေးပေါက်ပေါက်ကျအောင် ထွင်းထုမိထားသော မိမိက အခြားမိန်းကလေးတစ်ဦးနှင့် လက်ဆက်ရန် ဘယ်လိုမှ စိတ်ကူးကြည့်၍ မရခဲ့ပါ။

မေရီဘက်ကလည်း မိမိအပေါ်တွင် ကြည်ဖြူဟန် ရှိနေပြီး ဝတ်စားဆင်ယင်ပုံ ခေတ်ဆန်ဟန် ရှိသော်လည်း စကားပြောကြည့်သည်နှင့် တွေးခေါ် ဆင်ခြင်တုံတရား နက်ရှိုင်း ထက်မြက်လှသော မိန်းကလေးတစ်ဦးမှန်း ရိပ်မိခဲ့သည်ဖြစ်လေရာ၊ ငွေမမက်၊ ဂုဏ်မမက်တတ်သော မိဘများ၏ မိန်းကလေးကို သည်လောက် လိုလားခြင်း အကြောင်းရင်းကိုလည်း ရိပ်မိရပြန်လေသည်။

ရယ်စရာကောင်းသည်က သည်လိုကိစ္စမျိုးအတွက် တိုင်ပင်ရမည့် အချစ်ဆုံးသူငယ်ချင်းသည် တစ်ချိန်က မေရီ၏ ချစ်သူအဖြစ် အထင်လွဲခံခဲ့ရပြီး ယခုအချိန်တွင် မိမိ တကယ်ချစ်မြတ်နိုးရပါသော မိန်းကလေး၏ ဘဝလက်တွဲဖော်လောင်း သိန်းမိုး ဖြစ်နေလေသည်။

မတတ်နိုင်။ သိန်းမိုးနှင့်ပင် တိုင်ပင်ရပေမည်။

## [ ၆ ]

သိန်းမိုးက နယ်စပ် တစ်နေရာသို့ တာဝန်ကျ၍ ထွက်ခွာခါနီးဆဲဆဲ အချိန်၊ မိမိက ရောဝတီတိုင်း၊ မြန်အောင်မြို့သို့ လက်ထောက် ဆရာဝန်အဖြစ် ခန့်ထားခံရ၍ ထွက်ခွာခါနီးဆဲဆဲအချိန်တွင် သူငယ်



ချင်းနှစ်ယောက် ကြည့်မြင်တိုင်ဆိပ်ကမ်း ဗောတံတားတွင် ရန်ကုန်မြစ်၏ နေဝင်ချိန်ကို ငေးရင်း စကားပြောကြသည်။

'ငါ တစ်လလောက် ကြာရင် တစ်ခေါက် ပြန်လာမယ်၊ မြန်အောင်ကို တန်းလာခဲ့မယ်၊ မင်း မိလှိုင်ကို နည်းနည်းစောင့်ရှောက်ထားပေးပါကွာ'

'ဒါ 'မှာ' နေရမယ့်ကိစ္စမဟုတ်ဘူး သိန်းမိုး'

သိန်းမိုးက ရယ်ကျဲကျဲနှင့် 'အေးပါကွာ' ဟု ဆိုသည်။ မိလှိုင်က ဆွေမျိုးများရှိရာ မြန်အောင်မြို့တွင် သမဝါယမဆေးခန်းဆရာဝန် လုပ်နေသည်။ လက်ထောက်ဆရာဝန် ဝင်ခွင့်စာမေးပွဲ မအောင်မြင်သေး။

ထိုညနေက သိန်းမိုးကို မေထားရီအကြောင်း ပြောပြဖြစ်သည်။ သိန်းမိုးက အံ့ဩဟန်ပြပေမယ့် မတုန်လှုပ်ခဲ့။

'ငါ ထင်တာတော့ မင်း တစ်ယောက်ယောက်ကို ဦးနှောက်နဲ့ ရွေးချယ်မယ်ဆိုရင် မေရီလောက် သင့်တော်တဲ့ မိန်းကလေး တွေ့ဖို့ တော်တော်ခက်မယ် ကိုလတ်၊ ငါပြောတာ မေရီ ချမ်းသာလို့ ပြောနေတာ မဟုတ်ဘူး၊ သူ့အတွေးအခေါ်နဲ့ သူ့ဉာဏ်ရည် ထက်မြက်မှုကြောင့် ပြောနေတာ'

'အဲသလောက် လေးစားနေရင်လည်း အစကတည်းက မင်း ကြိုက်လိုက် ပြီးရော'

စိတ်တိုတိုနှင့် ဘုမှတ်တော့ သိန်းမိုးက ရယ်၍ ပခုံးဖက်သည်။

'သူငယ်ချင်းရယ်၊ မင်း လှိုင့်ကို ဘယ်လောက်ချစ်တယ်ဆိုတာ ငါ နားလည်ပါတယ်၊ အဲဒီအတိုင်း ငါကလည်း ခံစားခဲ့ရတာ၊ လှိုင့်အပြင် တခြားတစ်ယောက် ဘယ်ချစ်နိုင်မှာတဲ့လဲ။ အခုက လှိုင်က ငါ့ကို ရွေးချယ်ခဲ့တယ်၊ ကံကြမ္မာက မေရီ့ကို မင်းအတွက် ရွေးချယ်ပေးခဲ့တယ်၊ ငါ မင်းအတွက် တကယ့်ကို စေတနာသက်သက်နဲ့ ပြောတာ၊ မင်းကို ငါရော လှိုင်ရော သိပ်ချစ်ကြတယ်၊ မင်း ဒီမိုင်နဲ့

www.burmeseclassic.com

www.burmeseclassic.com

## [ ၁ ]

'ဒါ ကျွန်တော့် သားလေး၊ သူလည်း လက်ထောက် ဆရာဝန်ပဲ၊ သူငယ်ချင်းတို့ ဌာနအောက်ပဲပေါ့'

'ဪ'

ပုဂ္ဂိုလ်ကြီးက မိမိဘက်သို့ လှည့်၍ ပြုံးသည်ဆိုရုံ ပြုံးပြသည်။ ရာထူးနှင့် အသက်ကို လေးစားမှုဖြင့် ခပ်ရိုရို ပြန်ပြုံးပြရသည်။

တကယ်တော့ လူနာမေးရန်အတွက် သည် သီးသန့်လူနာခန်းထဲသို့ သူ ရောက်လာကတည်းက မိမိက မေမေ့နောက်နားတွင် ခပ်ရိုရို ထိုင်နေခဲ့ခြင်းဖြစ်သည်။ ဘာရယ်တော့ မဟုတ်။ မိမိ၏ အထက်အဖွဲ့အစည်းဦးစီးဌာနမှ အကြီးဆုံး အဆင့်ရှိသူ တစ်ဦးဟု သိထားပြီး အလုပ်သဘောအရသာဆိုလျှင် သွားဝင်တွေ့ဖို့ပင် မလွယ်သော အဆင့်ဖြစ်နေ၍ စိတ်ထဲတွင် အနည်းငယ် ရှံ့မိသည်။

ဖေဖေ့အခြေအနေကလည်း စိုးရိမ်ရသောအဆင့် မဟုတ်တော့သဖြင့် ဖေဖေ့ရာထူး အဆင့်အရ လာရောက်သတင်းမေးသူများ စည်ကားနေသည်။ ဒါကို စိတ်ညစ်ညူးမိ၍ မိမိသည်ပင်လျှင် ဖေဖေ့အနား သိပ်မနေဖြစ်ဘဲ ရန်ကုန်ရောက်တုန်း လုပ်စရာကိုင်စရာကလေးများကို လိုက်လံ ဆောင်ရွက်နေခဲ့သည်မှာ မကြာခဏ ဖေဖေ့ကို သတင်းလာမေး၊ လာကြည့်ပေးနေသော 'လှိုင်'နှင့်ပင် မဆုံမိသေး။



ဆရာ မယ်လကွန်က ပွင့်လင်းစွာ ကျီစယ်သည်။ မိလှိုင်မျက်နှာကလေး မသိမသာ ပျက်သွားသဖြင့် သူ့လက်ကလေးကို လှမ်းဆုပ်ကိုင်၍ ခပ်ဖွဖွကလေး ညှစ်ပေးလိုက်ရသည်။

ထိုနေ့က မိလှိုင်၊ သူ့မေမေနှင့် မိမိတို့ သုံးဦးနေရန် ငှားထားသော အိမ်ကလေးပေါ် အတက်တွင် စတတ်၊ နောက်တတ်သော ဆရာမယ်လကွန်တို့၏ ရွှေကြိုးကို ခဲဖိုးဖြင့် ဖယ်ရှားခဲ့ရသေးသည်။ လူမရိပ်မိစေရန် မင်္ဂလာအခမ်းအနား အကျအန ပြင်ဆင်ထားပေမဲ့ ထိုအခန်းတွင် မိလှိုင်နှင့် သူ့ မေမေသာ အိပ်ခဲ့ပြီး မိမိကတော့ မိလှိုင်အမေအခန်းဟု အများသိသော အခန်းတွင် သုံးရက်နေခဲ့သည်။ ပြီးတော့ ချင်းတောင်သို့ ပြောင်းဖြစ်ခဲ့သည်။

မေထားရီကိုတော့ ကြိုတင် ဆွေးနွေးခဲ့ရသည်။ မိမိ ပြောသမျှကို နှစ်နာရီခန့် တစ်ခွန်းမှ ပြန်မပြောဘဲ နားထောင်နေသော မေထားရီမျက်နှာကလေးက ငေးငေးငိုင်ငိုင်ရယ်ပါ။ ပြီးတော့မှ

'ဆရာ နိုင်ငံခြားက အဖေနဲ့ အမေကို ဒါတွေ ပြောပြမနေနဲ့တော့လေ၊ ဆရာတို့လည်း ကလေးမွေးပြီးရင် ပြန်ကွာကြဦးမှာဆိုတော့ မြန်အောင်က လူတွေပဲ အသိခံပြီး ကျိတ်လုပ်လိုက်ပါလား'

'ကျွန်တော်တို့ ဒီသိတင်းကျွတ် လက်ထပ်မယ်လို့ သူတို့က သိထားတာ ကျတော့ရော'

မေရီက ခပ်ခြောက်ခြောက် ရယ်သည်။

'ဒါက ကျွန်မဘက်က တစ်ဖက်သတ် စီစဉ်လို့ ရပါတယ်၊ ကျွန်မအိမ်က ကျွန်မ တစ်ခွန်းပဲ၊ နိုင်ငံခြားကလည်း သွားစရာ ရှိသေးလို့ ပြန်မလာမချင်း အိမ်ထောင်ရေးကို မစဉ်းစားချင်သေးလို့ပေါ့လေ'

အားနာစွာဖြင့် ကျေးဇူးတင်မိသည်။

'စေ့စပ်တာတော့ ဖျက်ကြောင်း ဆရာ့မိဘတွေကို ကျွန်မမိဘတွေ လှမ်းပြောခိုင်းလိုက်မယ်နော်'

'ခင်ဗျာ၊ ဪ ဟုတ်ကဲ့'

www.burmeseclassic.com

www.burmeseclassic.com



'ဒီလောက် အဖိုးတန်တဲ့ အသက် တစ်ချောင်း ဒီလောက် အဖိုးတန်တဲ့ လူငယ်တစ်ယောက် ဖြစ်လာအောင် နှစ်ပေါင်းများစွာ ရုန်းကန်ပျိုးထောင်ခဲ့ရတာ ကံကြမ္မာရဲ့ မျက်တောင်တစ်ချက် ခတ်တာပဲ ရှိတယ်နော်'

ဘာ ပြန်ပြောရမှန်း မသိ၍ သူ့ကိုပင် တိတ်ဆိတ်စွာ ငေးကြည့်နေမိသည်။

လှိုင်က ဆက်၍ ရပ်နေနိုင်စွမ်း မရှိတော့ဟန်ဖြင့် ချာခနဲ လှည့်၍ နောက်ဖေးခန်းသို့ ဝင်သွားသည်။ သွားငိုပေလိမ့်ဦးမည်။ ဝအောင် ငိုပါစေဟူသော အသိဖြင့် နီးရာ ကုလားထိုင်သို့ ခြေပစ် လက်ပစ် ဝင်ထိုင်မိသည်။

နံရံပေါ်မှ တိုင်ကပ် နာရီကြီး၏ တချက်ချက် မြည်သံက တိတ်ဆိတ်သောအခန်းကို ကြီးစိုး၍ နေလေသည်။

သြော် မရဏဖွား နှစ်ခါရှိပြီ သေမလို့ဟု နောက်ပြောင်လိုက်မိသော သိန်းမိုးသည် သုံးခါမြောက်တွင်တော့ ပြန်မလာနိုင်တော့ ရှာပါလား။

'ကိုလတ် နင် ဘာစားခဲ့လဲ၊ ငါ တစ်ခုခု လုပ်လိုက်မယ်လေ'

မျက်ရည်စတို့ကို စင်အောင် သုတ်ပြီး ဖြစ်သော်လည်း နီရဲ မို့အစ်သော မျက်လုံးတို့ဖြင့် အတွင်းခန်း တံခါးဝတွင် ရပ်နေသူ မိလှိုင်က အသံအက်အက်ကလေးဖြင့် မေးနေခြင်း ဖြစ်သည်။

ရုတ်တရက် ဘယ်က စပြောရမှန်း မသိသဖြင့် သူ့မျက်နှာကလေးကို ယူကျုံးမရ သနားကြင်နာစွာ ငေးကြည့်နေမိသည်၊ သူက ခြောက်ကပ်ကပ်အသံဖြင့် ရယ်သည်။

'ရတယ်၊ ငါ့ကို စိတ်မပူနဲ့၊ တစ်လလောက်တော့ ဒီလိုပဲ သတိရတိုင်း ငိုနေရဦးမှာ၊ နင် ဒီလောက် ခရီးဝေးကြီး ကားစီးလာရတာ၊ တစ်ခုခု စားပါလား'

'မိလှိုင်'



မထင်မှတ်ဘဲ မိမိအသံ ကျယ်သွားသည်။ ရုတ်တရက် အလန့်တကြား မိလှိုင်ပါးစပ် အဟောင်းသား ဖြစ်သွားသည်။

'ဘာလဲ ဟင် ကိုလတ်'

'သိန်းမိုး ငါ့ကို မှာသွားတယ်'

မိလှိုင်မျက်နှာကလေး စိတ်ရှုပ်ထွေးဟန် ပေါ်လာသည်။

'ဘာလဲ ဟာ၊ နင် သူ့အသက်ကိုမှ မမီလိုက်တာ'

'မသွားခင် ရန်ကုန်မှာ ပြောပြသွားတာ'

'ဘာကိုလဲ'

ပြောရခက်သော စကားအတွက် သက်ပြင်းချရပြန်သည်။

'နင်တို့ ရှေ့လ လက်ထပ်ကြမယ်ဆိုတာကိုရော၊ ဘာကြောင့် ချက်ချင်း စီစဉ်လိုက်ရသလဲဆိုတာကိုရောပေါ့'

မိလှိုင်မျက်နှာကလေး ဖွေးခနဲ သွေးဆုတ်သွားသည်။

နှုတ်ခမ်းအစုံက တစ်စုံတစ်ခုကို ထစ်ထစ်ငေါ့ငေါ့ ရှင်းပြရန် ပြင်နေကြသည်။

ဘာသံမှတော့ ထွက်မလာနိုင်ရှာ။

[ ၉ ]

ရောဝတီ မြစ်ရေပြင်သည် ဝင်လုဆဲဆဲ နေရောင်ခြည်အောက်တွင် တဖျတ်ဖျတ်ခါ လက်၍နေ၏။ မြစ်ကမ်းပါးယံကို ပြိုမကျစေရန် အတွက် ကာဆီးဖို့ တင်ထားသော ကျောက်သားပြင် နံရံကြီး၏ ထိပ် များရှိ မြက်ခင်းပြင်ပေါ်တွင် စက်ဘီးကလေး ဒေါက်ထောက်၍ နှစ်ယောက်သား ထိုင်မိကြသည်။

ကျောက်လှေကားထစ်ကြီးနှင့် ဝေးလံသော နေရာကလေးဖြစ်၍ ဤနေရာတွင် သဘော်တို့ မကပ်။ ထို့ကြောင့် လူသူလည်း မရှုပ်ထွေး။ ဟိုအဝေးဆီတွင် ကုန်တင်ကုန်ချ ပြုလုပ်နေကြသော မော်တော်များ ကို ငေးမောကြည့်ရင်းက တိုးတိုးကလေး မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဘာဖြစ်လို့ မဖြစ်နိုင်တာလဲ မိလှိုင်'

မိလှိုင်က ဖြည်းညင်းစွာ ခေါင်းခါသည်။

'ကံကြမ္မာက ငါ့တစ်ယောက်တည်းကို ကွက် ရက်စက်သွားတာပါ ကိုလတ်ရယ်၊ နင်က မကြာခင် မေရီနဲ့ လက်ထပ်ပြီး နင့်ဘဝကလေး နင် တင့်တင့်တယ်တယ်ဖြစ်အောင် တည်ဆောက်တော့မယ့်ဆဲဆဲ၊ ခေါင်းဝင်လျှိုပြီး အနှစ်မွှန်း မခံစမ်းပါနဲ့၊ ပြီးတော့လည်း ငါ လက်ထပ်ဖြစ်ခဲ့ရင်လည်း အဲဒါ အချစ်အတွက်ပဲ ဖြစ်ရမယ်လို့ တစ်သက်လုံး အခိုင်အမာ ဆုံးဖြတ်ထားတာ နင် စိတ်မဆိုးနဲ့နော်'

ဆွေးမြည့်စွာ ပြုံးမိသည်။

'စိတ်မဆိုးပါဘူးဟာ၊ နင် ငါ့ကို မချစ်ဘူးဆိုတာ ငါ အခုမှ သိရတာမှ မဟုတ်တာ၊ ပြီးတော့ နင် သိပ်ချစ်တဲ့ သိန်းမိုးရဲ့ ရင်သွေးကို ငါ့ကို အဖေ မခေါ်စေချင်တာလည်း သဘာဝ ကျပါတယ်'

ပြောလက်စ စကားကို ရပ်၍ ကျောက်ကမ်းပါးယံကြီးကို လက်ညှိုးထိုးပြလိုက်သည်။

'ဟိုမှာကြည့်စမ်း မိလှိုင်'

မိလှိုင်က ကြောင်အမ်းအမ်းနှင့် လှမ်းကြည့်သည်။

'တို့ဘဝတွေက အရွယ်ကလေးလည်း ရောက်လာရော၊ ပျော်စရာကလေးတွေက နည်းနည်း လာလိုက်တာ၊ ဟို မြစ်ရေတိုက်စားလို့ မှုံမှုံ ပါသွားတဲ့ မြေသားကမ်းပါးပြင်လိုပါပဲဟာ၊ ငါလည်း ဘဝမှာ အဆင်ဘယ်လောက်ပဲ ပြေပြေ ပျော်နေ အားရနေတာမျိုးတော့လည်း မဖြစ်နိုင်တော့ဘူးဟာ၊ ဒါပေမဲ့ နင့်ဘဝမှာ ကမ်းပါးပြိုသလို ဖြစ်ရမယ့် အရေးမျိုးမှာ အခု မြင်နေရတဲ့ ကျောက်ကမ်းပါးယံကြီးလို ဝင်ပြီး ကာကွယ်ပေးလိုက်နိုင်တဲ့ အခွင့်အရေးမျိုး တစ်သက်မှာ တစ်ခါတော့ ရဖူးချင်တယ်ဟာ၊ အဲဒီ အခွင့်အရေးသာ ရခဲ့မယ်ဆိုရင် နောင် ငါ့ဘဝမှာ ဘာပျော်စရာမှ ဖြစ်မလာခဲ့ရင်တောင် ငါ နင့်အတွက် ဒီလို လုပ်ပေးလိုက်ရဖူးတယ်ဆိုတာကို တစိမ့်စိမ့် ပြန်တွေးပြီး ငါ သေတဲ့ အထိ ကြည်နူးသွားချင်တယ်'



နှုတ်ခမ်းလှလှကလေးတို့ တစ်စုံတစ်ခုကို အထစ် အထစ် ပြောရန် ကြိုးစားလာကြပြန်သည်။

'နေဦး မိလှိုင်၊ နင် မပြောနဲ့ဦး။ ငါ ဆက်ပြောမယ်။ ငါနဲ့ ဆရာမယ်လကွန်က တစ်ဖက်၊ ဟိုအုပ်စုက တစ်ဖက် ပြဿနာတွေ တက်ကြတာ နင် သိတယ် မဟုတ်လား'

အသံတိတ် ခေါင်းညိတ်ပြပြီးမှ 'ငါ တားသားပဲ' ဟု တိုးတိုး ပြောသည်။ အသာရယ်၍-

'မှန်တယ်ထင်ရင် မလျှော့တတ်တာ နင်လည်း သိရက်သားနဲ့ အခုတော့ ဟိုလူလည်း ပြုတ်ပြီ၊ ငါတို့ကိုလည်း လူစုကွဲပြီ၊ ဆရာမယ်လကွန်က ချီဗွေ၊ ငါက ချင်းတောင် ဒီလထဲ သွားကြရတော့မှာ'

စိုးရိမ်ဟန် မျက်နှာကလေး ပေါ်လာသည်။ 'နင် ဘယ်လိုလုပ်မလဲ' ဟု မေးသည်။

'အေး၊ ဒီမှာ နင်နဲ့ ငါနဲ့ လက်ထပ်ကြမယ်၊ ဟန်ဆောင်လင်မယားပေါ့ဟာ၊ အန်တီ့ကိုပဲ အမှန်ကို ပေးသိမယ်၊ လူတွေ မမေးရအောင် ခဏနေပြပြီးရင် ငါ ချင်းတောင်ကို သွားမယ်၊ တစ်ခါတလေလည်း ခွင့်နဲ့ ပြန်လာတွေ့မယ်၊ မွေးခါနီးရင်တော့ နင် ဒီအလုပ်က ထွက်လိုက်၊ ရန်ကုန်မှာ လာမွေး၊ ကလေး မျက်နှာမြင်ပြီးလောက်ကျတော့ ငါ ကွာပေးမယ်'

မိလှိုင်က ခေါင်းကို ပြင်းထန်စွာ ခါသည်။

'ဘာဖြစ်လို့လဲ'

'နင် ပြောတာ သိပ် စိတ်ကူးယဉ်ဆန်လွန်းတယ်၊ မေရီ့ကို ဘယ်နား သွားထားမလဲ'

'မေရီ့ဘဝက ပြိုကျမယ့် ကမ်းပါးမှ မဟုတ်တာကွာ၊ သူ့လမ်းသူ ဆက်လျှောက်မှာပေါ့'

'နင့်ဘဝကျတော့ရော'

ခြောက်ကပ်ကပ် အသံနှင့်ပင် ဟက်ဟက်ပက်ပက် ရယ်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



'အထင်မလွဲပါနဲ့ ဆရာ၊ ဆရာကို စိတ်ကွက်လို့ ပြောတာ မဟုတ်ပါဘူး။ ဆရာ ဘာမဆို လွတ်လွတ်လပ်လပ် အမြဲ ဆုံးဖြတ် နိုင်အောင် ဖွင့်ထားပေးတဲ့ သဘောပါ'

နားမလည်။

'ကျွန်တော်က ဘာကို ဆုံးဖြတ်ရဦးမှာ မို့လို့လဲ'

မေရီက သဲ့သဲ့ ရယ်ပြန်သည်။

'ထားပါတော့ ဆရာရယ်။ ဆရာ့ လှိုင်ကို ချစ်သလို စိတ်မျိုးနဲ့ မေရီ့ကို ချစ်မယ့်လူ မရှိတာတော့ မေရီ့ကံတရားပဲလို့ သဘောထား ပါ့မယ်။ ဆရာကသာ လောကကြီးမှာ အဲသလောက် စွန့်လွှတ်ပြီး ချစ်တတ်တဲ့လူ ဆရာတစ်ယောက်တည်း ရှိတယ်လို့ ထင်မထားပါနဲ့'

ပဟေဠိများစွာကို ထား၍ မေထားရီကို ကျောခိုင်းခဲ့လေသည်။

မိလှိုင်နှင့် ဆက်ဆံရေးကတော့ လူအများ မရိပ်မိစေရန် 'ကိုလတ်' 'လှိုင်'ဟု ပြောင်းလဲ သုံးနှုန်းခဲ့ကြသည်မှအပ အချစ်ဆုံး သူငယ်ချင်းများထက် ပိုမလာခဲ့။

နှစ်ပေါင်းများစွာ ကြာခဲ့ပြီး သည်အချိန်တွင်တော့ မိမိက ချင်းတောင်တွင် ကိုယ် အုပ်ချုပ်သော ဆေးရုံတွင် ကိုယ် ပြန်တက်နေ ရသော လူနာဖြစ်နေပြီး 'လှိုင်' ရော၊ 'မေထားရီ' ရောကတော့ ရန်ကုန်တွင် ကျင်လည်နေကြလေသည်။

ဩော်၊ ဟုတ်သားပဲ။ မေရီ လိုက်လာမည်ဟု ပြောထားသားပဲ။

မနက်ဖြန် လေယာဉ်နှင့် ပါလာမည် ထင်သည်။

တကယ်တော့ မိမိကလည်း သက်သာစတော့ ပြုနေလေပြီ။

'ဘာ သက်သာတာလဲ ဆရာ၊ တော်၊ တော် အလုပ်ပြန်လုပ်ဖို့ တော့ လုံးဝ စိတ်မကူးနဲ့ဦး၊ ဒီအချိန်မှာ ကျွန်တော်က ဆရာ့ ဆရာဝန်၊ ကျွန်တော် ခွင့်မပြုဘူး'

ဒေါက်တာ ယမင်းနွယ်က အတည်ပေါက် ဟောက်ခဲ့သေးသည်။

'အေးပါ၊ မနွယ်ရယ်၊ ဆရာကလည်း မနွယ်ကို အိမ်ပြန်နားပါ လို့ပဲ ပြောတာပါ၊ ဒီနေ့ ရာသီဥတုကလည်း တော်တော် ဆိုးနေတယ်၊



မနွယ်လည်း ဆေးရုံ လာအိပ်တာ များနေပြီ၊ တစ်ရက်တလေ အိမ်ပြန် အနားယူပေါ့၊ လူနာလည်း စိတ်ပူရတာမျိုးမှ မရှိတာ'

အတော် ပြောယူတော့မှ မန္တလေးသူ ဆရာဝန်မ လက်ခံတော့ သည်။ ဒါတောင် သူနာပြု ဆရာမကလေးကို လှည့်၍ 'လူနာ အရေး ကြီးရင် ရာသီဥတု ဆိုးလည်း ကျွန်တော့်ကို ရအောင် လာခေါ်နော်၊ ဆရာ့ကို သွားမပြောနဲ့၊ ဆရာ မထစေနဲ့' ဟု မှာနေသေးသည်။

'ရတယ် မနွယ်၊ စိတ်ချပြန်၊ မွေးလူနာလည်း တစ်ယောက်ပဲ ရှိတယ်၊ အိုကေမှာပါ'

ဒေါက်တာ ယမင်းနွယ် ပြန်သွားတော့ အကြောဆေး တန်း လန်းနှင့်ပင် တရေးအိပ်ဖြစ်သည်။

| ၂ |

'ကိုလတ်ရေ၊ ကိုလတ်'

ဘုရားရေ၊ သိန်းမိုး အသံပါလား။ ဒါ မဖြစ်နိုင်ဘူးထင်တယ်။

မျက်လုံးနှစ်ဖက်ကို အတင်း အားယူဖွင့်ကြည့်တော့ အမှောင် တိုက်မည်းမည်းကိုသာ မြင်ရသည်။ အားနေသော လက်တစ်ဖက်နှင့် မျက်လုံးကို ထပ်ပွတ်ကြည့်မိသည်။

ပထမတော့ ဝိုးတိုးဝါးတား။ ဖျပ်ဖျပ်သော အလင်းရောင်အောက် တွင် တဖြည်းဖြည်း လှုပ်လုံးကွဲလာသည်။ သိန်းမိုး မိမိခုတင်ပေါ်တွင် တင်ပုလ္လင် ထိုင်နေပါလား။

'သိန်းမိုး၊ သူငယ်ချင်း။ မင်း သေပြီဆို'

သိန်းမိုးက အသံမထွက်အောင် ရယ်သည်။

'သေတယ်၊ ရှင်တယ် ဆိုတာ နံ့ရံ ပါးပါးကလေးပါကွာ၊ မရှာ ဖွား။ မင်းလည်း သေမင်းကို အကြိမ်ကြိမ် ရင်ဆိုင်ခဲ့တာပဲ၊ မရိပ်မိ သေးဘူးလား'

စိတ်ရှုပ်စွာဖြင့် ခေါင်းခါပြမိသည်။

www.burmeseclassic.com

www.burmeseclassic.com



'ငါ့ဘဝ ကမ်းပါးက ပြိုကျပြီးသွားတာ ကြာပါရောလား မိလှိုင်ရယ်'

မိလှိုင် ဘာပြန်ပြောရမှန်း မသိ၊ ဆွံ့အသွားသည်။

ဟိုးအဝေးမှာတော့ ကျောက်ကမ်းပါးကြီးသည် ဧရာဝတီမြစ်၏ အတွန်းအတိုက်ကို ကြံ့ကြံ့ခံနေဆဲ၊

www.burmeseclassic.com

www.burmeseclassic.com





အတ္တနှလုံးသား မြစ်ဖျားခံရာ

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော် ကောင်းပါတယ်၊ အခု ရှုဆေးလည်း ရှူထားတယ်၊ ဒီမုန်တိုင်းနဲ့ ဘယ်လိုလုပ် သွားခေါ်မလဲ၊ လာပါ ဖွင့်ကြရအောင်'

[ ၇ ]

ခွဲခန်းဝတ်စုံ ဝတ်ပြီး လက်အိတ်စွပ်နေချိန်တွင်တော့ မိမိအသက်ရှုသံက တရှိုက်ရှိုက် စပြည်သည်။ ခေါင်းစွပ်နှင့် မျက်နှာဖုံးကြားတွင် ကွက်ကွက်ကလေး ပေါ်နေသော သူနာပြု ဆရာမကလေး၏ မျက်လုံးတစ်စုံက မိမိဘက် လှည့်လာသည်။

'ဆရာ အမိုင်နို ထိုးလိုက်ရအောင်၊ ပြီးမှ လက်ပြန်ဆေးပေ့ါ'

ခေါင်းခါပြလိုက်သည်။ လူနာကလည်း အပူချိန် တက်နေ သည်။ ကလေးကလည်း အသက်ရှူရန် ကြိုးစားတော့မည့်ဆဲဆဲ။ မိနစ်ပိုင်းနောက်တချိန်နှင့် နှစ်ယောက်စလုံး အသက်ကို ရတော့မည် မဟုတ်။

'စမယ်၊ ရယ်ဒီ'

ဆရာမကလေး သက်ပြင်းချ၍ ခွဲစိတ် ခုတင်ပေါ် လှမ်းရန် ဗိတ်အစိမ်းကို ယူလာသည်။

[ ၈ ]

ကလေးကို အမေ့ဗိုက်ပေါ် မှောက်ခုံ တင်လိုက်သည်။ ရုတ်တရက်တော့ ကလေးက ငြိမ်နေသည်။ ဘာသံမှ မထွက်။ ချက်ကြိုးကို ဖြတ်ပြီးသည်နှင့် သူနာပြုအကူကလေး လက်ကို လှမ်းမပေးခင် ခြေဖဝါးကလေး နှစ်ဖက်ကို ထောင်၍ မိမိ လက်ဝါးနှင့် နှစ်ချက်ရိုက်လိုက်တော့ 'အဲ့' ခနဲ အသံကလေး ထွက်လာသည်။

သူနာပြုအကူ ကလေးယူသွား၍ အနှီးစိုကို သုတ်သင်လဲလှယ်နေချိန်တွင်တော့ အောင်မြင်စူးရှသော ကလေး၏ ငိုကြွေးသံက တရှိုက်ရှိုက် မြည်နေသော မိမိ၏ အသက်ရှူသံကို ဖုံးသွားတော့သည်။ မောဟိုက်



ပင်ပန်းသော ဒဏ်ကို စ၍ သိသိသာသာ ခံစားရစ ပြုလာသော်လည်း အားတင်း ပြုံးပြီး သူနာပြု ဆရာမကလေးကို လက်မတစ်ချောင်း ထောင်ပြလိုက်သည်။

သူနာပြု ဆရာမကလေးကတော့ တုန်ယင်သော အသံနှင့် လှမ်းပြောသည်။

'ဆရာ ကလင့်ဖ်ပ်ပမ်းပြီး ခဏထွက် ဆေးထိုးလိုက်ရအောင်'

ခေါင်းခါပြရင်းက မြန်မြန်ဆက်ချုပ်နေသည်။

တစ်ချက်တစ်ချက်တွင် မိုက်ခနဲ ဖြစ်ချင်၏။

[ ၉ ]

'ဆရာ ထွက်တော့ ဆရာ၊ ဆရာမပါ ထွက်၊ ဆရာ့ကို ဆေးထိုး၊ ကျွန်တော် ရောက်ပြီ'

ဒေါက်တာ ယမင်းနွယ်၏ အသံ ခွဲခန်းဝမှ ပေါ်လာသည်၊ အလုပ်သမားက မိုးထဲ လေထဲမှာပင် ရအောင် သွားခေါ်လာဟန် တူသည်။ နောက် ခွဲခန်းဝတ်စုံနှင့် ပြေးဝင်လာသည်ကို တွေ့ရ၏။

သို့သော် မိမိက အရေပြား နောက်ဆုံး အပ်ချုပ်ချက်ကို ထိုးပြီးနေပြီ။ ထို့ကြောင့် နုံးခွေနေသော လက်ဖြင့်ပင် ကြိုးစကို ဆွဲချည်လိုက်သည်။

လက်အိတ်တို့ကို ဆွဲချွတ်ချိန်တွင်တော့ လက်သည်းများ ပြာနှမ်းနေသည်ကို သတိထားမိသည်။ သတိကလည်း တစ်ချက် တစ်ချက် လစ်မလို ဖြစ်နေသည်။ အိပ်ဆေးသောက်ပြီး လမ်းလျှောက် နေသည့် လူတစ်ယောက်နှင့် မခြားလှ။

သူနာပြု ဆရာမကလေးက ဘေးက ဝင်တွဲ၍ ကုလားထိုင် အဝိုင်းကလေးတစ်ခုဆီသို့ ခေါ်လာခဲ့သည်။ ဒေါက်တာ ယမင်းနွယ် အကြောဆေးအပ်ကို ကိုင်၍ ပြေးလာနေသည်ကိုလည်း ဝါးနေသော မျက်လုံးက လှမ်းမြင်သည်။

www.burmeseclassic.com

www.burmeseclassic.com



'အခု ငါ သေသွားတာများလား'

'မင်း ပေပုံ တေပုံနဲ့ သေသင့်တာ ကြာပြီ သူငယ်ချင်း၊ မင်းက မင်းကိုယ်မင်း မစောင့်ရှောက်ပေမယ့် တချို့လူတွေ ကံကောင်းနေသေးလို့ မင်း မသေတာ'

'ဘယ်သူတွေလဲ'

'မင်းလူနာတွေလေ၊ ပြီးတော့'

သိန်းမိုး မျက်နှာ ညှိုးသွားသည်။

'လှိုင်လေ၊ ငါ ထင်တာတော့ လှိုင် ကံကောင်းနေသေးလို့'

သည်တစ်ခါတော့ မိမိ ရယ်မိသည်။

'လှိုင်နဲ့ ငါ ဘာဆိုင်လို့လဲကွာ၊ လှိုင့်ကိုငါ။ မင်းတို့ရင်သွေး ကလေး ပျက်ကျပြီးပြီးချင်းပဲ ကွာရှင်းစာချုပ် လက်မှတ်ထိုးပေးခဲ့တာပဲ'

ကိုယ်ဝန်ပျက်ကျစဉ်က လှိုင် ရန်ကုန်တွင် ရောက်နေသည်။ သတင်းကြားရသော မိမိက လှိုင် ဆေးရုံဆင်းပြီး အိမ်ပြန်ရောက်ပြီးမှ လိုက်လာနိုင်ခဲ့သည်။ လှိုင် ရက်ပေါင်းများစွာ ငိုခဲ့သေးသည်ဟု လှိုင့်မေမေက ပြောပြသည်။

သိန်းမိုးရင်သွေးမို့ လှိုင် နမြောတာသမည်မှာ အမှန်ပင်။ သည် ကလေးအတွက် မိမိကိုယ်တိုင်လည်း တည်ဆောက်လုဆဲဆဲ ဘဝ တစ်ခုနှင့် ရင်းနှီးလိုက်ရပေမယ့် မိမိဘဝကိုတော့ မိမိ တခုတ်တရ သိပ်မရှိလှ။ သိန်းမိုးနှင့် လှိုင့်အတွက်သာ စိတ်မကောင်းဖြစ်မိသည်။

'မင်းကို လှိုင်က စာချုပ်တောင်းလို့လား'

'မတောင်းတော့ မတောင်းဘူးလေ၊ ဒါပေမဲ့ ဒါက ကြိုစီစဉ် ထားတဲ့အတိုင်းပဲဥစ္စာ'

သိန်းမိုးက ပြုံး၍ ခေါင်းခါသည်။

'မင်းကလည်း နောက်အိမ်ထောင် ထပ်ပြုဖို့ စိတ်ကူးမရှိတော့ ဘူးဆိုပြီး လှိုင့်ကို စာချုပ် နှစ်စောင်စလုံး ပေးခဲ့တယ်၊ လှိုင်ကလည်း မင်း တစ်ခြမ်းတည်း လက်မှတ်ထိုးထားတဲ့ စာချုပ်ကို ဘာမှ မလုပ်ဘဲ



အံဆွဲထဲကို ထည့်ထားတယ်၊ အဓိပ္ပာယ်က လှိုင်က အခုအချိန်အထိ မင်းရဲ့ တရားဝင်ဇနီးပဲ သူငယ်ချင်း၊ မင်း အဲဒါကို သိပ်မိရဲ့လား'

စိတ်ရှုပ်စွာဖြင့် မျက်မှောင်ကြုတ်မိသည်။

'ဘာလို့လဲကွ၊ အချစ်အတွက်က လွဲရင် အိမ်ထောင်တစ်ခုကို မထူထောင်ချင်ဘူးလို့ လှိုင်ပဲ ငါ့ကို ပြောခဲ့တာပဲ'

'အဲဒါက မင်းက သူ့အခက်အခဲကို ဖြေရှင်းပေးဖို့ လက်ထပ်မယ့် ဆဲဆဲ ပြောခဲ့တာလေ၊ မင်းကို သူ မချစ်ဘူးလို့ ပြောခဲ့တာမှ မဟုတ် တာ'

'ဟုတ်ပါတယ်၊ ဒါပေမဲ့ ငါ့ကို မချစ်ဘူးလို့ ပြောခဲ့ပြီးသားလေ'

သိန်းမိုးက ခေါင်းခါသည်။

'သိပ်ကို ကြာခဲ့ပြီကွာ၊ ဟောကောင် မင်းလည်း လူငယ်ကလေး တစ်ယောက်မှ မဟုတ်တော့တာ၊ အချစ်ဆိုတာ တစ်သက်မှာ တစ်ခါ ပျက်သွားပြီးရင် ပြန်ဖြစ်ဖို့ မရတော့တဲ့ ထူးဆန်းသော အရာကြီးလို့ ခံယူနေတုန်းပဲလား၊ ပြီးတော့ လှိုင်က ဆေးကျောင်းသား ကိုလတ်ကို မချစ်ခဲ့တာ၊ ဆရာဝန် ဒေါက်တာ လတ်ငြိမ်းနဲ့ ဆေးကျောင်းသား ကိုလတ်ရဲ့ အသွင်ရော အနှစ်ရော တူရော တူလို့လား၊ မင်း နည်းနည်း သတိထားကြည့်မိရင် သိပ်မိဖို့ ကောင်းတာတွေ အများကြီး ရှိနေတယ် နော် ဟောကောင်'

ဘုရားရေ။

'ဒီလောက်ကလေး ပတ်သက်ခွင့် ပြုသင့်ပါတယ်ကွာ' ဟု မျက်ရည်လေးဝဲ၍ ပြောသော ရထားပေါ်က မျက်နှာကလေး။

'အဲသလို စကားမျိုးတွေ ပြောတိုင်း စိတ်ထဲမှာ ဘယ်လောက် ထိခိုက်မိတတ်သလဲ ဆိုတာရော သိပ်မိရဲ့လား' ဟု ပြောစဉ်က လေဆိပ်ထဲတွင် ဝဲလာသော မျက်ရည်စက်များ။

ပြီးတော့ -

ပထမဦးဆုံးအကြိမ် ချင်းတောင်မှ မြန်အောင်သို့ ခွင့်ပြီး ပြန်လာစဉ်က . . . .

www.burmeseclassic.com

www.burmeseclassic.com



[ ၃ ]

'အန်တီ ကိုယ်တိုင် လာကြိုတာကိုး၊ နားရောပေါ့ အန်တီရယ်၊ ကျွန်တော် လာနေကျပဲဟာ'

လှိုင့်မေမေက အေးချမ်းစွာ ပြုံးသည်။

'အန်တီ ကြိုချင်လို့ လာကြိုတာပေါ့ သားရယ်၊ အန်တီလည်း နေကောင်းပါတယ်'

'လှိုင်ရော နေကောင်းရဲ့လား အန်တီ'

'ကောင်းတယ် သား၊ ဟိုမှာလေ'

လမ်းမီးတိုင်မှ အလင်းရောင် မသဲမကွဲအောက်တွင်ပင် ဖြူဝင်းသွယ်လျသော သဏ္ဌာန်ကို ယခုမှပင် သတိထားမိသည်။ လှိုင်က ပခုံးလေး ကျုံ့ လက်ပိုက်ရင်းက အပြုံးဖြင့် ချဉ်းကပ်လာသည်။ ပျော်တတ်သော မြို့နယ် သမဝါယမလှူကြီးက ကျယ်လောင်သော အသံဝါကြီးဖြင့် လှမ်းစသည်။

'ဆရာ့နှယ်ဗျာ ဒေါ်သွယ်စုလှိုင်က ဆရာလာမယ်ဆိုပြီး မျှော်နေတာ ခုလောက်ဆို ရေတင် သုံးခါချိုးပြီးပြီ၊ မမြင်ဘူးဆိုတော့ အင်း ဆရာတော့ ခါးကုန်းပြီ'

မိမိလက်ဆွဲအိတ်ကို ဆွဲပေးထားသော သမဝါယမ စာရေးလူငယ်ကလေးက 'ဘာလဲ အစ်ကိုကြီးရ၊ ခါးက ဘာလို့ ကုန်းရမှာလဲ' ဟု ဝင်မေးသည်။

'ဩော် ဗိုက်လိမ်ဆွဲရင် ခါးက ကုန်းမပေါ့ကွာ၊ မင်းကလဲ'

အားလုံး ရယ်ကြတော့ လှိုင်လည်း ရှက်ရယ်ရယ်ရင်းက ခေါင်းကို ငုံ့သည်။ ပုခုံးထပ်ကျုံ့သည်။

'ချမ်းနေတာလား ဟင်'

'ဒီလောက်အေးမယ် မထင်မိလို့ အနွေးထည် ယူမလာမိဘူး'

'ဆရာ ဦးလတ်ငြိမ်း၊ ဖြည်းဖြည်းသာ လိုက်ခဲ့ဗျို့၊ ကျွန်တော်တို့ ကားပေါ်က စောင့်မယ်'



သမဝါယမလှူကြီးက ရယ်မောနောက်ပြောင်ရင်း လှိုင့်မေမေ နှင့် စာရေးကလေးကိုပါ ခေါ်ပြီး ဂျစ်ကားလေးရပ်ထားရာသို့ လျှောက်သွားနှင့်နေကြသည်။

ပခုံးထက်မှ သားရေအိတ်ကြီးကို ဘူတာကြမ်းပြင်ပေါ်သို့ ချ၍ ဒူးကွေးထိုင်ပြီး ဇစ်ကို ဖွင့်လိုက်သည်။ အပေါ်ဆုံးတွင် အဆင်သင့် တင်ထားသော သိုးမွေးဆွယ်တာကလေးကို ထုတ်လိုက်သည်။

'အတော်ပဲ၊ ဒါ လှိုင့်အတွက်လေ'

လှိုင်က ဣန္ဒြေရရကလေး ပြုံးရင်းက ပြန်မေးသည်။

'သိပ်လှတာပဲ တော်တော် ပေးခဲ့ရမှာပေါ့'

'ကိုလတ်က ဆင်းရဲသားပဲ၊ သိပ် ပေးရရင် ဘယ် ဝယ်နိုင်မှာလဲ၊ တစ်ခါတည်း ဝတ်လိုက်လေ'

အပြုံးကလေးနှင့်ပင် ခေါင်း ညိတ်သည်။ လက်ပိုက်ကိုမူ မဖြုတ်၊ ပခုံးက ကျုံ့ထားဆဲ။ တွေဝေစွာဖြင့် အနွေးထည်ကလေးကို ကိုင်ရင်းက လှိုင့် မျက်နှာကလေးကို ငေးကြည့်နေမိသည်။ လှိုင်က မျက်လွှာချသည်။

သည်တော့မှ အမိပ္ပာယ်ကို ရိပ်မိပြီး ကျုံ့ထားသော ပုခုံးကလေးနှစ်ဖက်ပေါ်သို့ သိုးမွေးဆွယ်တာကို လှမ်း၍ တင်ပေးလိုက်သည်။ မိမိထံမှ နှင်းငွေ့မြူတို့ လွှမ်းသော ထွက်သက်လေသည် လှိုင့်နားသယ် ဆံစကလေးများအား တိုးဝှေ့သွားကြကြောင်း သတိထားဖြစ်အောင် သတိထားမိလိုက်သေးသည်။

ရင်ကတော့ နွေးထွေးစွာ ခုန်နေခဲ့သည်။

[ ၄ ]

'လှိုင်က ငါ့ကို သူငယ်ချင်းလိုပဲ ချစ်ခဲ့တာလို့ပဲ အမြဲ ယူဆထားခဲ့တာကွ'

သိန်းမိုး ခေါင်းခါသည်။

www.burmeseclassic.com

www.burmeseclassic.com



မိမိအားသို့ ဒေါက်တာ ယမင်းနွယ် တရောက်တွင်တော့ ဆရာမကလေး တွဲထားသည့် ကြားမှ ဒူးများ ညွတ်ကျသွားသည်။ လက်တစ်ဖက်က သူ့ကို ရိုက်မိသည်။

'ဟာ'

ခွမ်ကနဲ ဖန်သား ကွဲရှသံကို ကြားရပြီး ကြမ်းပြင်ပေါ်သို့ ပုံလဲကျသွားသည်။ အေးစက်သော ကြမ်းပြင်၏ အတွေ့ကို ပါးတစ်ဖက်ဖြင့် သိနိုင်နေသေး၏။

'အောက်စီဂျင်၊ အောက်စီဂျင်'

ဒေါက်တာ ယမင်းနွယ်၏ အော်သံ၊ ကလေးငယ်၏ ငိုကြွေးသံကလည်း ထွက်ပေါ်နေဆဲ။ ကလေး ကောင်းနေသားပဲ၊ ဘာလို့ အောက်စီဂျင် တောင်းနေပါလိမ့်၊ အမေများ ပြာလို့လား ဟု တွေးနေမိစဉ်တွင် အမှောင်တိုက်က ဖိတ်ဖုံးသွား၏။

www.burmeseclassic.com

www.burmeseclassic.com



'သူငယ်ချင်းလို အချစ်တို့၊ ၁၅၀၀ တို့၊ အစကတည်းက မင်းနားကော နားလည်ခဲ့ဖူးလို့လားကွာ၊ မှတ်ထား တွယ်တာတာကွ၊ တွယ်တာတာ၊ အမြဲ မြင်နေချင်တာ၊ အမြဲ အတူရှိနေချင်တာ၊ ကောင်းတာလေးတွေပဲ ဖြစ်အောင် ပေးမပေးနေချင်တာ၊ အဲဒါတွေဟာ ဘာစည်းမှ မရှိဘူး၊ ငါလည်း လှိုင့်ကို သူငယ်ချင်းလိုပဲ ချစ်ခဲ့တာလို့ ကိုယ့်ကိုယ်ကိုယ် ထင်ခဲ့တာ၊ အဲဒီစိတ်ကလေး ရင့်လာတော့ ချစ်သူဖြစ်ချင်လာခဲ့တာပဲ၊ လှိုင်လည်း ငါ့အပေါ်မှာ အဲသလိုပဲ ဖြစ်ခဲ့တယ် ထင်တာပဲ၊ အေး၊ မင်းအပေါ်မှာလည်း အတိုင်းအတာတစ်ခုအထိတော့ ရှိခဲ့မှာပဲ'

စိတ်ရှုပ်စွာဖြင့် ခေါင်းခါပြသည်။

'လူနှစ်ယောက်စလုံးကို ချစ်ဖို့ ဖြစ်နိုင်ပါ့မလားကွ'

သိန်းမိုးက နေရာမှ ထသည်။

'ပညတ်တွေပါကွာ၊ အချစ်ဆိုတာများ မင်းက ဘာကြီး မှတ်နေလို့လဲ၊ ပညတ် ခံစားချက် သက်သက်ပါ၊ စိတ်က လက်တွေ့ဘဝနဲ့ လိုက်လျောညီထွေအောင် ထိန်းကွပ်ပြီး သုံးထားလို့သာ လှလှပပ ရှိနေတာပါ၊ ဘာပဲဖြစ်ဖြစ် ခုချိန်မှာတော့ မင်း သူ့ဘေးကနေ တစ်ချိန်လုံး ခွာထွက်နေတာ လှိုင် သိပ် စိတ်ဆင်းရဲရှာမှာပဲ'

'မင်း ပြောသလိုတော့ ငါ့ကို သူ အရိပ်အမြွက်တောင် မပြပါဘူးကွာ'

'ပြမလားကွ၊ သူ့ဘက်မှာ အားနည်းချက်နဲ့ အားငယ်နေရတာ၊ မင်းဘက်မှာကလည်း မေထားရီက ရှိနေသေးတယ်'

'ဘာလဲကွ၊ ငါနဲ့ မေထားရီလည်း ဘာမှ မဆိုင်တော့ပါဘူး'

သိန်းမိုးက ရယ်သည်။

'သူတို့ မိန်းမချင်းက ဝို ရိပ်မိမှာပေါ့ကွာ၊ မေထားရီလည်း မင်းကို ချစ်နေတုန်းပဲ ဆိုတာ'

'လာပြန်ပြီ'



သိန်းမိုးက ရယ်သည်။

'သူ့ရဲ့ကောင်းကို မချစ်တဲ့လူ မရှိဘူးတဲ့၊ မင်းကို ဆရာဝန်သူ့ရဲ့ကောင်းလို့ မြင်တဲ့လူတွေ အများကြီး ရှိမှာပေါ့ကွာ၊ အေး မနက်ဖြန် မေထားရီ လာရင်သာ မေးကြည့်၊ လှိုင့်ကို မင်း နေမကောင်းတာ ပြောပြခဲ့ရဲ့လားလို့၊ မပြောပြခဲ့ဘူးဆိုရင် သူ မင်းကို ချစ်နေတုန်းပဲ၊ သေချာပြီ'

'ပြောပြခဲ့ရင်ရော'

'ပြောပြခဲ့ရင်လည်း သူ မင်းကို မချစ်ဘူးလို့တော့ တွက်လို့ မရဘူး၊ ဒါပေမဲ့ ငါ တစ်ခုတော့ သေချာတယ်'

'ဘာလဲ'

'ပြောပြခဲ့ရင်တော့ မနက်ဖြန် လေယာဉ်နဲ့ ရောက်လာမယ့် မိန်းကလေးဟာ မေထားရီ မဖြစ်နိုင်တော့ဘူး၊ လှိုင်ပဲ ဖြစ်လိမ့်မယ်'

သိန်းမိုး ရုတ်တရက် အမှောင်ထဲတွင် ပျောက်ကွယ်သွားသည်။

[ ၅ ]

ဖျတ်ခနဲ အိပ်မက်က လန့်နိုးလာသည်။

အိပ်ရာနိုးလာရတာနှင့် မတူ။ ခေါင်းတစ်ခုလုံး ကြည်လင်နေသည်။ အိပ်ချင်စိတ် ငိုက်မျဉ်းစိတ် ဖိုးစဉ်းမျှ မရှိ။

ပတ်ဝန်းကျင်တွင်တော့ အမှောင်ထုက ကြီးမိုးနေသည်။ အပြင်ဘက်က မိုးကြီးလေကြီး ရွာချနေသဖြင့် လျှပ်စီး တစ်ချက် တစ်ချက် လက်လျှင်သာ အခန်းထဲတွင် လင်းခနဲ တစ်ချက် တစ်ချက် ဖြစ်သွားသည်။

ဘာ သိန်းမိုးမှလည်း မရှိ။

ဪ ငါ စိတ်ရော လူပါ သိပ် ပင်ပန်းနေပြီ ထင်တယ်။

နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားမိ၍သာ ခေါင်းက ကြည်လင်နေခြင်း ဖြစ်မည်။ တစ်သက်လုံးက တွေးခဲ့သော အတွေး၊ ခံစားခဲ့ရ

www.burmeseclassic.com

www.burmeseclassic.com



သမျှသော ခံစားချက်အားလုံးတို့ကို အိပ်မက်ထဲသို့ ထည့်၍ မက်ပစ်လိုက်ခြင်းပါပေ၊ သိန်းမိုးက အဆစ် ဝင်ပါလိုက်ရသေးသည်။

တစ်ယောက်တည်း ရှက်ပြုံးပြုံးမိပြန်သည်။

လှိုင်ကလည်း ကိုယ့်ကို ချစ်နေသတဲ့လေ။ တော်တော် ဖြစ်ချင်တဲ့ဘက် လိုက်ပြီး မက်တတ်တဲ့ အိပ်မက်။ နောက်တစ်ခေါက် ပြန်အိပ်ပစ်လိုက်ဖို့တောင် ကောင်းသေးရဲ့။ သို့သော် ခေါင်းက သိပ်ကြည်လင်နေချေပြီ။

ရင်ကလည်း မသိမသာ ကျပ်ချင်သလိုလို။

မော့ကြည့်တော့ အမိုင်နိုဖိုင်လင်း ထည့်ထားသည့် အကြောဆေးပုလင်းက ပိုက်ထဲအထိ အရည်ခန်းနေပြီး ရပ်တန့်နေကြောင်း တွေ့ရသည်။

ဖြုတ်လိုက်ပြီး ဆေးပဲ ရှူရကောင်းမလား။ တစ်ပုလင်းပဲ ထပ်ဖျော်ခိုင်းရ ကောင်းမလား။

နောက်ဆုံးတော့ ရှူလည်းရှူ အကြောဆေးလည်း ဆက်မည်ဟု ဆုံးဖြတ်သည်။

ခုတင်ဘေးသို့ ယူထားသော ခါတိုင်း စားပွဲပေါ် တင်နေကျ လူခေါ်ခေါင်းလောင်းကလေးကို နှိပ်လိုက်သည်။ ခြေသံ တချွတ်ချွတ်ကြားရပြီးနောက်တွင် အခန်းမီး ဖျတ်ခနဲ လင်းသွားသည်။ ဆေးရုံအလုပ်သမားကလေး ဝင်လာသည်။

'ညီလေး ဆရာမ ရှိလားကွ'

'ဆရာမ မွေးခန်းထဲမှာ ဆရာ၊ ညနေက မွေးလူနာ မမွေးနိုင်လို့တဲ့'

ဆရာဝန်စိတ်ကို သေနတ်မောင်းကွင်း ညှစ်ချလိုက်သလို ခံစားရ၏။

'ဟေ တော်တော် ကြာနေပြီလား'



'ကြာပြီနဲ့ တူတာပဲ ဆရာ၊ ကျွန်တော့်ကိုတောင် ဒေါက်တာယမင်းနွယ်ကို သွားခေါ် ခိုင်းတယ်၊ ကျွန်တော်လည်း အခု ထွက်မလို့ဟာ၊ အပြင်မှာ မှန်တိုင်းက တအားဖြစ်နေတယ်၊ ဆေးရုံဆောင့်က လက်ပံပင်တောင် ကျိုးကျသွားပြီ'

'ဒီမိုးနဲ့ မင်းက သွားနိုင်တော့ရော မနွယ်က ဘယ်လို လိုက်မလဲကွ၊ ငါ ရှိနေတာပဲဟာ၊ ကဲ အရက်ပြန်ပုလင်းပေး၊ ဒီပိုက်ဖြုတ်ပြီး သွားကြည့်ရအောင်'

| ၆ |

'အခု 'ဆင်တို့' က ဘယ်လောက် ဖြစ်နေပြီလဲ'

'တူး ယူနစ်။ သာတီးဒရော့ပ် ပါ မိနစ် ဆရာ။ အပေါ်က ကိုင်ရတာတော့ မာလာတာပဲ။ အောက်က စမ်းတော့ အမြင့်ကြီး လိုသေးတယ်'

'အက်ဖ်အိတ်ခ်အက်စ် ကရော'

'လွန်ခဲ့တဲ့ နာရီဝက်ကတော့ ဝမ်းအိတ်တီး ဆရာ'

'ကဲ ထရမ်းပက်ပေး'

ချွေးစေးများ ပြန်၍ လူးလိမ့်ညည်းတွားနေသော မိန်းမ၏ ဗိုက်ပေါ်သို့ ကလပ်ခွက်ကလေး၏ အဝကို မှောက်၍ ထောက်ပြီး အခြေဘက်တွင် နားကို ကပ်လိုက်သည်။

ဆူညံမြန်ဆန်သော ကလေးနှလုံးခုန်သံက အချက်ပေး ခေါင်းလောင်းပေါင်း များစွာကို တစ်ပြိုင်နက်တည်း တီးခတ်လိုက်သကဲ့သို့ ရှိလေသည်။

'ခွဲခန်းပြင်တော့ ဆရာမ၊ အခု ဖွင့်ရမယ်၊ နောက်ကျရင် ကလေးကောင်းမှာ မဟုတ်တော့ဘူး၊ ဒစ်ခထရက်စ် ဝင်နေပြီ'

ဆရာမက တုံ့ဆိုင်းဆိုင်း ဖြစ်သွားသည်။

'မနွယ် သွားခေါ်လိုက်မယ် ဆရာရယ်၊ ဆရာ ဟိုတစ်ခါလို'

www.burmeseclassic.com

www.burmeseclassic.com





ကြိုးကြာတောင်ပံခတ်သံ

www.burmeseclassic.com

www.burmeseclassic.com

[၁]

ချင်းအမျိုးသားလေး တွယ်ခန့်နိုင်က လက်ထဲက လက်ပတ်နာရီကို ငုံ့၍ ကြည့်လိုက်သည်။ အရှိန်သေသွားပြီ ဖြစ်သော်လည်း လေယာဉ် ပန်ကာတို့က ခါနေကြဆဲ။ တဖြည်းဖြည်း နှေးကွေးလာပြီး နောက်ဆုံး မှ ရပ်တန့်သွားသည်။

တော်ပါသေးရဲ့၊ ညက မိုးမုန်တိုင်း ဒီမနက် စဲသွားလို့၊ နို့မို့ ဆိုရင် ဒီနေ့ လေယာဉ်ဆင်းနိုင်မှာတောင် မဟုတ်ဘူးဟု တွေးမိသည်။

လေယာဉ်ကွင်းမှ အလုပ်သမားများက တွန်းလှေကားကလေး ကို တပ်ဆင်ပေးလိုက်သည်။ လေယာဉ်ပေါ်မှ တဖွဲဖွဲ ဆင်းလာသည့် ခရီးသည်များထဲသို့ တွယ်ခန့်နိုင် အကဲခတ်လိုက်သည်။

ဆံပင်ရှည်ရှည်နှင့် ခပ်သွယ်သွယ် ရုပ်ရည်ချောမောလှပသော မိန်းမပျိုတစ်ဦး ခပ်သွက်သွက် ဆင်းလာသည်ကို မြင်လိုက်ရသည်။ ဆရာ ဒေါက်တာလတ်ငြိမ်းနှင့်အတူ ရန်ကုန်မှလာစဉ်က လေဆိပ် လိုက်ပို့သော အစ်မပေပဲ။ လွဲစရာ မရှိတော့။

အနားသို့ ခြေလှမ်းကျဲများဖြင့် လျှောက်သွားလိုက်သည်။



'အစ်မ လာ၊ လာ ဒီဘက်ကို ကျွန်တော့်ကို မှတ်မိပါတယ်နော်'

မိန်းမပျိုက သဲ့သဲ့မျှ ပြုံးပြသည်။

'ဟုတ်ကဲ့၊ ဆရာ လွှတ်လိုက်တာလား'

'ဟုတ်ကဲ့ ကျွန်တော် ဂျစ်ကား ယူလာပါတယ်'

'ဆရာရော သက်သာရဲ့လား'

စိုးရိမ်သော မျက်နှာကလေးဖြင့် အလောတကြီး မေးနေသည်။

'မနေ့ မနက်ပိုင်းကတော့ ကျွန်တော် ရောက်ခဲ့သေးတယ်၊ အကြောဆေးတော့ သွင်းထားရတုန်းပဲ၊ ထတော့ ထိုင်နေပါပြီ၊ ဆန်ပြုတ်လည်း သောက်နိုင်တယ်၊ ညနေပိုင်းတော့ ကျွန်တော်က လေယာဉ်ကွင်းကြိုဖို့ ည ဒီမှာ လာအိပ်လိုက်တော့ မသိရဘူးပေါ့လေ၊ ညကတော့ မုန်တိုင်း တော်တော်အေးတော့ ဆရာ ပြန်ကျပ်နေရင် ဒုက္ခပဲလို့တောင် တွေးမိသေးတယ်'

'ဆေးရုံပဲ တန်းသွားကြရအောင်'

'ရပါတယ် အစ်မ၊ ကြွပါ ခင်ဗျာ'

ကားဆီသို့ အိတ်များ သယ်၍ လျှောက်ခဲ့ကြသည်။

[၂]

'ဟင်'

'ဘာဖြစ်လို့လဲ ဟင်'

တွယ်ခန့်နိုင်၏ အာမေဋိတ်သံကြောင့် မိန်းမပျိုက လှည့်မေး သည်။

'ဆေးရုံ ဝင်းတံခါးလေ၊ ဟောင်းလောင်းကြီး ဖွင့်ထားတယ်၊ အစောင့်လည်း မရှိဘူး၊ ခါတိုင်း ဒီအချိန် ဒီလိုမှ မထားတာ'

တွယ်ခန့်နိုင်က တီးတိုးရေရွတ်၍ ကားကို ဆေးရုံကားဂိုလေး ဘေးသို့ကပ်၍ ရပ်လိုက်သည်။ မိန်းမပျိုကလည်း ကားပေါ်မှ သွက် သွက် လိုက်ဆင်းလိုက်သည်။ လေးသော အိတ်ကို ကားပေါ်တွင်ပင်

www.burmeseclassic.com

www.burmeseclassic.com



ထား၊ခဲ့ပြီး ဆေးရုံအဆောက်အအုံ အဝင်ဝသို့ သွက်သွက် လျှောက်ခဲ့ကြသည်၊

မှန်ဝင်ပေါက် တံခါးကို ဟောင်းလောင်း ဖွင့်ထားသည်၊ အစောင့်မရှိ။ ပြင်ပလူနာဌာနကို ဖြတ်တော့ သော့ခတ်ပိတ်ထားသော လူနာစမ်းသပ်ခန်းကို အံ့အားသင့်စွာ တွေ့ရပြန်သည်၊ မဟုတ်ပါဘူး၊ ဒီအချိန် ဒေါက်တာ ယမင်းနွယ် ပြင်ပလူနာ ကြည့်နေကျပဲဟာ၊ ဆာလို့ မဖွင့်ထားပါလိမ့်၊ ဒေါက်တာ ယမင်းနွယ် ဘယ်ရောက်နေလို့လဲ။

တွယ်ခန့်ခိုင် စိတ်ထဲတွင် ထင့်ခနဲ ဖြစ်သွားသည်၊

မည်သည့်နေရာတွင် မည်မျှ အရေးကြီးသော ပြဿနာ ပေါ်ပေါက်နေပါသနည်း၊ မဟုတ်နိုင်ပါဘူးလေဟု စိတ်ကို ဖြေသိမ့်ပြီး မိန်းမပျိုဘက်သို့ တစ်ချက် လှည့်ကြည့်မိသည်၊

အောက်နှုတ်ခမ်း အတွင်းသားကို သွားဖြင့် မသိမသာ ကိုက်ထားသည်ကို တွေ့ရ၏၊

တိတ်ဆိတ်စွာပင် မိန်းမပျိုကို ကျော်ဖြတ်၍ တာဝန်ခန်းဘက်သို့ လျှောက်လာခဲ့သည်၊ ခြေသံတိုးတိုး ပါလာသဖြင့် မိန်းမပျိုလည်း နောက်က လိုက်လာကြောင်း ရိပ်မိလိုက်သည်၊

တာဝန်ခန်းတံခါး ပွင့်နေသည်၊

အထဲတွင်တော့ ဘယ်သူမှ မရှိ၊ ဆရာမတွေလည်း မရှိ၊ အလုပ်သမားလည်း မရှိ၊ ဖြည်းဖြည်း လည်ပတ်နေသော စားပွဲတင်ပန်ကာတစ်လုံး၏ တအီအီ မြည်သံက သူတို့နှစ်ယောက်ကို ဆီးကြိုနေသော တစ်ခုတည်းသောအရာ။

တုန်လှုပ် ချောက်ချားစိတ်ကို သည်းမခံနိုင်လောက်အောင် ခံစားလာရသည်၊ အားတင်း၍ ပြုံးပြီး မိန်းမပျိုဘက်သို့ လှည့်၍ ပြောလိုက်သည်၊

'ဆရာက သူ့ရုံးခန်းထဲက ခုတင်မှာပဲ ထား၊တာ၊ အဲဒီ သွားကြရအောင်'



မိန်းမပျိုက တိတ်ဆိတ်စွာ ခေါင်းညိတ်ပြသည်၊

နှစ်ဦးသား လူနာဆောင်ကို ဖြတ်လျှောက်လာခဲ့သည်၊ အစီအရီ ခုတင်များပေါ်တွင် ငုငုကလေး၊ ထိုင်လျက်၊ လှဲလျက် ရှိနေကြသော လူနာများ၏ မျက်လုံးပေါင်း များစွာတို့က ထက်ကြပ်မကွာ လိုက်လာကြသည်၊

စကားပြောသံ၊ ချောင်းဆိုးသံတို့ကိုသော်မျှ မကြားရ၊

ပကတိ တိတ်ဆိတ်နေကြသည်၊

လူနာများ၏ မျက်နှာပေါ်မှ ထူးဆန်းသော အမူအရာများကို တွယ်ခန့်ခိုင်တစ်ယောက် မဖတ်တတ်လောက်အောင် ဖြစ်လာ၏၊

လူနာဆောင်ကို ကျော်ပြီးနောက် ဒေါက်တာလတ်ငြိမ်း၊ မြို့နယ်ဆရာဝန်အဆင့် (၂) ဟူသော အခန်းကလေးရှေ့သို့ ရောက်ရှိလာကြသည်၊ ဆိုင်းဘုတ်အောက်မှ တံခါးနှစ်ရွက်က စေ့၍ ထားလေ သည်၊

တွယ်ခန့်ခိုင်က မိန်းမပျိုဘက်ကို လှည့်၍ ကြိုးစားပြုံးပြသည်၊

မိန်းမပျိုကတော့ ပကတိ တိတ်ဆိတ်နေဆဲ၊

[ ၃ ]

တံခါးကို ဖွင့်၍ ဝင်လာကြသည်၊

လူနာခုတင်ဆီသို့ ကြည့်လိုက်တော့ လှိုက်ခနဲ ဟာသွားသည်၊

ကုတင်ပေါ်တွင် ဘယ်သူမှ မရှိ၊ သန့်ပြန့်သော ဆေးရုံအိပ်ရာခင်း အဖြူ ခင်းထားသည့် မွေ့ရာပေါ်တွင် ခေါင်းအုံး တစ်လုံးနှင့် စောင်တစ်ထည်သာ ရှိသည်၊ ဆေးရုံသုံး ဗီရိုကလေးပေါ်တွင်လည်း ဘာမှ မရှိ၊

အခန်းထဲတွင်လည်း ဘယ်သူဆို ဘယ်သူမှ မရှိ၊

ခုတင် ခြေရင်းရှိ လူနာမှတ်တမ်း ချိတ်ထားသော သံပြားကလေးသည်ပင်လျှင် ဟာလာဟင်းလင်း ဖြစ်နေသည်၊ ဘာ စာရွက် စာတမ်းမှ မရှိ၊

www.burmeseclassic.com

www.burmeseclassic.com



မိန်းမပျိုက လည်လာသော မျက်ရည်တို့ကို မကျစေရန် ဦးမော့၍ တစ်ဖက်သို့ လှည့်လိုက်သည်၊ တိတ်ဆိတ်မှုနှင့်အတူ တုန်လှုပ်ချောက်ချားမှုက ကြီးစိုးလာခိုက် . . .

သဲ့သဲ့မျှသော လူသံတွေ၊

ခပ်ဝေးဝေးက ထွက်လာသည်၊ လူတွေ အများကြီးရဲ့ အသံ၊ သိပ်အဝေးကြီးတော့လည်း မဟုတ်၊ သို့သော် အားလုံးက တိုးတိုးကလေး စကားပြောနေကြသည့် အသံမျိုး၊ သဲ့သဲ့ကလေးသာ ကြားနေရသည်၊ စကားလုံး မသဲကွဲ၊

အခန်းတံခါး ဝုန်းခနဲ တွန်းပွင့်၍ ထွက်လိုက်သည်၊

အသံလာရာ ဆေးရုံအနောက်ဘက်ခြမ်း ရင်ခွဲရုံရှေ့ မြက်ခင်းဘက်ဆီသို့ အလောတကြီး အပြေးတစ်ပိုင်း ထွက်လာခဲ့သည်၊ စကြိုန်ရဲ့ နှစ်ဖက်သည် တွယ်ခနဲ့နိုင်၏ ဘေးတွင် တရိပ်ရိပ် ပြေးလျက်ရှိသည်၊

မိန်းမပျိုကလည်း မျက်ရည်စတို့ကို သိမ်း၍ တွယ်ခနဲ့နိုင်နောက်မှ အပြေးတစ်ပိုင်း လိုက်လာခဲ့သည်၊

[ ၄ ]

မြက်ခင်းပေါ်တွင်တော့ လူအုပ်ကြီး၊

ဒေါက်တာ ယမင်းနွယ်၊ သူနာပြုအုပ် ဆရာမကြီး၊ သူနာပြုဆရာမများ၊ ဆေးရုံဝန်ထမ်းအားလုံးလိုလိုပါလား၊ ဟို ဘယ်ကမလဲ၊ မြို့မိမြို့ဖလူကြီးများ၊ အုပ်ချုပ်ရေးပိုင်းမှ ပုဂ္ဂိုလ်များအားလုံး မြက်ခင်းပေါ်တွင် ရပ်နေကြရာမှ အပြေးတစ်ပိုင်း ဝင်ရောက်လာသော တွယ်ခနဲ့နိုင်နှင့် မိန်းမပျိုကို လှည့်ကြည့်ကြသည်၊

တွယ်ခနဲ့နိုင်ကတော့ ဘာစကားမှ မပြောနိုင်ဘဲ လူအုပ်ကြီးထဲသို့ ကမန်းကတန်း တိုးဝှေ့ဝင်ရောက်သွားသည်၊ လူအုပ်က ရှဲပေးသည်၊ မိန်းမပျိုကလည်း ထက်ကြပ်မကွာ လိုက်ပါလာသည်၊



လူအုပ် အလယ်ကောင်တွင်တော့ သူ ရှာနေသောသူကို ရှာဖွေတွေ့ရှိသွားသည်၊

ဒေါက်တာ လတ်ငြိမ်း၊

ရှုထားသော ပင့်သက်ကို ပြန်ထုတ်ရန်ပင် သတိမရမိ၊ ရုတ်တရက် ရပ်လိုက်ပြီးမှ ဘေးသို့ အသာ ဖယ်လိုက်သည်၊ နောက်မှ မိန်းမပျိုက ရှေ့သို့ ဖြည်းညင်းစွာ တက်လာသည်၊

'ကိုလတ်'

တုန်ခါနေသော အသံတစ်ခု မသဲမကွဲ ထွက်လာသည်၊ ပတ်ဝန်းကျင်က တိတ်ဆိတ် နေ၍သာ ကြားလိုက်နိုင်ခြင်း ဖြစ်သည်၊ လူအားလုံးကတော့ မမြင်ဖူးသည့် မိန်းမပျို၏ မျက်နှာကို အံ့အားသင့်စွာ ဝိုင်းကြည့်နေကြသည်၊

'လှိုင်'

ဒေါက်တာ လတ်ငြိမ်း၏ အသံ၊ ဟို ဟုတ်ပါရဲ့၊ ဆရာက ရပ်နေတာပဲ၊ လက်ထဲမှာလည်း စာရွက်စာတမ်းတွေနဲ့၊ အလုပ် လုပ်နေတာပေါ့၊ ဒါဆို ဆရာ နေကောင်းနေတာပေါ့၊ ငါတို့ စိတ်ပူခဲ့ရသလို မဟုတ်ပါလား၊

မိန်းမပျိုက ဒေါက်တာလတ်ငြိမ်း အနီးသို့ ဖြည်းညင်းစွာ ကပ်သွားသည်၊ လူအုပ်ကြီးက မသိမသာ ရှဲပေးသည်၊ သည်တော့မှ ဒေါက်တာလတ်ငြိမ်းဘေးတွင် ရပ်နေသည့် အဝေးပြေး ကားလုပ်ငန်းပိုင်ရှင် သူဌေးလင်မယားကို သတိထားမိသည်၊

ဟုတ်သားပဲ၊ သူတို့ ဒီမြေကွက်လပ်မှာ သံဃာဆောင် ဆောက်ပြီး လှူမယ်လို့ ပြောထားကြတာပဲ၊ ဆရာနဲ့တောင် မြေနေရာ ရွေးကြပြီးသား၊ ဆရာ နေမကောင်းတဲ့ကြားက အဆောင် ဆောက်ဖို့ နေရာလာချနေတာကိုး၊ ဒါကြောင့် ရှိသမျှ လူတွေအားလုံး ဒီကို ရောက်နေကြတာကို စိတ်ပူခဲ့ရသမျှ အားလုံးအတွက် အဖြေရှာရ သွားသဖြင့် တွယ်ခနဲ့နိုင်၏ ရင်ထဲတွင် ငြိမ်းချမ်းသွားသည်၊

www.burmeseclassic.com

www.burmeseclassic.com



မိန်းမပျိုကတော့ ဘာစကားမှ မပြောနိုင်သေးဘဲ တုန်ယင်သော ခြေလှမ်းများနှင့် ဒေါက်တာ လတ်ငြိမ်း အနီးသို့ ခပ်ယိုင်ယိုင် ချဉ်းကပ်သွားသည်။

ပြီးတော့

ဒေါက်တာ လတ်ငြိမ်း၏ ရင်ခွင်ထဲသို့ မျက်နှာ မှောက်ချလိုက်ပြီး ရှိုက်ကြီးတငင် ငိုကြွေးပါတော့လေသည်။

[ ၅ ]

'သိပ်ကြောက်တာပဲ ကိုလတ်ရယ်၊ မသွားပါနဲ့တော့'

ငိုသံနှင့် လေသံမျှသော စကားသံ ဗလုံးဗထွေး ရောနေသဖြင့် ဘေးကလူများ ကြားနိုင်ဟန် မတူ။ ကြားမကြားကိုလည်း ဒေါက်တာ သွယ်စုလှိုင်တစ်ယောက် ဂရုစိုက်မည့်ဟန်မရှိ။ ဒေါက်တာ လတ်ငြိမ်း၏ အင်္ကျီရင်ဘတ်တို့ စိုရွှဲသည်အထိ မျက်ရည် ဖြိုင်ဖြိုင် ကျရင်းက တိုးတိုးကလေး တောင်းပန်ရှာသည်။

ဒေါက်တာ လတ်ငြိမ်းက ဒေါက်တာသွယ်စုလှိုင်၏ ပခုံးကလေးကို ခပ်ဖွဖွကလေး ဖက်ရင်းက ခေါင်းမော့၍ အလှူရှင်ဘက်သို့ လှည့်ပြောသည်။

'ဒေါက်တာ သွယ်စုလှိုင်တဲ့၊ ကျွန်တော့် အမျိုးသမီးပါ။ ရန်ကုန်မှာ အထူးကုသင်တန်း တက်နေရာက လိုက်လာတာ၊ ကျွန်တော်တို့ကို ခဏ ခွင့်ပြုပါဦး'

မှင်တက်မိနေသော အလှူရှင်က ယခုမှ အသက်ဝင်လာသလို ဖြစ်ပြီး ဖြေသည်။

'သွားပါ ဆရာ၊ သွားပါ။ ညကတင် တအားကျပ်ထားတယ်လို့ ဒေါက်တာ ယမင်းနွယ် ပြောထားတာ၊ ထ,လိုက်လာလို့ ကျွန်တော်တို့က အားနာနေတာ'



ဒေါက်တာ ယမင်းနွယ်နှင့် တွယ်ခန့်ခိုင်တို့က အလိုက်သိစွာပင် လူအုပ်ကြီးကို ဦးဆောင်၍ ဆေးရုံ အဆောက်အအုံဘက်သို့ ခေါ်သွားကြသည်။

ဒေါက်တာ လတ်ငြိမ်းကတော့ ဒေါက်တာ သွယ်စုလှိုင်၏ ပခုံးလေးကို ဖက်၍ ဖေးမရင်း ဆေးရုံ ညာဘက် အစွန်း တောင်ကုန်းထိပ်နေရာလေးသို့ ခေါ်လာခဲ့သည်။ ချင်းတောင်၏ မြို့ငယ်ကလေးသည် တောင်ကုန်းအောက်တွင် လှပစွာ ရှိနေပြီး မျက်မိရှေ့ တည့်တည့်တွင်တော့ တိမ်ဖြူဖြူအမျှင်များ ပြေးလျှက်ရှိနေလေသည်။

ဒေါက်တာ သွယ်စုလှိုင်ကတော့ အားရအောင် ငိုနေဆဲ။

[ ၆ ]

'ခွဲပြီး ထွက်ထွက်သွားရာကနေ ပြန်မလာမှာကို အမြဲ ကြောက်ခဲ့ရတာပါ ကိုလတ်ရယ်၊ လှိုင့် ဘက်ကလည်း စဉ်းစားပေးပါဦး'

မျက်ရည်လည်ရွဲ မျက်နှာကလေးကို ပခုံးဘက်တွင် မှီလျှက်က လေသံကလေးနှင့် တောင်းပန်တော့ ရင်ထဲတွင် နင့်ခနဲ ခံစားရသည်။

'စိတ်ချပါ လှိုင်၊ ဒီတစ်ခါ ဘယ်တော့မှ ထွက်မသွားတော့ဘူး၊ သွားခဲ့ရင်လည်း လှိုင့်ကိုပါ အမြဲ ခေါ်သွားတော့မှာ၊ လိုက်မယ် မဟုတ်လား'

မျက်ရည်များ ကြားမှပင် ပြုံး၍ ခေါင်းညိတ်ပြသည်။ လက်တစ်ဖက်က ဒေါက်တာ လတ်ငြိမ်း၏ လက်တစ်ဖက်ကို ဆုပ်ကိုင်၍ ဖွဖွကလေး ညှစ်ကိုင်သည်။

ရင်ထဲတွင် ကြည်နူး ချမ်းမြေ့ခြင်း အတိနှင့် ကောင်းကင်ကို မော့ကြည့်မိသည်။

အလို . . .

ကြိုးကြာတွေ ဟိုးအဝေးမှာ အုပ်စုလိုက်ကြီး ပျံနေကြပါလား၊ မိုင်ထောင်ချီတဲ့ ခရီးရှည်ကြီးကို ပျံသန်းလာကြတဲ့ အားမာန်အပြည့်နဲ့ ငှက်တွေပေါ့။

www.burmeseclassic.com

www.burmeseclassic.com



မိမိ လက်ကို ဆုပ်ကိုင်ထားသော လှိုင့်လက်ကလေးကို ပြန်ငုံ့ကြည့်မိသည်။ နူးညံ့ နွေးထွေးသော လက်ကလေးမှ အားသစ်အင်သစ်များ၊ မိမိ ခန္ဓာကိုယ်ထဲသို့ စီးမျော ဝင်ရောက်လာကြသလို ခံစားနေရသည်။ 'ဖိုဝင်ငှက်' (Phoenix) လို တစ်ဖန် ပြန်လည် ရှင်သန်ရဦးမှာတဲ့လား။ သည်လိုမျိုးသာ ဖြစ်လျှင်တော့ မိုင်ထောင်ချီသော ခရီးမက၊ သောင်း၊ သိန်း အထိပင် ဖောင်အားဖာပြည့်မြင့် ပျံသန်းနိုင်မည်ဟု ထင်သည်။

အာရုံထဲတွင် 'ကြိုးကြာတောင်ပံခတ်သံ' ကိုပင် သဲ့သဲ့ ကြားရသလိုလို။

လက်ျာရည်ကျော်
(၂၀ - ၇ - ၂၀၀၆)

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ကြိုးကြာငှက်များသာမှယ် နိုင်ငံထောင်ချီခရီး ပျံသန်းကြမည့်
စွန့်လွှတ် အနစ်နာခံ လူငယ်ဆရာဝန်တို့၏
လွမ်းမောဖွယ်ရာ မေတ္တာဖွဲ့ဇာတ်လမ်း

ကြိုးကြာတောင်ပံခတ်သံ

www.burmeseclassic.com